# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

■ ၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၀ ရက် | ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၁ ရက်၊ စနေနေ့၊ | အတွဲ [၅၄]၊ အမှတ် [၂၇၉]


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မွန်ဂိုလီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော်  ဇူလိုင်  ၁၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင်ကျရောက်သည့် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂျ် ဇတ်ခ်တီးလ်ယာဒ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ✻

# တက္ကသိုလ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေး ဝိုင်းဝန်းထိန်းသိမ်းရန်လို



**လားရှိုး  ဇူလိုင်  ၁၀**

လားရှိုးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် လားရှိုးတက္ကသိုလ် ကမ္ဘောဇခန်းမ၌ အဆိုပါတက္ကသိုလ်မှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်က တက္ကသိုလ်ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယသမ္မတက လားရှိုးတက္ကသိုလ်ဖွံ့ဖြိုးတိုးတက်မှုကို မျက်ဝါးထင်ထင်တွေ့မြင်နေရပြီ ဖြစ်ကြောင်း၊ စာသင်ဆောင်သစ်များနှင့် ဝန်ထမ်းအိမ်ရာသစ်များလည်း တိုးတက်ကာ သန့်ရှင်းသာယာလှပလျက်ရှိပါကြောင်း၊ တက္ကသိုလ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အဆောက်အအုံများ၊ ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဝန်ထမ်းများအခြေအနေကို ထည့်သွင်းစဉ်းစားပြီး ရေရှည်

*စာမျက်နှာ ၃ ကော်လံ ၁* ❐

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း လားရှိုးတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ယနေ့ မာတိကာ**


**မီးတောင်ဆက်လက်ပေါက်ကွဲနေ၍ ဘာလီလေဆိပ်ဆက်ပိတ်ထားရ** စာမျက်နှာ » ၄

**ရွှေတုံးအတုများ လိမ်လည်ရောင်းချနေသော နိုင်ငံခြားသားသုံးဦးကို ဖမ်းဆီးရမိ** စာမျက်နှာ » ၁၂


# နိုင်ငံတကာစျေးကွက်ဝင် သင်္ဘောကြီးများ တည်ဆောက်မည်



**ရန်ကုန်  ဇူလိုင်  ၁၀**

နိုင်ငံတကာစျေးကွက်ဝင်တန်ချိန် ၂၂၀၀၀ အရွယ်ရှိ သင်္ဘောကြီးများကို တည်ဆောက်နိုင်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာ့သင်္ဘောကျင်းမှ ဗီယက်နမ်သင်္ဘောကုမ္ပဏီနှင့် ဖက်စပ်ကုမ္ပဏီအဖြစ် ထူထောင်ကာ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ သိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻


## မြန်မာနိုင်ငံအတွက် သနပ်ခါးထက် ပိုပြီးကောင်းမွန်တဲ့ နေရောင်ကာ ပစ္စည်းမရှိ


ခနေဖြူနေရဲဝင်း

ကျွန်တော်က ခနေဖြူက 'မျိုးဇော်ဗိုလ် မင်္ဂလာဆိုင်း'အဖွဲ့နဲ့ နွေဘက်မှာ သီချင်းလိုက်ဆိုလေ့ရှိတဲ့ အဆိုတော်တစ်ယောက်ပါ။ ဆလိုက်မီးရောင်စုံတွေအောက်မှာ မိတ်ကပ်လိမ်းပြီး သီချင်းဆိုရတာလောက် စိတ်ပျက်စရာကောင်းတာ မရှိတော့ပါဘူး။ မိတ်ကပ်လိမ်းတာ တစ်ဘူးတောင်မကုန်သေးဘူး ကျွန်တော့်မျက်နှာမှာ အမည်းကွက်တွေ ဟိုတစ်စ ဒီတစ်စ ပေါ်လာပါရော။ ကျွန်တော်ဘာလုပ်လို့လုပ်ရမှန်း မသိတော့ဘူး။ မိတ်ကပ်တွေလည်း ဆက်မလိမ်းရဲတော့ဘူး။ မိတ်ကပ်မလိမ်းဘဲ မီးရောင်အောက်မှာ သီချင်းဆိုဖို့ကလည်း မျက်နှာက ပြောင်ချော်ချော်ကြီးဖြစ်နေပြန်ရော။ နောက်ဆုံးတော့ ဒီဒုက္ခတွေက ကင်းဝေးလို့ ကျွန်တော့်မျက်နှာဟာ အမည်းကွက်တွေပျောက်ကင်းပြီး အရမ်းကိုဖွေးလက်သွားပါတော့တယ်။ တကယ့်ကို အံ့သြစရာပါပဲ။ ရွှေပြည်နန်း (သဘာဝအသားဖြူသနပ်ခါး)ကြောင့်ပါပဲ။ ပြောမယုံ ကြုံဘူးမှသိ ဆိုသလို ပြောတာမယုံရင် အညွှန်းအတိုင်းသုံးစွဲကြည့်လိုက်ပါ။ ကျွန်တော်ကတော့ လက်တွေ့သုံးစွဲကြည့်လို့ယုံလိုက်ပါပြီ။

ခနေဖြူနေရဲဝင်း၊ ဥယျာဉ်ချောင်းကျေးရွာ၊ ခနေဖြူမြို့နယ်၊ ရေဝတီတိုင်း။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။မျိုးဇော်ဗိုလ် (မျိုးဇော်ဗိုလ်မင်္ဂလာဆိုင်းအဖွဲ့) နာရီစင်လမ်း၊ ခနေဖြူမြို့။

(ရွှေပြည်နန်း သနပ်ခါးသုံးစွဲရခြင်းကြောင့် ရရှိသောအကျိုးကျေးဇူးများနှင့် ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ရသော ဖြစ်ရပ်များကို အခြေခံပြီး (စာမျက်နှာ အကန့်သတ်ချက်မရှိ) နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ဖြင့် အမှတ်-၂၈ (H)၊ အင်းယားမြိုင်လမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီးရေးသား ပေးပို့နိုင်ပါကြောင်း လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်)

# အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

**မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။**
**ဘာမှားနေလဲ၊ ပြင်ဆင်ပါ။ သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။**

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### တရားမျှတသောရွေးကောက်ပွဲဖြစ်ရေးကြိုးပမ်းမည်

၂၀၁၅ ခုနှစ်သည်ကား မြန်မာပြည်သူတစ်ရပ်လုံးအတွက် ထူးခြားပြီး နိုင်ငံရေးအနှစ်သာရကို ဖော်ဆောင်နိုင်မည့် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပမည့်နှစ်ဖြစ်ပါသည်။ တစ်နည်းဆိုလျှင် ပွင့်လင်းမြင်သာမှုရှိပြီး တရားမျှတသော ရွေးကောက်ပွဲကြီး ကျင်းပပေးနိုင်မည့်နှစ်ဖြစ်ပါသည်။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများနှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန် ယခုကတည်းက စီစဉ်ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဇွန်လအတွက် ရေဒီယိုမိန့်ခွန်းတွင် "ကျွန်တော်တို့ အစိုးရအနေနဲ့လည်း နှစ်ပေါင်းများစွာအတွင်း ပထမဆုံးသော အရပ်သားအစိုးရတာဝန်ကို ယူရတဲ့အချိန်မှာ ကျင်းပမယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲအဖြစ် ကျင်းပနိုင်စေဖို့ အကောင်းဆုံးကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တဲ့အကြောင်း ကတိပြုအပ်ပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

ရွေးကောက်ပွဲကာလ မဲဆန္ဒရှင်ပြည်သူများ အဆင်ပြေချောမွေ့စွာမဲပေးနိုင်ရေး ရွေးကောက်ပွဲကော်မရှင်က မြို့နယ်ရပ်ကွက်များအလိုက် အခြေခံမဲစာရင်းများကို ကြိုတင်၍ကြေညာပေးထားပြီဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အခြေခံမဲစာရင်းတွင် မိမိတို့အမည်ပါ၊ မပါ ကြိုတင်ကြည့်ရှုနိုင်သည့်အပြင် မှားယွင်းမှုများရှိပါကလည်း အချိန်မီပြင်ဆင်နိုင်မည်ဖြစ်ပါသည်။ ဤသည်ကပင်လျှင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေသည်ကို အထင်အရှားတွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၃၇၇ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် (၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်) တနင်္ဂနွေနေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကျင်းပရန် သတ်မှတ်ထုတ်ပြန်လိုက်ပြီဖြစ်ပါသည်။ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပမည့် မဲဆန္ဒနယ်မြေများကိုလည်း သတ်မှတ်ထုတ်ပြန်ထားပြီဖြစ်ပါသည်။ ဤထုတ်ပြန်ကြေညာချက်အရ ယခုနှစ်အတွင်းကျင်းပမည့် မဲဆန္ဒနယ်မြေများမှာ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ၃၃၀၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ် ၁၆၈ နယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်မဲဆန္ဒနယ် ၆၄၄ နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်ဖြစ်ကြောင်း သိရပါသည်။

ထို့အပြင် လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကို ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၈ ရက်အတွင်း တင်သွင်းနိုင်ရန်သက်ဆိုင်ရာက ကြေညာထားပြီ ဖြစ်ပါသည်။ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အတည်ပြုပြီးပါက ရွေးကောက်ပွဲဆိုင်ရာ စည်းရုံးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခွင့်များကို မကြာမီဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ သို့ပါသောကြောင့် လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကြီးဖြစ်စေရန် စနစ်တကျဆောင်ရွက်နေပြီဖြစ်ပါသည်။ မိမိတို့ အနာဂတ်နိုင်ငံတော်အတွက် ခေါင်းဆောင်ကောင်းများ ရွေးချယ်တင်မြှောက်ပေးရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်ပါသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအပေါင်းက တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကြိုးပမ်းရာတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။ ။

## ငမိုးရိပ်ချောင်းအားဖြတ်၍ရွှေပေါက်ကံ(လေးလမ်းသွား) တံတားတည်ဆောက်နေ

**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်သည် ဇူလိုင် ၇ ရက်နံနက်က ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကံမြို့ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားအထူးအဖွဲ့(၁၁) မှ တာဝန်ယူတည်ဆောက်နေသည့် ရွှေပေါက်ကံတံတား (လေးလမ်းသွား) တံတားတည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးသည်။

ဒုတိယဝန်ကြီးသည် ရွှေပေါက်ကံတံတား (လေးလမ်းသွား)ရွှေပေါက်ကံဘက်ခြမ်း ချဉ်းကပ်တံတားသံကူကွန်ကရစ် ကြမ်းခင်းနှင့် လက်ရန်းများ တည်ဆောက်ထားရှိမှုအခြေအနေများ၊ ဒဂုံဘက်ကမ်းတွင် ရေလယ်တိုင်အမှတ် P6 အား Bored Pile တူးနိုင်ရန်အတွက် Temporary Island တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ချဉ်းကပ်တံတား၏ P3~P4 ,P8~P9 သံကူကွန်ကရစ် အခန်းရက်မများတည်ဆောက်နေမှုတို့ကို လည်းကောင်း၊ Cross Beam များ တည်ဆောက်နေမှုတို့ကိုလည်းကောင်း၊ ချဉ်းကပ်လမ်းများ ဆောင်ရွက်ထားရှိမှုနှင့် မြေသားတာပေါင် ရေတိုက်စားခြင်းမှကာကွယ်ရန် ထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကို တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုရန် လိုအပ်သည်များ မှာကြားသည်။

ရွှေပေါက်ကံတံတားသည် ငမိုးရိပ်ချောင်းအားဖြတ်၍ ဒဂုံ(အရှေ့ပိုင်း) မြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်ပေးမည့်အရှည်ပေ ၂၄၂ မီတာ၊ အုတ်မြစ် ၁ ဒသမ ၂မီတာ၊ အချင်းဘိုးပိုင် အောက်ထည်မှာ သံကူကွန်ကရစ်၊ အပေါ်ထည် (Steel Box Girder) သံကူကွန်ကရစ်ကြမ်းခင်းနှင့် လက်ရန်းအမျိုးအစားဖြစ်ပြီး ယာဉ်သွားလမ်းအကျယ်မှာ ၁၄ ဒသမ ၆ မီတာ လေးလမ်းသွားတံတားအမျိုးအစားနှင့် တံတားခံနိုင်ဝန် HS-25-44 (Design Loading) ရှိသည့် ဤရွှေပေါက်ကံ တံတား(လေးလမ်းသွား) ကြီးကို ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၆၅၅ သန်းအကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**(သတင်းစဉ်)**

## အရပ်ဘက်အဖွဲ့အစည်းများအား ရွေးကောက်ပွဲဆိုင်ရာများ အသိပေးရှင်းလင်း

**ကလေး ဇူလိုင် ၁၀**

နှစ်ကုန်ပိုင်းတွင် ကျင်းပမည့် အထွေထွေ ရွေးကောက်ပွဲကြီးကို စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်အတွင်း တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့် ရွေးကောက်ပွဲအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အရပ်ဘက်အဖွဲ့အစည်းများကို ရွေးကောက်ပွဲဆိုင်ရာများ အသိပေးရှင်းလင်းခြင်း အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၁၁ နာရီက ကလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ တည်ငြိမ်အေးချမ်းစွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ သိရှိလိုသည့် မေးမြန်းချက်များကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါ အသိပေးရှင်းလင်းပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမှတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

## သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**ဟုမ္မလင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပ၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက ဟုမ္မလင်းမြို့ လေယာဉ်ကွင်းရှေ့ရှိ ချင်းတွင်းရိပ်သာဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေနှင့် တာဝန်ရှိသူများက ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးအပင် ၅၀၊ မဟော်ဂနီအပင် ၅၀၊ မဲဇလီပင် ၅၀ စုစုပေါင်း အပင်၂၅၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁၀-၇-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၇၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၉၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၂၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၃၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၂၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၅.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၃၂ |
| ထိုင်း | တစ်ဘတ် | ၃၃.၀၉၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၆၉၉ |
| တရုတ် | တစ်ယွမ် | ၁၈၁.၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၀၉ |

ခင်ရတနာ-စုစည်းသည်။

❒ ရှေ့ဖုံးမှ

စီမံချက်တစ်ခုကို ပတ်ဝန်းကျင် ထိခိုက်မှုမရှိအောင် ပညာရှင်များနှင့် ညှိနှိုင်း ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

တက္ကသိုလ်တစ်ခု၏ အင်္ဂါရပ်တွင် စာသင်ဆောင်များ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအပြင် ကျောင်းသား ကျောင်းသူများနေထိုင်မည့် အဆောင်များနှင့် ပျော်ရွှင်ဖွယ်ပတ်ဝန်းကျင်ကောင်းများသည် မရှိမဖြစ်လိုအပ်ပါကြောင်း။

ထို့ပြင် အရေးကြီးဆုံးအင်္ဂါရပ်တစ်ခုသည် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ အရည်အသွေးပိုင်း ဖြစ်ပါကြောင်း၊ အရည်အသွေးပြည့်ဝအောင် ကြိုးစားပြီး အာဆီယံဒေသမှ တစ်ဆင့် နိုင်ငံတကာ အဆင့်အထိ ချိတ်ဆက်သင်ကြားလေ့လာနိုင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတသည် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး အဆိုပါတက္ကသိုလ်၌ ကျင်းပသည့် ယူပုံသုံးထပ်စာသင်ဆောင် (လားရှိုး ဆောင်-၂) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် လားရှိုးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမောင်မောင်တို့က ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတက ကျောင်းဆောင်သစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ရှမ်း၊ ပလောင်၊ မြောင်ဇီး၊ "ဝ"၊ ကချင်နှင့် ကိုးကန့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယနေ့ဖွင့်လှစ်သည့် လားရှိုးတက္ကသိုလ် ယူပုံသုံးထပ်စာသင်ဆောင်သည် စာသင်ခန်း ၃၀ ပါ သုံးထပ် ကျောင်းဆောင်သစ်ကြီးဖြစ်ပြီး ၎င်းကျောင်းဆောင်သစ်တွင် ဘွဲ့ကြိုတန်းများ၊ ဘွဲ့လွန်အရည်အချင်းစစ်သင်တန်းများနှင့် ဘွဲ့လွန်သင်တန်းများကို သင်ကြားလျက်ရှိပြီး ရုံးခန်း နှစ်ခန်း၊ အစည်းအဝေးခန်းမ၊ နိုင်ငံတကာ ဆက်ဆံရေးဌာန၊ ပထဝီဌာန၊ မြန်မာစာဌာန၊ သင်ကြားရေးဌာနနှစ်ခုနှင့် အားကစားခန်းမတို့ ပါဝင်သည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**



✻ ရှေ့ဖုံးမှ

အလားတူ ဇူလိုင် ၁၁ ရက်တွင်ကျရောက်သည့် မွန်ဂိုလီးယား နိုင်ငံ၏ အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ မွန်ဂိုလီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာချင်မီစိုက်ခန်ဘီးလဒ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မွန်ဂိုလီးယားအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် ဇူလိုင် ၁၁**

၂၀၁၅ ခုနှစ် ဇူလိုင် ၁၁ ရက်တွင်ကျရောက်သည့် မွန်ဂိုလီးယားနိုင်ငံ၏ အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ မွန်ဂိုလီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လွန်ဒက်ပါရက် ဆူရမ် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# စာပေဗိမာန်ခန်းမအား စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အခမဲ့အသုံးပြုနိုင်ကြောင်း အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနရှိ စာပေဗိမာန်သည် ၁၉၄၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့သော **မြန်မာနိုင်ငံဘာသာပြန် အသင်းမှ** စတင်ပေါက်ဖွားလာခဲ့စဉ်မှစ၍ယနေ့အချိန်အထိ စာပေဆုများ ချီးမြှင့်ခြင်း အပါအဝင် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စာပေဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါမြန်မာစာပေလောကပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ ရသစာပေများ ပိုမိုထွန်းကားပြန့်ပွားရေး၊ စာကြည့်တိုက်များ တိုးတက်ဖြစ်ထွန်းရေး၊ သတင်းနှင့် စာနယ်ဇင်း အတတ်ပညာခေတ်မီတိုးတက်ရေးတို့ကိုဆောင်ရွက်ရာတွင် ကဏ္ဍတစ်ခုအဖြစ်လိုအပ်မည့် **စာပေအနုပညာနှင့်စာကြည့်တိုက်ဆိုင်ရာစာတမ်းဖတ်ပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ စာပေစကားဝိုင်းများ၊ စာပေဆိုင်ရာ နှီးနှောဖလှယ်ပွဲများ၊ စာပေဆိုင်ရာပြပွဲများ** ပြုလုပ်နိုင်ရေးအတွက် ရန်ကုန်မြို့ ကုန်သည်လမ်းရှိစာပေဗိမာန်ခန်းမအား အခမဲ့အသုံးပြုခွင့်ပေးသွားမည်ဖြစ်ပါသည်။

ထိုသို့အခမဲ့အသုံးပြုခွင့်တွင် ခန်းမ၊ ထိုင်ခုံအပါအဝင်နေရာချထားမှုနှင့်အသံစနစ်တို့ပါဝင်မည်ဖြစ်ပြီး စိတ်ပါဝင်စားသည့် စာနယ်ဇင်းအဖွဲ့အစည်းများနှင့် စာကြည့်တိုက်အသင်းအဖွဲ့များသည် **ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဖုန်း -၀၆၇-၄၁၂၂၀၆** သို့လိပ်မူ၍ တောင်းခံသည့်အဖွဲ့အစည်း၊ ဆောင်ရွက်မည့် စာပေဆိုင်ရာ အကြောင်းအရာ၊ တက်ရောက်မည့်အင်အား၊ သုံးစွဲလိုသည့်ရက် (ကာလအပိုင်းအခြားအပါအဝင်) ဦးစီးဆောင်ရွက်မည့်ပုဂ္ဂိုလ်၊ ဆက်သွယ်ရန် ဖုန်း၊ အီးမေးလ်နှင့်လိပ်စာ၊ အခြားဖော်ပြလိုသည်များ စသည်ဖြင့်ထည့်သွင်း၍ တောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

● ကျောဖုံးမှ

မာဂူရူဇာအနေဖြင့်၂၀၁၄ခုနှစ်နှင့်၂၀၁၅ခုနှစ် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် လေးကြိမ်၊ ၂၀၁၂ခုနှစ်နှင့် ၂၀၁၄ ယူအက်စ်အိုးပင်းတင်းနစ် ပြိုင်ပွဲတွင်လည်း တစ်ကြိမ်စီဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသည်။ ၎င်း၏ ပြိုင်ဘက်ဖြစ်သူ အယ်နီဇကာ ရက်ဒ်ဝမ်စကာက " မာဂူရူဇာသည် စနေနေ့ပြိုင်ပွဲတွင် သူ့အနေဖြင့် ဆီရီနာဝီလျံအား အကောင်းဆုံး ယှဉ်ပြိုင်နိုင်လိမ့်မည်ဟု ထင်ကြောင်း၊ သို့သော် အပြင်းအထန် ကြိုးစားရလိမ့်မည်ဖြစ်ကြောင်း၊ ထိုပွဲအနိုင်ရရှိပါက သူ့အတွက် အကြီးကျယ်ဆုံး အောင်မြင်မှု တစ်ခုဖြစ်လိမ့်မည်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **ဇင်နွယ်**





# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်
# ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းအသစ်လျှောက်ထားခြင်းများနှင့် သက်တမ်းတိုးခြင်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ်(၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း အသိအမှတ်ပြုလက်မှတ်အသစ် လျှောက်ထားခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင် သက်သေခံလက်မှတ် ရရှိထားသူများ၏ သက်တမ်းတိုးလျှောက်ထားခြင်း၊ လုပ်ငန်းအမည်ပြောင်းခြင်းနှင့် ပုံနှိပ်သူ/ထုတ်ဝေသူအမည်ပြောင်း လျှောက်ထားခြင်းတို့ကို စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများဖြင့် စိစစ်၍ ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၁၀-၇-၂၀၁၅ ရက်က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ပုံနှိပ်သက်တမ်းတိုး ၅၅ ဦး၊ ထုတ်ဝေသူသက်တမ်းတိုး ၁၈ ဦး၊ ပုံနှိပ်လုပ်ငန်းအသစ်လျှောက် ၁၁ ဦး၊ ထုတ်ဝေခွင့်အတွက် အသစ်လျှောက်ထားသူ ဂျာနယ်ထုတ်ဝေခွင့် တစ်ဦး၊ မဂ္ဂဇင်းထုတ်ဝေခွင့် ခုနစ်ဦး၊ အထွေထွေထုတ်ဝေခွင့် ကိုးဦးနှင့် ပေါင်းလုပ်ငန်းအသစ် ၁၇ ဦး တို့အားလည်းကောင်း၊ ပုံနှိပ်သူအမည်ပြောင်း နှစ်ဦး၊ ထုတ်ဝေသူအမည်ပြောင်း ခြောက်ဦး၊ ဂျာနယ်လိုဂိုပြောင်း တစ်ဦးတို့အားလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၅ ရက်မှ စ၍ ယနေ့အထိ ပုံနှိပ်လုပ်ငန်းအတွက် သက်တမ်းတိုး ၁၀၃၁ ဦးနှင့် အသစ်လျှောက်ထားသူ ၁၉၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် သက်တမ်းတိုး ၉၈၄ ဦးနှင့် အသစ်လျှောက်ထားသူ ၄၅၉ ဦး၊ သတင်း အေဂျင်စီလုပ်ငန်း အသစ်လျှောက်ထားသူ ၁၄ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ် ၂၆၈၇ စောင်အား စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်ပါသည်။

ဂျာနယ်ထုတ်ဝေခွင့် အသစ်လျှောက်ထားသူတစ်ဦးနှင့် ပုံနှိပ်သက်တမ်းတိုး လျှောက်ထားသူတစ်ဦးတို့ကို အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မီးတောင်ဆက်လက်ပေါက်ကွဲနေ၍ ဘာလီလေဆိပ်ဆက်ပိတ်ထားရ

**ဂျကာတာ ဇူလိုင် ၁၀**


အင်ဒိုနီးရှားသည် နိုင်ငံအလယ်ပိုင်းရှိ လေဆိပ်နှစ်ခုကိုပြန်လည်ဖွင့်လှစ်လိုက်သော်လည်း ဂျာဗားအရှေ့ပိုင်းတွင် ရောင်အမည်ရှိ မီးတောင်ဆက်လက်ပေါက်ကွဲနေသည့်အတွက် ဘာလီအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အခြားလေဆိပ်နှစ်ခုတို့ကို ဆက်လက်ပိတ်ထားဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ၏ အချက်အချာဖြစ်သော ဘာလီကျွန်းရှိ ငူရာရိုင်လေဆိပ်မှ ၁၅၀ ကီလိုမီတာအကွာခန့်တွင်တည်ရှိသော အဆိုပါမီးတောင်သည် မီးတောင်ရှင်တစ်ခုဖြစ်ပြီး ချော်ရည်များနှင့် ပြာများကို ရက်ပေါင်းများစွာကြာမြင့်အောင် မှုတ်ထုတ်နေခဲ့သည်။

ဘာလီအပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဂျာဗားအရှေ့ပိုင်းရှိ အခြားလေဆိပ်နှစ်ခုတို့ကို ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆုံးဖြတ်ချက်ချရန်အတွက် လေထု၏အခြေအနေကို စောင့်ကြည့်နေကြောင်း သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ ဂျေအေဘာရာတာက ပြောကြားသည်။

ယမန်နေ့ညက လေဆိပ်ငါးခုကို ယာယီပိတ်ထားရန် မိမိတို့ဆုံးဖြတ်ခဲ့ကြောင်း၊ ယနေ့နံနက် ၁၁ နာရီခန့်တွင်မူ လွန်ဘော့ကျွန်းရှိ လေဆိပ်နှစ်ခုကို ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားသည်။

အဆိုပါကျွန်းရှိ လေဆိပ်နှစ်ခုအနက် တစ်ခုမှာ အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်အတန်းရှိကြောင်း ၎င်းကပြောကြားသည်။ ဘာလီအခြေစိုက်ရုပ်သံသတင်းဌာနတစ်ခုအဆိုအရ နိုင်ငံခြားသား အနားယူအပန်းဖြေသူများထောင်နှင့်ချီ၍ လေဆိပ်များတွင် သောင်တင်နေကြောင်း သတင်း၌ ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**




# အိန္ဒိယနှင့်ပါကစ္စတန် လုံခြုံရေးဆိုင်ရာ အစည်းအဝေးကျင်းပရန်သဘောတူ

**နယူးဒေလီ ဇူလိုင် ၁၀**

အိန္ဒိယနှင့် ပါကစ္စတန်တို့သည် နယူးဒေလီ၌ အကြမ်းဖက်နှိမ်နင်းရေးဆွေးနွေးရန် အမျိုးသားလုံခြုံရေးအတွက် တွေ့ဆုံပွဲတစ်ခုပြုလုပ်ရန် သဘောတူထားကြောင်း အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်က သောကြာနေ့က ရုရှားတွင်ပြုလုပ်သော ဒေသတွင်း လုံခြုံရေးအစည်းအဝေး၌ ပြောသည်။

အစည်းအဝေး၌ ဝန်ကြီးချုပ်နှစ်ဦး၏ နှစ်ဖက်အမြင်များကို ဆွေးနွေးပြီးနောက် ယင်းကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ နျူလက်နက်ပိုင်ရှင် အိမ်နီးချင်း နှစ်နိုင်ငံခေါင်းဆောင်များသည် ၂၀၀၈ ခုနှစ်က မွမ်ဘိုင်း၌တိုက်ခိုက်ခဲ့သော ပါကစ္စတန်သေနတ်သမားကြောင့်ဖြစ်ပွားသည့် နှစ်နိုင်ငံပဋိပက္ခကို အမြန်ဆုံးဖြေရှင်းသွားရန် ကတိထားရှိကြသည်။

၂၀၁၆ ခုနှစ်တွင် ပါကစ္စတန်၌ ကျင်းပမည့် တောင်အာရှခေါင်းဆောင်များ အစည်းအဝေးကို တက်ရောက်ရန် ဖိတ်ကြားချက်ကို မိုဒီကလက်ခံခဲ့ကြောင်း နိုင်ငံခြားရေးအတွင်းဝန် ဆူဘရာမန်ရန်းက ပြောသည်။ **(ရိုက်တာ)**



# အီဂျစ်မင်းသားကြီး အိုမာရှုရစ်ဖ် ကွယ်လွန်

**ကိုင်ရို ဇူလိုင် ၁၀**

"အာရေဗျ၏လောရင့်" နှင့် "ဒေါက်တာဇီဗားဂိုး" ရုပ်ရှင်ဇာတ်ကားတို့ဖြင့် ကမ္ဘာကျော်ခဲ့သည့် မင်းသားကြီး အိုမာရှုရစ်ဖ် ကွယ်လွန်သွားပြီဖြစ်ကြောင်း စီအင်န်အင်န် အပါအဝင် အမေရိကန်သတင်းဌာနများက ဖော်ပြသည်။

အီဂျစ်နိုင်ငံဖွား မင်းသားကြီး အိုမာရှုရစ်ဖ်သည် ယနေ့နေ့လယ်ပိုင်းက ကိုင်ရိုမြို့တွင် နှလုံးရောဂါဖောက်၍ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ကိုယ်စားလှယ်ဖြစ်သူ စတိဗ်ကီနစ်က ပြောကြားသည်။ အိုမာရှုရစ်ဖ်သည် ဆေးရုံတွင် တစ်လကြာတက်ရောက်နေခဲ့ရခြင်းဖြစ်ကြောင်း အီဂျစ်မီဒီယာများက ဖော်ပြသည်။

၁၉၉၉ ခုနှစ်က "၁၃ယောက်မြောက်စစ်သည်တော်" ဇာတ်ကားတွင် အိုမာရှုရစ်ဖ်နှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့သော မင်းသားအန်တိုနီယိုဘင်ဒါးရပ်စ်က ဝမ်းနည်းကြေကွဲကြောင်း ၎င်း၏လူမှုကွန်ရက်တွင် ဖော်ပြခဲ့သည်။ အိုမာရှုရစ်ဖ် ကွယ်လွန်ချိန်တွင် အသက် ၈၃ နှစ်ရှိပြီဖြစ်သည်။

**စီအင်န်အင်န်**

# နေတိုး ဒုံးလက်နက်တည်ဆောက်ထုတ်လုပ်ရေးအဖွဲ့ တွင် ပါဝင်ရန် ဂျပန်စိတ်ဝင်စားလျက်ရှိ



**တိုကျို ဇူလိုင် ၁၀**

ဂျပန်နိုင်ငံသည် နေတိုးဒုံးလက်နက်တည်ဆောက်ထုတ်လုပ်ရေးအဖွဲ့သို့ ပါဝင်ရန် စိတ်ပါဝင်စားလျက်ရှိရာ ယင်းပူးပေါင်းမှုသည် တိုကျိုကို နိုင်ငံပေါင်းစုံပါဝင်သော ကာကွယ်ရေးအစီအမံနှင့် ထိတွေ့မှုရှိစေမည်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ဂျပန်နိုင်ငံက ယခုကဲ့သို့ ကြိုတင်ပြင်ဆင်မှုပြုလုပ်ခြင်းဖြင့် အာရှမိတ်ဖက်နိုင်ငံများကို ဦးဆောင်မှုပြုလုပ်နိုင်ခြင်းကြောင့်ဖြစ်ကြောင်း သတင်းအရင်းအမြစ်များအရ သိရသည်။

နိုင်ငံ ၁၂ နိုင်ငံ ပါဝင်သော နေတိုးပူးပေါင်းအဖွဲ့သည် ဆီးစပဲရိုးဒုံးကျည်များထုတ်လုပ်မှု၊ ရေပြင်ပေါ်ရှုပ်ပုံသည့် သင်္ဘောဖျက်ဒုံးကျည်နှင့် လေကြောင်းတိုက်ခိုက်မှုများကို ဖျက်ဆီးနိုင်ရန် သင်္ဘောတင်လက်နက်များကို ပုံစံရေးဆွဲအကောင်အထည်ဖော်ရာတွင် ကုန်ကျစရိတ်များကို မျှဝေကျခံရေး ဆောင်ရွက်လျက်ရှိသည်။

မေလအတွင်းက ဂျပန်ရေတပ်အရာရှိများသည် သည်ဟိတ်မြို့၌ပြုလုပ်သည့် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ထို့ပြင် အဆိုပါခရီးစဉ်အတွင်း ဂျပန်ရေတပ်နှင့် အမေရိကန်တို့အကြား ပို၍ရင်းနှီးမှုရရှိခဲ့ကြောင်း ရိုက်တာသို့ ပြောသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့အစည်းကို ၁၉၆၈ ခုနှစ်တွင် အမေရိကန်အပါအဝင် လေးနိုင်ငံဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ လာမည့်နှစ်များအတွင်း ဆီးစပဲရိုး၏ အသွင်သဏ္ဌာန်ကို အဆင့်မြှင့်တင်နိုင်ရန် ရည်ရွယ်ထားသည်။

တရုတ်နိုင်ငံ၏ ကာကွယ်ရေးသည် တိုးတက်ခေတ်မီပြီး ဒေသတွင်းနိုင်ငံများအနေဖြင့် သတိထားရမည့် အနေအထားမျိုးတွင် ရောက်ရှိနေသည့်အချိန်၌ ဂျပန်နိုင်ငံ၏ အခန်းကဏ္ဍသည် အာရှရှိမိတ်ဖက်နိုင်ငံများနှင့် စစ်ရေးအရပူးပေါင်းဆောင်ရွက်ရာတွင် ဦးဆောင်မှုပြုနိုင်မည်ဟု အမေရိကန်က ယူဆသည်။

အမေရိကန်နှင့် ဒေသတွင်း မဟာမိတ်နိုင်ငံများပါဝင်သော သာမန်မဟာမိတ်အဖွဲ့ထက် အဆိုပါမိတ်ဖက်နိုင်ငံများအနေဖြင့် လုံခြုံရေးဆောင်ရွက်ရာတွင် အချိတ်အဆက်မိမိဆောင်ရွက်နိုင်မည်ဖြစ်သည်။ **(ရိုက်တာ)**

# အာဖဂန်အစိုးရ တာလီဘန်နှင့်ဆွေးနွေး

**ကဘူးလ် ဇူလိုင် ၁၀**

အာဖဂန်အစိုးရနှင့် တာလီဘန်ကိုယ်စားလှယ်များသည် စစ်ကြောင့်ယိုယွင်းပျက်စီးနေသော နိုင်ငံကိုငြိမ်းချမ်းရေးရရှိပြီး ပုံမှန်အနေအထားရောက်အောင် ကြိုးပမ်းမှုတစ်ရပ်အဖြစ် ပါကစ္စတန်နိုင်ငံ၌ ပထမဆုံးအကြိမ် ထိပ်တိုက်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

"ဒီကနဦးဆွေးနွေးပွဲအရ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွန်းအားပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ တာလီဘန်နဲ့အာဖဂန်အစိုးရအကြား တွေ့ဆုံဆွေးနွေးပွဲဟာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်"ဟု နိုင်ငံရေးလေ့လာသုံးသပ်သူ ဂါဖူးက ပြောသည်။

အဆိုပါငြိမ်းချမ်းရေးဆွေးနွေးပွဲသည် ၂၀၀၁ ခုနှစ် တာလီဘန်အစိုးရကို ဖြုတ်ချပြီးကတည်းက နှစ်ကာလကြာမြင့်စွာ စောင့်ဆိုင်းခဲ့ရသော ဆွေးနွေးပွဲဖြစ်ပြီး အင်္ဂါနေ့က ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အနီး မာရီးမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြရာ နှစ်ဖက်စလုံးက ရာမာဒန်ဥပုသ်လအပြီး ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးရန် သဘောတူခဲ့ကြသည်။ အာဖဂန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဟာမက်ခါလီဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ဝင်လေးဦးနှင့် တာလီဘန်ကိုယ်စားလှယ်များအကြား ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြသည်ဟု ဆိုသည်။ **(ဆင်ဟွာ)**

# ဘင်္ဂလားဒေ့ရှ်၌ လူများစုပြုံတိုးဝှေ့မှုကြောင့် ၂၃ ဦးသေဆုံး

**ဒါကာ ဇူလိုင် ၁၀**

ဘင်္ဂလားဒေ့ရှ်မြောက်ပိုင်း မြို့တော်မိုင်မန်ဆင်း၌ အဝတ်အထည်များ ပေးကမ်းဝေငှမှုပြုလုပ်စဉ် လူအများစုပြုံတိုးဝှေ့မှုကြောင့် အမျိုးသမီးများနှင့်ကလေးငယ်များအပါအဝင် ၂၃ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ဥပုသ်ကာလ အခါသမယအတွင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက ဝေငှသော အဝတ်အထည်နှင့် လက်ဆောင်ပစ္စည်းများကိုရယူရန်အတွက် ၎င်း၏အိမ်ရှေ့တွင် လူထောင်ပေါင်းများစွာ စုဝေးရောက်ရှိကြခြင်းကြောင့် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ ၂၃ ဦးကို ဆွဲထုတ်ခဲ့ရပြီး အခြားဒဏ်ရာရသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရကြောင်း ကော့တ်ဝါလီရဲစခန်းရှိ စခန်းမှူးက ပြောသည်။

သေဆုံးသူအများစုမှာ အမျိုးသမီးများနှင့်ကလေးငယ်များဖြစ်ကြောင်း မီဒီယာများတွင် ဖော်ပြထားသည်။ ထိခိုက်ဒဏ်ရာရသူများပြားသောကြောင့် သေဆုံးမှုနှုန်းမြင့်တက်လာနိုင်ကြောင်း ဆရာဝန်များက ပြောသည်။ ယင်းဖြစ်ရပ်အပေါ် စီးပွားရေးလုပ်ငန်းရှင်ကို ထိန်းသိမ်းထားပြီး သုံးရက်အတွင်း ဖြစ်စဉ်ကိုတင်ပြရန် စုံစမ်းရေးအဖွဲ့ဝင် သုံးဦးကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။ **(ပီတီအိုင်)**



# တောင်ငူတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲနှင့် ပညာရေးအထောက်အကူပြုနည်းပညာပြပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၀**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနတောင်ငူ တက္ကသိုလ်၏ ဘွဲ့နှင်းသဘင်ခန်းမဖွင့်ပွဲအခမ်းအနားနှင့် ပညာရေးအထောက်အကူပြု နည်းပညာပြပွဲကို ဇူလိုင် ၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ အထူးဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တောင်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ပါမောက္ခချုပ်တို့က ဘွဲ့နှင်းသဘင်ခန်းမသစ်ကြီးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က လူသား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မြေတောင်မြှောက်လေ့ကျင့် ဖန်တီးမွေးထုတ်ပေးရမည့်နေရာမှာ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း တက္ကသိုလ်များ



အဆင့်အတန်းမြင့်မားပြီး ပိုမိုခမ်းနားထည်ဝါလာစေရေးအတွက် ဖန်တီးတည်ဆောက်ပေးလျက်ရှိနေကြောင်း၊ ပညာရေးသင်ထောက်ကူပစ္စည်းများ ဖြည့်တင်းဝယ်ယူ တပ်ဆင်ပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့်လည်း မိမိတက္ကသိုလ်၊ မိမိမြို့၊ မိမိတိုင်းဒေသကြီးမှ နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူတစ်ဦးက ဘွဲ့နှင်းသဘင်နှင့် တည်ဆောက်ပြီးစီးခဲ့သော လုပ်ငန်းများ၏ တည်ဆောက်ပြီးစီးမှုဆိုင်ရာ စာရွက်စာတမ်းများကို ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်ရာ ပါမောက္ခချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် အငြိမ်းစားပါမောက္ခချုပ်ဆရာကြီးများ၊ ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများသည် နှစ်ထပ်စာကြည့်တိုက်၊ ဆရာမများ အဆောင်သုံးဆောင်လေးခန်းတွဲနှစ်ထပ်ဝန်ထမ်းအိမ်ရာတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးကြသည်။

ယင်းနောက် စာရေးဆရာ အငြိမ်းစားပါမောက္ခချုပ် ဆရာကြီး ဒေါက်တာ မောင်သင်းက ပညာတွေ ဆည်းပူးတိုင်း ရခဲ့ကြပါရဲ့လား ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဆရာကြီးချစ်နိုင် (စိတ်ပညာ) က တန်ဖိုးရှိသော ဘဝ ခေါင်းစဉ်ဖြင့်လည်းကောင်းဟောပြောခဲ့ကြကြောင်း သိရသည်။ **ကျော်ဇေယျ**

# မဟာချိုင်အခြေစိုက် မြန်မာလူကုန်ကူးဂိုဏ်းကြီးများအား ထိုင်းနိုင်ငံဘုရင့်ကွန်မန်ဒို အထူးရဲတပ်ဖွဲ့နှင့် မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်တို့မှ ပူးပေါင်းဖမ်းဆီး

**မဟာချိုင်မြို့ ကော့စမွတ်ရပ်ကွက်မှမြန်မာလူကုန်ကူး ဂိုဏ်းခေါင်းဆောင်နှင့် ပွဲစားလေးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး လူကုန်ကူး ခံခဲ့ရသည့် မြန်မာအလုပ်သမား ၆၄ ဦးတို့ကို ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့က ထိုင်းအစိုးရ ဌာနဆိုင်ရာတပ်ဖွဲ့ဝင်များနှင့် မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေး ကော်မတီအဖွဲ့ဝင်တို့ ပူးပေါင်းကယ်ထုတ်နိုင်ခဲ့ကြကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောချက်အရ သိရသည်။**

ဖြစ်စဉ်အရ မွန်တိုင်းရင်းသား ကိုဆန်းမိုးအောင်ဆိုသူသည် ဇူလိုင် ၁ ရက်က မြို့တော်ဗန်ကောက်ရှိ မြန်မာသံရုံးသို့ထွက်ပြေးလွတ်မြောက်လာခဲ့ပြီး အကူအညီတောင်းခံခဲ့ရာ မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီကလိုအပ်သည့် စာရွက်စာတမ်းများပြင်ဆင်ပေးပြီး MAT အဖွဲ့ရုံးသို့ စေလွှတ်ပေးလိုက်ကာ ဗန်ကောက်အခြေစိုက်ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT မှ မြန်မာသံရုံးအလုပ်သမား ကူညီစောင့်ရှောက်ရေးကော်မတီနှင့် ပူးပေါင်း၍ မဟာချိုင်ခရိုင်အတွင်းရှိ ထိုင်းတပ်မတော်သို့ သွားရောက်အကူညီ တောင်းခံခဲ့ကြပြီး လေးရက်ကြာခန့် စောင့်ဆိုင်းနေခဲ့သော်လည်း အကြောင်းမထူးသဖြင့် ထိုင်းနိုင်ငံ ဘုရင့်ကွန်မန်ဒို အထူးရဲတပ်ဖွဲ့နှင့် ဆက်သွယ်ရရှိခဲ့ပြီး စုံစမ်းမှုကို နှစ်ရက်ကြာ ထပ်မံပြုလုပ်ခဲ့ကြခြင်း ဖြစ်သည်။

မြန်မာလူကုန်ကူး ဂိုဏ်းခေါင်းဆောင်မှာ ဦးမောင်ထုံဆိုသူ ဖြစ်ပြီး မွန်ပြည်နယ်-ကျိုက်မရော မြို့နယ် ကော့ဝမ်ကျေးရွာမှဖြစ်ကြောင်း မြန်မာသံရုံးအလုပ်သမား ကူညီ စောင့်ရှောက်ရေးကော်မတီမှ သိရကာ နောက်ထပ်မြန်မာလူကုန်ကူးဂိုဏ်းကြီး နှစ်ဂိုဏ်းနှင့် ပြည့်တန်ဆာအဖြစ် ရောင်းစားခံနေရသည့်မြန်မာအမျိုးသမီး ၃၀ ခန့်ကို ကယ်တင်ရန်စရိတ်စက လိုအပ်နေသေးကြောင်း MAT အဖွဲ့က ပြောသည်။

မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်ဖြစ်သော MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ဇူလိုင် ၈ ရက်က ထိုင်းတပ်တွေ ဝင်ဖမ်းဆီးတုန်းကတော့ မြန်မာအလုပ်သမား ၅၇ ဦးရရှိပါတယ်။ မြန်မာပွဲစားတွေကတော့ ထွက်ပြေးကြတယ်။ ဇူလိုင် ၉ ရက်က ရဲတပ်ဖွဲ့ဝင်များအပါအဝင် ထိုင်းနိုင်ငံ ဘုရင့် ကွန်မန်ဒိုအဖွဲ့နှင့် ကျွန်တော်တို့ MAT အဖွဲ့ဝင်ရောက်ဖမ်းဆီးတဲ့အခါ ဂိုဏ်းခေါင်းဆောင်အပြင် မြန်မာပွဲစား လေးဦးနဲ့ နောက်ထပ် လူကုန်ကူးခံရသူ ခုနစ်ဦးကိုပါ ရရှိပါတယ်။ ဒီလူကုန်ကူး ဂိုဏ်းကို အချက်အလက် အထောက်အထား ရယူရတာ မလွယ်ဘူး။ ဒီဂိုဏ်းထဲ သူစိမ်းအဝင်မခံဘူး။ သူစိမ်းယာဉ်လည်း မောင်းမဝင်ရဘူး။ အဲ့ဒီနေ့က လမ်းထိပ်ကနေ မဟာချိုင်ရဲတပ်ဖွဲ့ဝင်တွေကို စောင့်ခိုင်းထားရတာပါ။

ဒီဂိုဏ်းက မြန်မာနယ်စပ်က နေ့တိုင်း လူသွင်းနေတဲ့ဂိုဏ်းကြီးတစ်ဂိုဏ်းပါ။ ခုနစ်နှစ်ကြာတဲ့အထိ သူတို့ဆီမှာ ပွဲစားခအကြွေးဆပ်နေရလို့ကျန်နေတဲ့ မြန်မာတွေတောင် ရှိပါသေးတယ်။ လူကုန်ကူးတဲ့ ထိုင်းနဲ့မြန်မာဂိုဏ်းတွေ ထိုင်းနိုင်ငံအတွင်းမှာ အများကြီး ကျန်ရှိနေပါသေးတယ်"ဟု ပြောသည်။

မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေး ကော်မတီဝင်ဖြစ်သော ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် အလွန်သေးငယ်သည့် အဖွဲ့အစည်းဖြစ်သော်လည်း ၂၀၁၅ ခုနှစ်အတွင်း လူကုန်ကူးမှုပေါင်း ၁၄ ကြိမ်တွင် လူကုန်ကူးခံရသူပေါင်း ၁၃၉ ဦးတို့အား ကယ်တင်နိုင်ခဲ့ပြီဖြစ်ပြီး လူကုန်ကူးသူ ပွဲစားပေါင်း ခြောက်ဦးကိုလည်းလက်ရ ဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ၂၀၁၅ ခုနှစ်အတွင်း ယခု အကြိမ်သည် မြန်မာအလုပ်သမား အမြောက်အမြားကို ကယ်တင်နိုင်ခဲ့သော အကြိမ်လည်းဖြစ်ပြီး ပြီးခဲ့သော မေ ၅ ရက်ကလည်း မဟာချိုင်မြို့ရှိ ပုစွန်အလုပ်ရုံတစ်ရုံမှ လူကုန်ကူးခံနေရသော မြန်မာအလုပ်သမားနှင့်အလုပ်သမား ၄၄ ဦးတို့ကို ကယ်တင်နိုင်ခဲ့ကြကြောင်း မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။ **စိုးဝင်း(SP)**

# ဘီးပေါက်သောယာဉ်အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**နေပြည်တော် ဇူလိုင် ၁၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင်အမှတ်(၉၆/၃-၄) ကြားတွင် ဇူလိုင် ၈ ရက် နံနက် ၈ နာရီခွဲတွင် ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ နေပြည်တော်သို့ ရဲဝင်းလတ် (၃၉)နှစ် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်နေသူ မောင်းနှင်လာသော 4C/--- တိုယိုတာကိုရိုလာဝက်ဂွန်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ကျော်တက်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိတိမ်းမှောက်ခဲ့ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်းနှင့် ယာဉ်မှာ ပျက်စီးမှုများ ရှိခဲ့ကြောင်း သိရသည်။ **ကိုရဲ**



## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း မိုးကြီးနိုင်

ယနေ့ ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်သို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ **(မိုး/ဇလ)**

✻ ရှေ့ဖုံးမှ

ယင်းကဲ့သို့ဆောင်ရွက်ရာတွင် မြန်မာ့သင်္ဘောကျင်းနှင့် ဗီယက်နမ်နိုင်ငံမှ အရှေ့တောင်အာရှသင်္ဘောတည်ဆောက်ရေးကုမ္ပဏီ ( DONG A SHIP BUILDING INDUSTRY JOINT STOCK COMPANY ) တို့ ပူးပေါင်းကာ လေးနှစ်စီမံကိန်းအနေဖြင့် မြန်မာ့သင်္ဘောကျင်းအား အဆင့်မြှင့်တင်သွားမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် ဇန်နဝါရီ ပထမပတ်က ရန်ကုန်မြို့ ပြည်လမ်းရှိ Novotal Hotel ၌ မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံဖက်စပ် ကုမ္ပဏီထူထောင်ရေးအတွက် Joint Venture Agreement လက်မှတ်ရေးထိုးပွဲအား ပြုလုပ်ခဲ့သည်။

အဆိုပါ စာချုပ်ပါ သတ်မှတ်ချက်များအတိုင်း မြန်မာ့သင်္ဘောကျင်းအား အဆင့်မြှင့်တင်ရေးအတွက် ပထမနှစ် လျာထားချက်အဖြစ် တန်ချိန် ၃၅၀၀ မှ စတင်ပြီး တန်ချိန် ၆၅၀၀နှင့် တန်ချိန် ၁၁၂၅၀၀ အဆင့်လိုက်ထိ ဈေးကွက်ရရှိမှုကို မူတည်ကာ တည်ဆောက်သွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာ့ သင်္ဘောကျင်းမှ လက်ထောက် အထွေထွေမန်နေဂျာ ဦးမြင့်ဇော်က " ကျွန်တော်တို့အနေနဲ့ အကျိုးတူ ဖက်စပ်လုပ်ငန်းကို ပြည်တွင်းမှာသာမက ပြည်ပဈေးကွက်ကိုပါ ထိုးဖောက်နိုင်ဖို့ ရည်ရွယ်ထားပါတယ်။ မြန်မာ့သင်္ဘောကျင်းဟာ ၁၉၉၇ ခုနှစ်က စတင်ပြီး ယနေ့အချိန်ထိနှစ်ပေါင်း ၄၅ နှစ်ကြာကာလမှာ ရေယာဉ်ပြင်ဆင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လက်ရှိလွှန်းအတင်၊ အချတန်ချိန် ၂၀၀၀ အထိပြုလုပ်နိုင်တဲ့ စက်ပစ္စည်းတွေ သင်္ဘောလွှန်းကျင်လွှန်းလမ်းများ၊ နည်းပညာများကို ဘလောက် system အနေဖြင့် အဆင့်မြှင့်တင်ပြီး အသုံးပြုသွားတော့မှာပါ" ဟု ဆိုသည်။

ထိုကဲ့သို့ အဆင့်မြှင့်တင်ပြီးစီးလျှင် မြန်မာ့သင်္ဘောကျင်းအနေဖြင့် တန်ချိန် ၂၂၀၀၀ အရွယ်ရှိ သင်္ဘောကြီးများ၊ တည်ဆောက်ခြင်း၊ တန်ချိန် ၃၀၀၀ ရှိရေယာဉ်များ ပြင်ဆင်ခြင်းနှင့်သင်္ဘောကျင်းလုပ်ငန်းနှင့်ဆက်စပ်လျက်ရှိသော အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှာ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း တစ်ခုအဖြစ် ရပ်တည်လျက်ရှိနေကြောင်း သိရပြီး နိုင်ငံတကာဈေးကွက်ဝင် ရေယာဉ်ကြီးများ တည်ဆောက်ခြင်း၊ ပြင်ဆင်ခြင်းတို့အား ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုငွေကြေးအရင်းအနှီးများ၊ ခေတ်မီနည်းပညာများ ဆောင်ရွက်နိုင်ရန် တင်ဒါဖိတ်ခေါ်ခဲ့ရာ ဗီယက်နမ်နိုင်ငံ DONG A SHIP BUILDING INDUSTRY JOINT STOCK COMPANY မှ တင်ဒါအောင်မြင်ခဲ့ကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ သိရသည်။

ဖက်စပ်ကုမ္ပဏီအဖြစ် မြန်မာ့သင်္ဘောကျင်းမှ မြေအသုံးပြုခွင့် လက်ရှိ အဆောက်အအုံများ၊ စက်ယန္တရားများ စက်ကိရိယာများအတွက် ၅၁ ရာခိုင်နှုန်းထည့်ဝင်သွားမည်ဖြစ်ပြီး ဗီယက်နမ်အရှေ့အာရှသင်္ဘောတည်ဆောက်ရေးကုမ္ပဏီအနေဖြင့် ခေတ်မီစက်ကိရိယာများအပြည့်အစုံပါဝင်သည့် လွှန်းကျင်အသစ်တစ်ခု တည်ဆောက်ခြင်း၊ လက်ရှိ မြန်မာ့သင်္ဘောကျင်းတွင် စက်ရုံ၊ အလုပ်ရုံ၊လွှန်းကျင်လွှန်းလမ်းများအား အဆင့်မြှင့်တင်ခြင်း၊ နည်းပညာမြင့် သင်္ဘော အင်ဂျင်နီယာများ၊ လုပ်သားများပါဝင်ဆောင်ရွက်ခြင်းနှင့် နည်းပညာများ ဖလှယ်ခြင်း၊ ရေယာဉ် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေအရင်းအနှီးနှင့် နိုင်ငံတကာ ရေယာဉ်တည်ဆောက်ရေး ဈေးကွက်များ ရှာဖွေခြင်း အပါအဝင် အမေရိကန်ဒေါ်လာ ၁၇၅ ဒသမ ၄ သန်းရင်းနှီးမြှုပ်နှံမည်ဖြစ်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှု ပမာဏတွင် လုပ်ငန်းစတင်သည့်ရက်မှ လေးနှစ်ခွဲကာလအတွင်း ပထမနှစ်ထည့်ဝင်သည့် အချိုးအစားအတိုင်း အကျိုးအမြတ်အားခံစားခွင့်ရှိကြောင်းသိရသည်။ ဗီယက်နမ်အရှေ့အာရှသင်္ဘော တည်ဆောက်ရေး ကုမ္ပဏီသည် ဂျပန်-ဗီယက်နမ်နှစ်နိုင်ငံပိုင်ကုမ္ပဏီအဖြစ် သံကိုယ်ထည် သင်္ဘောကြီးများအား ခေတ်မီနည်းပညာဖြင့် တည်ဆောက်ကာ လေအိတ်ကြီးများဖြင့် ရေချခြင်း၊ တန်ချိန် ၇၂၀၀မှ ၁၂၀၀၀ အထိရှိသော ကုန်တင်သင်္ဘောကြီးများ တည်ဆောက်သော ကုမ္ပဏီဖြစ်သည်။

မြန်မာ့သင်္ဘောကျင်း အနေဖြင့် လက်ရှိတန်ချိန် ၁၅၀၀ ရှိ ဧရာဝတီမြစ်တွင်းသွားကွန်တိန်နာ၊ Vessel၊ General Cargo Vessel၊ Tanker အမည်ရှိ အမေရိကန်ဒေါ်လာ ၇ သိန်းနှင့် ၁၀ သိန်းကြားရှိ သင်္ဘောအစင်းရေ ၃၀ အား တည်ဆောက်ရေးအော်ဒါရရှိထားပြီးဖြစ်ရာ နှစ်နှစ်နှင့် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရပြီး လက်ရှိစင်ကာပူနိုင်ငံဈေးကွက်အားပြည်ပဈေးကွက်အနေဖြင့် ရရှိထားပြီးဖြစ်ကြောင်း မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-တင်လှမောင်**

# အလုပ်ရှင်က အလုပ်သမားကိုပေးရမည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများ သတ်မှတ်နိုင်ခဲ့ပြီ

**ကိုမြင့်ကြွယ်(ဥပဒေ)**

လူဖြစ်လာသည်နှင့် လူနှင့်လူ့ပတ်ဝန်းကျင်တွင် ပြဿနာတစ်ခုခုကိုနေ့စဉ်လိုလို ကြုံတွေ့ရမည်မှာ မလွဲဧကန်ဖြစ်ပါသည်။ အိမ်ထောင်စုတစ်ခုအတွင်း၊ လုပ်ဖော်ကိုင်ဖက်များအတွင်း၊ လုပ်ငန်းခွင်အတွင်း အငြင်းပွားမှုများကြုံတွေ့လာရပြီး အဆိုပါကိစ္စရပ်များကို အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားကိုယ်စားလှယ်များ ပါဝင်သည့် **သုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာခြင်းသည်သာ အောင်မြင်မှုအများဆုံးဖြစ်သည်**ကို လက်တွေ့ဘဝတွင် မြင်တွေ့နိုင်ပါသည်။

ထို့အတူ စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်ရှင်၊ အလုပ်သမားအငြင်းပွားမှုများဖြစ်နေသည်မှာ အထက်တွင်ဖော်ပြသကဲ့သို့ ထူးခြားသည့်ကိစ္စရပ်များမဟုတ်သော်လည်း **အလုပ်ရှင်၊ အလုပ်သမားတို့သည် အကျိုးစီးပွားဘက်ဖြစ်သည်**ဟု ရှုမြင်ပြီး နှစ်ဦးနှစ်ဖက်စလုံးက ကိုယ်ချင်းစာတရားထားရှိမည်ဆိုလျှင် အငြင်းပွားမှုများမရှိသလောက် လျော့နည်းသွားမည်ဖြစ်ပါသည်။ အငြင်းပွားမှုများအနက် အကြောင်းအမျိုးမျိုးကြောင့် အလုပ်သမားများ အလုပ်ရပ်စဲခံရမှုများ ဖြစ်ပေါ်လျက်ရှိပြီး အလုပ်ရပ်စဲမှုဖြစ်ပေါ်လာရခြင်းမှာ အလုပ်ရှင်စီးပွားရေးမကောင်းသဖြင့် လုပ်ငန်းကိုတစ်စိတ်တစ်ဒေသ ဆက်လက် မလည်ပတ်နိုင်တော့ခြင်းနှင့် လုံးဝမလည်ပတ်နိုင်တော့ခြင်း၊ အလုပ်ရှင်မှ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းနေရာရွှေ့ပြောင်းသွားခြင်း၊ အလုပ်ရှင်၊ အလုပ်သမား လုပ်ငန်းခွင်ဆက်ဆံရေး အဆင်မပြေမှုများမှတစ်ဆင့် အငြင်းပွားမှုဖြစ်ပွားခြင်းတို့ကြောင့် အလုပ်မှရပ်စဲခံရခြင်းများ ဖြစ်ပွား ခဲ့ရပါသည်။

စက်ရုံအလုပ်ရုံများတွင် အလုပ်လုပ်ကိုင်နေကြသော အလုပ်သမားများ၏ လူမှုအကျိုးစီးပွား တရားမျှတမှုရှိစေရန် ဥပဒေပါအခွင့်အရေးများရရှိခံစားစေရန်ရည်ရွယ်၍ အလုပ်သမားဥပဒေများကို ခေတ်အဆက်ဆက် ထုတ်ပြန်ပြဋ္ဌာန်းခဲ့ပါသည်။

ထိုသို့ပြဋ္ဌာန်းသည့် ဥပဒေများအနက် အလုပ်သမားရေးရာ အငြင်းပွားမှုများကို ညှိနှိုင်းဖြေရှင်းခြင်း၊ အဆုံးအဖြတ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရေးအတွက် ထုတ်ပြန်ခဲ့သော **၁၉၂၉ ခုနှစ်၊ ဝါဏိဇ္ဇ ပဋိပက္ခမှု အက်ဥပဒေ (The Trade Disputes Act, 1929)** သည် တစ်ခုအပါအဝင်ဖြစ်ပါသည်။

ထိုဥပဒေအရ မြို့နယ်ဝါဏိဇ္ဇပဋိပက္ခမှုကော်မတီများ၊ တိုင်း/ပြည်နယ်ဝါဏိဇ္ဇပဋိပက္ခမှုအယူခံကော်မတီများနှင့် ဗဟိုဝါဏိဇ္ဇပဋိပက္ခမှု ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အငြင်းပွားမှုများကို ဖြေရှင်းပေးခဲ့ရာ ဥပဒေပါပြဋ္ဌာန်းချက်များအရ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်ပါသည်။ ထိုသို့အငြင်းပွားမှုများအနက် အကြောင်းအချက်တစ်ရပ်ဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲခံရသည့်အလုပ်သမားများအတွက် အလုပ်ရပ်စဲမှုနစ်နာကြေးနှင့် စပ်လျဉ်း၍ မည်သို့သတ်မှတ်ပေးချေရမည်ကို ဥပဒေ၊ နည်းဥပဒေ၊ အမိန့်တို့တွင် ယနေ့အထိ ထုတ်ပြန်ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် အဆိုပါအလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှုကော်မတီက အမှုအကြောင်းခြင်းရာကိုမူတည်၍ သုံးသပ်ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို သာဓကပြု၍ ယနေ့အထိအကိုးအကားပြုပြီး အလုပ်သမားများအကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲခံရမှုများအတွက် အောက်ပါအတိုင်းပေးချေရန် ညှိနှိုင်းဆွေးနွေးဆုံးဖြတ်ပေးလျက်ရှိပါသည်-

(က) လုပ်သက် သုံးလ မပြည့်သူများအား နို့တစ်ကြေးတစ်လစာ၊

(ခ) လုပ်သက် သုံးလမှတစ်နှစ်အထိရှိသူများအား နို့တစ်ကြေးတစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး တစ်လစာ၊ ပေါင်းနှစ်လစာ၊

(ဂ) လုပ်သက်တစ်နှစ်မှ နှစ်နှစ်ရှိသူများအားနို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ် နစ်နာကြေး နှစ်လစာ၊ ပေါင်း သုံးလစာ၊

(ဃ) လုပ်သက်နှစ်နှစ်မှအထက်ရှိသူများအားနို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး သုံးလစာ၊ ပေါင်း လေးလစာ၊

(င) လုပ်သက်သုံးနှစ်မှအထက်ရှိသူများအား နို့တစ်ကြေး တစ်လစာနှင့် အလုပ်ထုတ်နစ်နာကြေး လေးလစာ၊ ပေါင်း ငါးလစာ။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနကအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တည်ဆဲအလုပ်သမားဥပဒေများအား ခေတ်ကာလနှင့်လျော်ညီမှုရှိစေရန်၊ နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲခြင်း၊ ဖျက်သိမ်း၍အသစ်ရေးဆွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်လျက်ရှိရာ **The Trade Disputes Act, 1929** အားရုပ်သိမ်း၍ **၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ**ကိုအသစ်ရေးဆွဲပြဋ္ဌာန်းကာ အလုပ်သမားရေးရာ အငြင်းပွားမှုများကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ဆွေးနွေးဆုံးဖြတ်ပေးလျက်ရှိပါသည်။

**The Trade Unions Act, 1926** ကို ပယ်ဖျက်၍ **၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေ**ကိုအသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သဖြင့် ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ စက်ရုံ၊ အလုပ်ရုံများတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါသည်။ အခြေခံအလုပ်သမားအဖွဲ့ အစည်းဝင်များနှင့် အလုပ်ရှင်များ၏ ထိတွေ့ဆက်ဆံမှု အားနည်းချက်များကြောင့် သဘောထားအမြင်များကွဲပြားလာရာ လုပ်ငန်းခွင်ဆက်ဆံရေး အဆင်မပြေမှုများမှတစ်ဆင့် ကုန်ထုတ်စွမ်းအားလျော့နည်းခြင်း၊ လူမှုဆက်ဆံရေးအဆင်မပြေမှုများကို အကြောင်းပြု၍ အလုပ်ရှင်ကအလုပ်သမားများအား အလုပ်ရပ်စဲခံရမှုများသည် ပို၍များလာသည်ကို လေ့လာတွေ့ရှိရပါသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းခွင်အေးချမ်းသာယာရေးနှင့် လုပ်ငန်းခွင်တည်မြဲရေးကို ရှေးရှုလျက် အလုပ်ရှင်၊ အလုပ်သမားအကြားဖြစ်ပွားသော အငြင်းပွားမှုများကို **၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ** အရ အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားကိုယ်စားလှယ်များပါဝင်သော သုံးပွင့်ဆိုင်စနစ်ဖြင့် ဖွဲ့စည်းထားသည့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ တိုင်းဒေသကြီး/ပြည်နယ်ခုံသမာဓိအဖွဲ့များနှင့် ခုံသမာဓိကောင်စီအဆင့်ဆင့်တို့ဖြင့် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဖြေရှင်းဆောင်ရွက်ရာတွင် အလုပ်ရပ်စဲခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက်အရ အလုပ်သမားအား အလုပ်ပြန်လည်ခန့်အပ်ရန် ဆုံးဖြတ်သကဲ့သို့ အငြင်းပွားမှုပေါ်ပေါက်သောအကြောင်းအရာပေါ်မူတည်၍ အလုပ်ရပ်စဲမှုနစ်နာကြေးပေးရမည့်ကိစ္စရပ်များတွင် ထိုက်သင့်သော နစ်နာကြေးရရှိရန်အတွက် ၎င်းတို့အလုပ်လုပ်ကိုင်ခဲ့သည့် လုပ်သက်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားနိုင်စေရေး ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်လာပါသည်။

> **အငြင်းပွားမှု ပေါ်ပေါက်သောအကြောင်းအရာပေါ်မူတည်၍ အလုပ်ရပ်စဲမှုနစ်နာကြေး ပေးရမည့်ကိစ္စရပ်များတွင် ထိုက်သင့်သော နစ်နာကြေးရရှိရန်အတွက် ၎င်းတို့အလုပ်လုပ်ကိုင်ခဲ့သည့် လုပ်သက်အလိုက် အကျိုးခံစားခွင့်များ ရရှိခံစားနိုင်စေရေး ကာကွယ်စောင့်ရှောက်မှုပေးရန် လိုအပ်လာ. . .**

ထိုသို့အလုပ်သမားများ အလုပ်ရပ်စဲခံရမှုများမဖြစ်ပေါ်စေရေးနှင့် အလုပ်ရပ်စဲမှုခံရပါက သင့်တော်သည့်နစ်နာကြေးနှုန်းထားများ ရရှိခံစားနိုင်စေရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများသတ်မှတ်ရန် လိုအပ်လာသဖြင့် ၂၀၁၂ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၃၅ တွင် **"အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို အမိန့်ကြော်ငြာစာဖြင့် အခါအားလျော်စွာသတ်မှတ်၍ ထုတ်ပြန်နိုင်သည်"**ဟု လည်းကောင်း၊ ၂၀၁၃ခုနှစ်၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၅ (ဃ)တွင် **"အကြောင်းအမျိုးမျိုးကြောင့် အလုပ်ရပ်စဲရန်ကိစ္စပေါ်ပေါက်လာလျှင် အလုပ်ရှင်က အလုပ်သမားအားသတ်မှတ်ထားသောနစ်နာကြေးပေးရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်ရမည်"**ဟု လည်းကောင်း ပြဋ္ဌာန်းထားရှိ၍ နစ်နာကြေးနှုန်းထားများသတ်မှတ်နိုင်ရန် အလွှာအသီးသီးရှိ သက်ဆိုင်ရာ မိတ်ဖက်ဌာနအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်နှင့် ကိုယ်စားလှယ်များအား ဖိတ်ကြား၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်(တောင်သူလယ်သမား၊အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ)၊ ခုံသမာဓိကောင်စီဝင်များ၊ ဥပဒေပညာရှင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များကို ဖိတ်ကြား၍ သုံး ကြိမ်ဆွေးနွေးခဲ့ပါသည်။ ထို့အပြင် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနအနေဖြင့် အလုပ်သမားအဖွဲ့အစည်းကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်း (၄၄)သင်းတို့မှ ကိုယ်စားလှယ်များအားဖိတ်ကြား၍ တစ်ကြိမ်စီဆွေးနွေးခဲ့ပါသည်။

ညှိနှိုင်းဆွေးနွေးချက်များမှ ရရှိခဲ့သည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ ယာယီမြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်(CTUM)၊ ယာယီမြန်မာနိုင်ငံအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (MTUF)နှင့် ယာယီမြန်မာနိုင်ငံတောင်သူလယ်သမားနှင့်စိုက်ပျိုးရေးအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (AFFM)များသို့ သဘောထားတောင်းခံခဲ့ရာ ရရှိသည့်သဘောထားအကြံပြုချက်များအား နှိုင်းယှဉ်ချက်ဇယားပြုစုပြီး ၁၅-၅-၂၀၁၅ ရက်နေ့တွင် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနကဦးဆောင်၍ UMFCCI၊ CTUM၊ MTUFနှင့် AFFMတို့မှ ကိုယ်စားလှယ်များဖြင့် အလုပ်ရပ်စဲမှု နစ်နာကြေးနှုန်းထားများကို သတ်မှတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးခဲ့ပါသည်။

ထိုသို့ အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားသတ်မှတ်ရေးနှင့်စပ်လျဉ်း၍ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးချက်များအရ အလုပ်မှရပ်စဲခံရသောအလုပ်သမားများအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများကို အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာနသည် ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်( ၈၄ / ၂၀၁၅ ) ဖြင့် အောက်ပါအတိုင်း သတ်မှတ်ကြေညာနိုင်ခဲ့ပါသည်-

(က) လုပ်သက်ခြောက်လပြည့်ပြီး တစ်နှစ်မပြည့်ပါက နစ်နာကြေး လဝက်လစာ၊

(ခ) လုပ်သက်တစ်နှစ်ပြည့်ပြီး နှစ်နှစ်မပြည့်ပါက နစ်နာကြေး တစ်လစာ၊

(ဂ) လုပ်သက်နှစ်နှစ်ပြည့်ပြီး သုံးနှစ်မပြည့်ပါက နစ်နာကြေးတစ်လခွဲလစာ၊

(ဃ) လုပ်သက်သုံးနှစ်ပြည့်ပြီး လေးနှစ်မပြည့်ပါက နစ်နာကြေးသုံးလစာ၊

(င) လုပ်သက်လေးနှစ်ပြည့်ပြီး ခြောက်နှစ်မပြည့်ပါက နစ်နာကြေး လေးလစာ၊

(စ) လုပ်သက် ခြောက်နှစ်ပြည့်ပြီး ရှစ်နှစ်မပြည့်ပါက နစ်နာကြေး ငါးလစာ၊

(ဆ) လုပ်သက်ရှစ်နှစ်ပြည့်ပြီး ၁၀ နှစ်မပြည့်ပါက နစ်နာကြေး ခြောက်လစာ၊

(ဇ) လုပ်သက် ၁၀ နှစ်ပြည့်ပြီး နှစ် ၂၀မပြည့်ပါက နစ်နာကြေး ရှစ်လစာ၊

(ဈ) လုပ်သက် နှစ် ၂၀ ပြည့်ပြီးနှင့် ၂၅ နှစ်မပြည့်ပါက နစ်နာကြေး ၁၀ လစာ၊

(ည) လုပ်သက် ၂၅နှစ်နှင့်အထက်ရှိပါက နစ်နာကြေး ၁၃ လစာ။

သို့ဖြစ်ရာ အစိုးရ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အလွှာအသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များအား ဖိတ်ကြား၍ ညှိနှိုင်းဆွေးနွေးချက်များအရ အကြောင်းအမျိုးမျိုးကြောင့် အလုပ်မှရပ်စဲခံရသည့် အလုပ်သမားများအတွက် သင့်လျော်သည့် အလုပ်ရပ်စဲမှုနစ်နာကြေးနှုန်းထားများကို ထုတ်ပြန်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း အသိပေးရေးသားတင်ပြလိုက်ရပါသည်။ ။

# သတင်းအရစစ်ဆေးရာမှ လုယက်မှုနှင့် ခိုးမှုများပေါ်ပေါက်

**ရန်ကုန် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးနှင့် အင်းစိန်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း ခိုးမှု၊ လုယက်မှုများ ကျူးလွန်ထားသော အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်နေ ရာဇာ(ခ) မိုးစက်အောင်(၁၈နှစ်)၊ အရှည်ကြီး (ခ)ဇော်ထိုက်အောင် (၂၂ နှစ်)၊ ထက်နိုင် (၂၇နှစ်)နှင့် ကုလား(ခ)ဇော်မျိုးထိုက် (၂၄ နှစ်) တို့အား ဇွန်လအတွင်း ဖမ်းဆီးရမိခဲ့သည်။

၎င်းတို့လေးဦးအားစစ်ဆေးခဲ့ရာ ထက်နိုင်၊ ဇော်မျိုးထိုက်နှင့် နေနိုင်လင်း(စုံစမ်းဆဲ) တို့ သုံးဦးသည် မေ ၂ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ပုလဲလမ်း၌ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးနှစ်ကုံးကို လုယူခဲ့ကြောင်း၊ မတ်လနှင့် ဧပြီလအတွင်း အင်းစိန်မြို့နယ်မှ ဆိုင်ကယ် ၁၄ စီး၊ ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလများအတွင်း မရမ်းကုန်းမြို့နယ်မှ ဆိုင်ကယ်ခြောက်စီး၊ ဧပြီလအတွင်း လှိုင်သာယာမြို့နယ်မှ ဆိုင်ကယ်တစ်စီးတို့ကို ခိုးယူခဲ့ကြောင်း၊ ထို့ပြင် ဧပြီလအတွင်း အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် ဆေးဝါးစက်ရုံလမ်း၌ အမျိုးသမီးတစ်ဦးထံမှ ရွှေဆွဲကြိုးတစ်ကုံးနှင့် မေလအတွင်း လှိုင်သာယာမြို့နယ် ငွေပင်လယ်ဘုရားအနီးလမ်းပေါ်၌ အမျိုးသားနှင့် အမျိုးသမီးတို့ထံမှ ဆိုင်ကယ်တစ်စီး၊ ရွှေဆွဲကြိုး နှစ်ကုံး၊ ဖုန်းတစ်လုံးတို့ကို လုယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းတို့အနက် ထက်နိုင်နှင့် ဇော်မျိုးထိုက်တို့နှစ်ဦးသည် မေလအတွင်း နေ့လယ်ပိုင်းက အင်းစိန်မြို့နယ် မြို့သစ်(၈)ရပ်ကွက် ဘုရင့်နောင်လမ်း၌ အမျိုးသားတစ်ဦးစီးနင်းလာသည့် စက်ဘီးရှေ့ခြင်းအတွင်းမှ လက်ကိုင်ဖုန်းတစ်လုံးကို နှိုက်ယူခဲ့ကြောင်း၊ မရမ်းကုန်းမြို့နယ်အတွင်းမှ ဆိုင်ကယ်တစ်စီး ခိုးယူခဲ့သည့်အပြင် ဖေဖော်ဝါရီလအတွင်း လှိုင်သာယာမြို့နယ်မှ ဆိုင်ကယ်နှစ်စီးကို ခိုးယူခဲ့ကြောင်းလည်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

စစ်ဆေးပေါ်ပေါက်ချက်များအရ ဖမ်းဆီးရမိသူလေးဦးထံမှ သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး သက်ဆိုင်ရာရဲစခန်းများတွင် ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဆက်သွယ်ရေးအော်ပရေတာများဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Ooredoo နှင့် Telenor တို့ကို လုပ်ငန်းလုပ်ကိုင်ခွင့် ၁၅ နှစ်ခွင့်ပြုထား၊ ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်ကိုက်ညီပါက ဆက်လက်သက်တမ်းတိုးခွင့်ပြုမည်

**နေပြည်တော် ဇူလိုင် ၁၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း သုံးခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း လေးခု တင်သွင်းခြင်း၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ ဖတ်ကြားခြင်းနှင့် ဥပဒေကြမ်း သုံးခု အဆုံးအဖြတ်ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **အစိုးရဌာနများတွင် လုပ်ငန်းများအား မည်သည့်ပေါ်လစီဖြင့် တင်ဒါစနစ်ဆောင်ရွက်နေသည်ကိုသိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက အစိုးရဌာနအဖွဲ့အစည်းများ တင်ဒါခေါ်ယူဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရန်အတွက် နိုင်ငံတော်သမ္မတရုံးမှ **ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခွင့်ပြုရာတွင် တင်ဒါစည်းကမ်းများ**ကို ဝယ်ယူရေးဆိုင်ရာ၊ တည်ဆောက်မှုဆိုင်ရာ၊ ဝန်ဆောင်မှု၊ ငှားရမ်းရောင်းချရေး တင်ဒါများနှင့် စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး အစိုးရအဖွဲ့အစည်းများသည် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် ပစ္စည်းဝယ်ယူရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ငွေပမာဏနည်းလျှင် ဈေးနှုန်း တင်သွင်းလွှာများဖြင့် လည်းကောင်း၊ ငွေပမာဏများလျှင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း ပွင့်လင်းမြင်သာမှုရှိစေရန် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာထည့်သွင်းခေါ်ယူလျက် ရှိပါကြောင်း၊ ထို့အပြင် တင်ဒါရွေးချယ်ရေးအတွက် တင်ဒါခေါ်ယူရေးကော်မတီ၊ ကြမ်းခင်းဈေး တွက်ချက်ရေးကော်မတီ၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီနှင့် အရည်အသွေးစစ်ဆေးရေးကော်မတီတို့ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း။



ဒုတိယဝန်ကြီး ဦးဝင်းသန်း ဖြေကြားစဉ်။

တင်ဒါစနစ်ဖြင့် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအလိုက် တင်ဒါစည်းမျဉ်း စည်းကမ်းများ မတူညီကြသည့်အတွက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ တင်ဒါခေါ်ယူရာတွင် တစ်ပြေးညီပုံစံဖြစ်စေရန်နှင့် နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာ၌ လွယ်ကူချောမွေ့စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ယူစာချုပ်ချုပ်ဆိုရာတွင် လိုက်နာကျင့်သုံးရမည့် ဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရန်နှင့် ဝန်ကြီးဌာနအသီးသီး၏ ကန်ထရိုက်စနစ်ဖြင့် ခွင့်ပြုသည့် လုပ်ငန်းများတွင် တူညီသော မူဝါဒများကိုအခြေခံ၍ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဦးဆောင်ပြီး United Nation Office for Project Services(UNOPS) Myanmar ၏ အကြံဉာဏ်ရယူ၍ ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ငန်းလမ်းညွှန်စာအုပ်ကို ရေးဆွဲခဲ့ပြီး ပြည်ထောင်စု အစိုးရအဖွဲ့ရုံးမှ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများသို့ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့်၏ **ဝန်ကြီးဌာနက ခွင့်ပြုထားသော ဆက်သွယ်ရေးအော်ပရေတာ မည်မျှရှိ၍ ၎င်းအော်ပရေတာတစ်ခုစီမှ ဝန်ကြီးဌာနသို့ နှစ်အလိုက်ပေးသွင်းငွေမည်မျှဖြစ်ပြီး ယနေ့အထိ SIM ကတ်များ၊ ငွေဖြည့်ကတ်များ ရောင်းရငွေ၊ Internet ဝန်ဆောင်မှုမှ ရရှိငွေမည်မျှရှိသည်၊ နိုင်ငံခြားဖုန်းကုမ္ပဏီများကို ခွင့်ပြုထားသည့် သဘောတူညီချက်သည် မည်သည့်ကာလအတွက်ဖြစ်သည်နှင့် မည်သို့သော အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ပေးသည်တို့ကို သိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းက ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း ဆက်သွယ်ရေးဝန်ဆောင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် Nationwide Telecommunication License ကို မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ Ooredoo Myanmar Limited နှင့် Telenor Myanmar Limited တို့အား လုပ်ငန်းလိုင်စင်များချထားပေးပြီး တယ်လီဖုန်း ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် KSGM Co.,Ltd. နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သည့် ၂၀၁၄ ခု စက်တင်ဘာမှ ၂၀၁၅ ခု ဇွန်အထိ SIM ကတ်ပေါင်း ၈၆၉၉၂၀၀ ရောင်းချထားပြီး ကော်မရှင်ခထုတ်နုတ်၍ ရောင်းချရငွေကျပ် ၉ ဒသမ ၁၅၄ ဘီလီယံ ရရှိခဲ့ပြီး မိုဘိုင်းတယ်လီဖုန်းပြောဆိုခနှင့် အင်တာနက်သုံးစွဲမှုအတွက် ကြိုတင်ငွေဖြည့်ကတ် ရောင်းချရခြင်းမှာ ငွေကျပ် ၅၇၄ ဒသမ ၉၆၇ ဘီလီယံ ရရှိခဲ့ပါကြောင်း။



လှိုင်မဲဆန္ဒနယ်မှ ဒေါက်တာဝင်းမြင့် မေးမြန်းစဉ်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် လိုင်းနှုန်းအခွန်အခ ပေးသွင်းရခြင်းမရှိပါကြောင်း၊ ကျန်အော်ပရေတာများ ဖြစ်သည့် Ooredoo Myanmar Limited အနေဖြင့် ၁၅ နှစ်ကာလအတွက် လိုင်းနှုန်းအခွန်အခပေးသွင်းရမည့် ငွေကြေးပမာဏမှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၀ ဘီလီယံကို သုံးရစ် ပေးသွင်းရမည့်အနက် ၇၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၇၅၇ ဒသမ ၅ သန်းနှင့် ညီမျှသည့် ငွေကျပ် ၇၄၁ ဒသမ ၆၅၃ ဘီလီယံကိုရရှိထားပြီးကျန် ၂၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၂၅၂ ဒသမ ၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဖြစ်ပါကြောင်း၊ Telenor Myanmar Limited မှ ပေးသွင်းရမည့် ငွေကြေးပမာဏ အမေရိကန်ဒေါ်လာ သန်းပေါင်း ၅၀၀ အနက် ၇၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၃၇၅ သန်းနှင့် ညီမျှသည့် ငွေကျပ် ၃၆၇ ဒသမ ၁၅၅ ဘီလီယံကိုရရှိထားပြီး ကျန် ၂၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၂၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရရှိမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကို ၂၀၁၄ ခု မတ် ၂၄ ရက်မှ ၂၀၃၀ ခု မတ် ၂၃ ရက်အထိ ၁၅ နှစ်၊ Ooredoo Myanmar Limited ကို ၂၀၁၄ ခု ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၉ ခု ဖေဖော်ဝါရီ ၄ ရက်အထိ ၁၅ နှစ်၊ Telenor Myanmar Limited ကို ၂၀၁၄ ခု ဖေဖော်ဝါရီ ၅ ရက်မှ ၂၀၂၉ ခု ဖေဖော်ဝါရီ ၄ ရက်အထိ ၁၅ နှစ် အသီးသီးလုပ်ငန်းဆောင်ရွက်ခွင့်ကို ဆက်သွယ်ရေးဥပဒေ၊ နည်းဥပဒေများအရ လုပ်ကိုင်ခွင့်ပြုထားပြီးဥပဒေ၊ နည်းဥပဒေ၊ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီပါက ဆက်လက်သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးဝန်ကြီးဌာနမှ **အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ငွေစုဘဏ်လုပ်ငန်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊** ပြည်သူ့လွှတ်တော်မှ **၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊** ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ **ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့ကို လွှတ်တော်သို့ တင်သွင်းရာ အဆိုပါ ဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့သည့် **မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကြမ်း**နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က **တင်သွင်းသည့် သက်သေခံအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**တို့နှင့်စပ်လျဉ်း၍ လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည်။

ထို့အတူ စွမ်းအင်ဝန်ကြီးဌာနက တင်သွင်းသည့် **ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် ၃၈ ချက် အပါအဝင် ဥပဒေကြမ်းတစ်ရပ်လုံးကို အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံအပေါ် စွပ်စွဲဆောင်ရွက်နေမှုများကို ပယ်ချ၊ ကန့်ကွက်ရသည့်ကိစ္စရပ်များဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကိုယ်စား၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးအား ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ လက်ထောက်မဟာမင်းကြီး မစ္စတာ ဗိုလ်ကာတာ့ခ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ်(I-1) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**



ထိုသို့တွေ့ဆုံရာတွင် လွှတ်တော်၌ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်နေမှုကိစ္စ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးကိစ္စရပ်များ၊ နိုင်ငံတကာ အစည်းအဝေးအချို့တွင်အခြေအမြစ်မရှိ၊ မမှန်ကန်သောသတင်းများကို အခြေခံ၍ မြန်မာနိုင်ငံအပေါ် စွပ်စွဲဆောင်ရွက်နေမှုများကို ပယ်ချ၊ ကန့်ကွက်ရသည့် ကိစ္စရပ်များအား ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးခင်မောင်မြင့်ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် ပါတီဝင် ၂၃၃ ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောဘသိန်း (သထုံမဲဆန္ဒနယ်)၏ မိသားစုဝင်သုံးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို (လှိုင်ကော်မဲဆန္ဒနယ်)၏ မိသားစုဝင်တစ်ဦး၊ Horizon Lake View Resort ၏ ဖိတ်ကြားမှုဖြင့် ဂျာမနီနိုင်ငံသား ခရီးသွားလုပ်ငန်းရှင်များအဖွဲ့လေးဦးနှင့် ရတနာပုံတက္ကသိုလ် စာကြည့်တိုက်နှင့် သုတေသနဌာနမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၅၄ ဦး စုစုပေါင်း၂၉၅ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၇၃ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

## ရွှေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်

**မိုးညှင်း ဇူလိုင် ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ကြီးမှူးပြီး ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း(၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မိုးညှင်းခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲအရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးမျိုးမင်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့်အဖွဲ့ဝင်များ(မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်)မြို့နယ်များမှ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ တက်ရောက်ပြီး ဇူလိုင် ၁၁ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ **(ခရိုင် ပြန်/ဆက်)**

## အဆိပ်သင့်အစားအစာများ ကွင်းဆင်းစစ်ဆေး

**ရွှေကူ ဇူလိုင် ၁၀**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများ အစာအဆိပ်သင့်ခြင်းနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၏ ညွှန်ကြားမှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ကြသည်။

ထိုသို့စစ်ဆေးရာတွင် ဇူလိုင် ၉ ရက် နံနက် ၁၀ နာရီက ကျောင်းဈေးဆိုင်များနှင့် ကျောင်းဥပစာရှိ ဈေးဆိုင်များတွင် ကျန်းမာရေးနှင့် မညီညွတ်သော မုန့်ပဲသရေစာများ၊ မုန့်ဘူးများနှင့် အချိုရည်ဘူးများ ရောင်းချမှုမရှိစေရေးအတွက် အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၁)ရပ်ကွက် စုံစမ်း အခြေခံပညာမူလတန်း(လွန်)ကျောင်းနှင့် အမှတ်(၄)ရပ်ကွက် မြို့မအရှေ့ အခြေခံပညာမူလတန်း(လွန်)ကျောင်းတို့၌ မှတ်ပုံတင်ထားခြင်းမရှိသော အစားအစာများကို စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ပြီးစီး

**နေပြည်တော် ဇူလိုင် ၁၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်-မန္တလေး အပိုင်း)ပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပေါ်တွင် တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၄)မှ တည်ဆောက်သော အရှည်ပေ ၈၀၀ မိတ္ထီလာကန်ကူး တံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိသည်။

မကြာမီ ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၏ မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းသွားလာနိုင်ရန် အချောသပ်လုပ်ငန်းများဆောင်ရွက်နေမှု၊ တံတားပေါ်တွင် ကတ္တရာကွန်ကရစ်(AC) အပြီးသတ်ခင်းနေမှု၊ လမ်းနှင့်တံတား အဝင်/အထွက်နေရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး ဦးစားပေးဆောင်ရွက်ရန်နှင့် မြင်ကွင်းကောင်းမွန်စေရေး သပ်သပ်ရပ်ရပ် လှလှပပဖြစ်အောင် ဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

မိတ္ထီလာ ကန်ကူးတံတားသည် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၊ မိတ္ထီလာမြို့တွင်း၌ တည်ရှိပြီး တံတားအရှည် ပေ ၈၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ ယာဉ်နှစ်လမ်းမောင်းဖြစ်ကာ တံတားအမျိုးအစားမှာ အောက်ထည်အုတ်မြစ် Mini Bored Pile၊ ကိုယ်ထည်သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girder တို့ဖြင့် တည်ဆောက်ထားပြီး တံတား၏ ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်။

မိတ္ထီလာမြို့သည် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်ကာ ယခင်မိတ္ထီလာကန်ကူး တံတားဟောင်းနေရာတွင် လေးလမ်းသွားတံတားသစ်ကို တံတားအထူးအဖွဲ့(၄)မှ တည်ဆောက်လျက်ရှိပြီး ယခုအခါ နှစ်လမ်းသွားတံတားကြီး တည်ဆောက်ပြီးစီး၍ မကြာမီ တံတားကြီးပေါ်မှ ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၏ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ဖြတ်သန်းခွင့်ပေးသွားမည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မိတ္ထီလာ-မြင်းခြံလမ်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# လက်ရည်စစ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာပီဂျီအေက ကျင်းပမည့် Professional အဆင့် လက်ရည်စစ် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ၂၁ ရက်အထိ မန္တလေးမြို့ရှိ ရေတံခွန်တောင်ဂေါက်ကွင်း(ကျင်းအမှတ် ၁၀ မှ ၂၇)တွင် ကျင်းပမည်ဖြစ်သည်။

လက်ရည်စစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူ အမျိုးသားအားလုံးသည် အပျော်တမ်းအဆင့် (H' Cap 0-12) ရှိသူဖြစ်ရမည်။ အဆိုပါ လက်ရည်စစ်ပွဲ အောင်မြင်သူများသည် မြန်မာပီဂျီအေ ပြိုင်ပွဲများတွင် Professional အဆင့်အဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ အဆိုပါ လက်ရည်စစ်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ပြိုင်ပွဲဝင်ကြေးငွေကျပ် ၅၀၀၀၀ ပေးသွင်း၍ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီနောက်ဆုံးထားကာ ဖုန်း-၀၉-၂၀၃၇၆၇၁၊ ၂၆၂၅၅၂၄၅၂၊ ၀၉-၂၅၄၇၂၅၀၈၁)တို့၌ အမည်စာရင်းများ ပေးသွင်းနိုင်ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# တရားမျှတပြီးလွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်ပေါ်လာရေး အစိုးရဦးဆောင်မှုတွင် တပ်မတော်မှ ပါဝင်ဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၀**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းသည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့မှ ရန်ကုန်မြို့ရှိ ဌာနေကိုယ်စားလှယ် Mr. Jorge Valladares အား ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ၊ လွှတ်တော်၊ ရွေးကောက်ပွဲကော်မရှင်ရုံးတို့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲဖြစ်ပေါ်လာရေး နိုင်ငံတော်အစိုးရက ဦးဆောင် ဆောင်ရွက်နေမှုများတွင် တပ်မတော်က ပါဝင်ဆောင်ရွက်နေမှုအခြေအနေများအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်နှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

**(မြဝတီ)**

*○ ကျောဖုံးမှ*

"ဒီနှစ်တော့ ပြိုင်ပွဲအစမှာ ပုဂံအကနဲ့ စတင်ဖျော်ဖြေမှာ ဖြစ်ပါတယ်။ ပြီးတော့ Miss Myanmar World သီချင်းနဲ့အတူ အိပ်မက်ဆုံရာက အောင်ထက်(အိပ်မက်ဆုံရာ-ရာသက်ပန်)ကလည်း တေးသီချင်းတွေကို သီဆိုဖျော်ဖြေဖို့ စီစဉ်ထားပါတယ်။ အရင်နှစ်ကလို ပြည်ပဒိုင်တွေတော့ မပါတော့ပါဘူး။ ပြည်တွင်းကဒိုင်တွေနဲ့ပဲ ကျင်းပရွေးချယ်သွားမှာပါ" ဟု ပြိုင်ပွဲကျင်းပရေးကော်မတီမှ Country Director ကိုစိုးသူရက ပြောသည်။

Miss Myanmar World ပြိုင်ပွဲကို မြန်မာနိုင်ငံအနေဖြင့် ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က စတင်ကျင်းပခဲ့ရာ Miss Myanmar World 2014 ကို အလှမယ် ဝိုင်းလေးက ရရှိခဲ့ပြီး ယခုအကြိမ် မြန်မာနိုင်ငံကိုယ်စားပြု ရွေးချယ်မှုသည် ဒုတိယအကြိမ်မြောက် ဖြစ်သည်။ ယခုပြိုင်ပွဲတွင် winner ဆု ဆွတ်ခူးရရှိသူသည် လာမည့် ဒီဇင်ဘာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၌ ကျင်းပမည့် Miss World 2015 ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု သွားရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ယနေ့ယှဉ်ပြိုင်ရမည့် အလှမယ်များသည် စတင်ရွေးချယ်ခဲ့စဉ် ဧပြီလက ဆန်ခါတင်အလှမယ် ၂၀ ရွေးချယ်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ခါးနံပါတ်-၉ အိသက်မွန်နှင့် ခါးနံပါတ်-၁၄ နေခြည်လင်းတို့သည် မိမိဆန္ဒအလျောက် ပြိုင်ပွဲမှ နုတ်ထွက်သွားသဖြင့် နောက်ဆုံး grand Final ပွဲတွင် အလှမယ် စုစုပေါင်း ၁၈ ဦးသာ ရွေးချယ်ကျင်းပသွားမည်ဖြစ်သည်။

Miss Myanmar World 2015



**Miss Myanmar World 2015 ပြိုင်ပွဲ ပြိုင်ပွဲဝင်အလှမယ် တစ်ဦး ပြိုင်ပွဲဝင်အကြို လေ့ကျင့်စဉ်။**

ပြိုင်ပွဲသို့ နောက်ဆုံးဆန်ခါတင် ရွေးချယ်မည့် အလှမယ် ၁၈ ဦးမှာ ခါးနံပါတ်-၁ ခင်ရတနာသိန်းမြင့်၊ ခါးနံပါတ်-၂ ပိုးပိုးရွှေရည်၊ ခါးနံပါတ်-၃ ဖြူသန့်ချော၊ ခါးနံပါတ်-၄ နှင်းရွှေရည်၊ ခါးနံပါတ်-၅ အင်ကြင်းမေ၊ ခါးနံပါတ်-၆ အေးချမ်းမြင့်ဦး၊ ခါးနံပါတ်-၇ ပိုးဒါလီကျော်၊ ခါးနံပါတ်-၈ ယမနေ၊ ခါးနံပါတ်-၁၀ ဟန်နွေ၊ ခါးနံပါတ်-၁၁ ပန်ပန်၊ ခါးနံပါတ် -၁၂ မေမွန်၊ ခါးနံပါတ်-၁၃ ခိုင်လဲ့ဇင်၊ ခါးနံပါတ်-၁၅ နိုနိုကော၊ ခါးနံပါတ်-၁၆ ဖြူဖွေး၊ ခါးနံပါတ်-၁၇ နေရီဝင်းလဲ့၊ ခါးနံပါတ်-၁၈ နန်းစန္ဒာလှထွန်း၊ ခါးနံပါတ်-၁၉ maurreen Lu San နှင့် ခါးနံပါတ်-၂၀ ရှင်ဝေနိုင်ဦးတို့ ယှဉ်ပြိုင်ရွေးချယ်ခံကြမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲဝင်အလှမယ်များ သည် ပြည်ပ ထိုင်းနိုင်ငံ ဖူးခက်နှင့် ပြည်တွင်း ပဲခူး၊ မန္တလေးနှင့် ပုဂံနယ်များသို့ သွားရောက်ကာ Activity များ၊ Training များကို ထိုင်းနိုင်ငံ ပညာရှင်များဖြင့် နှစ်လကြာ သွားရောက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယင်းပြိုင်ပွဲသို့ ပြည်သူများ လာရောက် အားပေးမည်ဆိုပါက ဝင်ကြေးအဖြစ် အထူးတန်း ငွေကျပ် နှစ်သောင်းနှင့် ရိုးရိုးတန်း ငွေကျပ် တစ်သောင်း သတ်မှတ်ထားကြောင်း သိရသည်။ ယင်းပြိုင်ပွဲ၏ အခမ်းအနားပြည့် ပွဲကြိုလေ့ကျင့်မှုကို ယနေ့ ည ၇ နာရီတွင် Myanmar Event Park ၌ပင် ပြိုင်ပွဲဝင်အကြိုလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။

**သတင်း-မင်းခေတ်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မိုးမခ**

# မဲဆန္ဒနယ် ပြင်ပရောက် မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ(၃-က)ဖြင့် လျှောက်ထားနိုင်ရေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

**ကြေညာချက်အမှတ် ( ၃၄ /၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၉ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်)**

**မဲဆန္ဒနယ်ပြင်ပရောက်မဲဆန္ဒရှင်များ မဲစာရင်းတွင်ပါဝင်ရန် ပုံစံ( ၃- က)ဖြင့် လျှောက်ထားနိုင်ရေး**

၁။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၏ နည်းဥပဒေ ၁၀ ပါ ပြဋ္ဌာန်းထားချက်များအရ အနည်းဆုံးရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့်ရရှိစေရေးအတွက် မဲစာရင်းတွင် ပါဝင်စေရန် အောက်ပါအတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်-

(က) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ နယ်မြေရှိ လုပ်ငန်းတာဝန်ခံ၏ ထောက်ခံချက်ကို လည်းကောင်း၊ အလုပ်သမားဖြစ်ပါက သက်ဆိုင်ရာလုပ်ငန်းရှင် သို့မဟုတ် လုပ်ငန်းရှင်ကိုယ်စားလှယ်၏ ထောက်ခံချက်ကိုလည်းကောင်း၊ အခြားပုဂ္ဂိုလ်ဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်ကိုလည်းကောင်း ဖော်ပြ၍ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထပ်ဆင့်ထောက်ခံချက်ဖြင့် မဲစာရင်း၌ မိမိတို့၏အမည်ကို ထည့်သွင်းပေးပါရန် ရွေးကောက်ပွဲကျင်းပမည့်နေ့ မတိုင်မီ ရက်ပေါင်း ၃၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ (၃-က) ဖြင့် လျှောက်ထားရမည်။

(ခ) အပိုဒ်ခွဲ (က)အရ လျှောက်ထားသည့်အခါ ယင်းတို့သည် မဲဆန္ဒရှင်အတွက် သတ်မှတ်ထားသော အရည်အချင်းများနှင့် ကိုက်ညီပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်၍ မဲစာရင်းတွင် အမည်ထည့်သွင်းပေးမည်ဖြစ်သည်။

(ဂ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသည် အပိုဒ်ခွဲ (ခ)အရ မဲစာရင်းတွင် အမည်စာရင်း ထည့်သွင်းခံရသူ၏ အမည်ကို အမြဲတမ်းနေရပ်၏ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရှိ မဲစာရင်းမှပယ်ဖျက်ပေးနိုင်ရေးအတွက် မိမိတို့၏ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြရမည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲကလည်း ထိုတင်ပြချက်ကို လိုအပ်သလို ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာမဲဆန္ဒရှင်၏ နေရင်းဒေသရှိ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-ခ) သုံးစောင်ဖြင့် အမြန်ဆုံးဆက်လက်အကြောင်းကြားသွားမည်ဖြစ်သည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်၍ အနည်းဆုံး ရက်ပေါင်း ၁၈၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် ဖော်ပြပါမဲဆန္ဒရှင်များသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့နောက်ဆုံးထားပြီး သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အမိန့်အရ

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးမှုစီမံကိန်းရေးဆွဲခြင်းနှင့် မြန်မာ့ကုန်ထုတ်လုပ်ငန်းတိုးတက်ရေးမျှော်မှန်းချက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်း



**နေပြည်တော် ဇူလိုင် ၁၀**

အမျိုးသားနယ်မြေဒေသ ဖွံ့ဖြိုးမှုစီမံကိန်း (National Spatial Development Plan) ရေးဆွဲခြင်းနှင့် မြန်မာ့ကုန်ထုတ်လုပ်ငန်း တိုးတက်ရေးမျှော်မှန်းချက်ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက Spatial Plan တွင် စိုက်ပျိုးရေး၊ စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်မည်ဖြစ်ကြောင်း၊ ယခင်က GDP Plan တစ်ခုတည်းကို ဦးတည်ရေးဆွဲခဲ့ပြီး ယခုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် Spatial Plan ကိုရေးဆွဲရန် လိုအပ်လာကြောင်း။

နိုင်ငံတော်၏ ဖွံ့ဖြိုးမှုမျှော်မှန်းချက်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးပင်ဖြစ်ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူသည့် အချိန်မှစ၍ စီးပွားရေးမူဝါဒ လေးရပ် ချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနှင့် အလယ်အလတ်အဆင့် ဝင်ငွေရရှိသောနိုင်ငံဖြစ်ရေး ရည်မှန်းချက်များချမှတ်ထားပြီး ထိုရည်မှန်းချက်များ ပြည့်မီရေး စီမံကိန်းများရေးဆွဲဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း။

ဖွံ့ဖြိုးမှု မူဝါဒအောင်မြင်ရန် Plan ရေးဆွဲရာ၌ GDP Plan နှင့် Spatial Plan ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ GDP Plan သည် ကာလတို ငါးနှစ်စီမံကိန်းများဖြစ်ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများသည် နှစ်ရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များအကြား အချိုးမျှတစွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်ကိုရေးဆွဲ၍ မူဘောင်များချမှတ်ပေးခဲ့ကြောင်း။

အဆိုပါ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်ကို အခြေခံပြီး ရန်ကုန်မြို့နှင့် မန္တလေးမြို့ အဓိကဖွံ့ဖြိုးတိုးတက်ရေးအတွက် Two Polar Growth Strategy ဖြင့် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းကို အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနက ရေးဆွဲခဲ့ပါကြောင်း။

Spatial Plan တွင် အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အဆင့်နှင့် ဒေသန္တရအဆင့်ဟူ၍ ခွဲခြားဆောင်ရွက်ရမည့်လုပ်ငန်းများရှိပါကြောင်း၊ အမျိုးသားအဆင့်တွင် ဝန်ကြီးဌာနများမှ ကဏ္ဍအလိုက်ဆောင်ရွက်မည့်လုပ်ငန်း၊ ဂရုပြုထိန်းသိမ်းရမည့် လုပ်ငန်းများကို Spatial Plan တွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ကြောင်း၊ အစိုးရမှ ဆောင်ရွက်မည့် Plan များသာမက ပုဂ္ဂလိကအဖွဲ့အစည်းများမှ ဆောင်ရွက်မည့် Plan များကိုလည်း Spatial Plan ထဲတွင် ထည့်သွင်းရမည်ဖြစ်ပါကြောင်း။

ယခုရေးဆွဲမည့် Spatial Plan မှာ Conceptual Plan ဖြစ်ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ တင်သွင်းရမည်ဖြစ်ကြောင်း၊ Conceptual Plan ကို ပြည်သူလူထုသိမြင်အောင် ရှင်းလင်းပြောကြားဆွေးနွေးရန် လိုအပ်ကြောင်း၊ Conceptual Plan အပေါ်အခြေခံရေးဆွဲမည့် Master Plan ကိုလည်း ပြည်သူလူထုနှင့် တိုင်ပင်ဆွေးနွေး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအပါအဝင် လွှတ်တော်သို့လည်း တင်ပြရမည်ဖြစ်ကြောင်း။

Spatial Plan သည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မဖြစ်မနေလိုအပ်သဖြင့် ဒေသအနေအထားအခြေအနေများအပေါ် မူတည်၍ ပြည်သူများ၏ သဘောထားဆန္ဒများနှင့်အညီ ရေးဆွဲနိုင်ရေးအတွက် အောက်ခြေအဆင့်အထိ သင်တန်းများပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က Spatial Plan ရေးဆွဲရခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်မြေဒေသအသီးသီး၏ လိုအပ်ချက်များကို အနာဂတ်ကာလသားစဉ်မြေးဆက်တိုင်အောင် ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြေသယံဇာတကို စနစ်တကျအကျိုးရှိရှိ စီမံကိန်းချမှတ်၍ အသုံးပြုရန် ရည်ရွယ်ရေးဆွဲခြင်း ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် အဓိကအားသာချက်များအရ နှိုင်းယှဉ်အကျိုးတရားအပေါ်အခြေခံ၍ စီးပွားရေးတည်ဆောက်မှုပုံစံများရေးဆွဲရန်နှင့် ကဏ္ဍစီမံကိန်းများကိုလည်း Spatial Plan တွင် ပေါင်းစပ်ရေးဆွဲဆောင်ရွက်ရန် ဖြစ်ကြောင်း။

Spatial Plan ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ စီးပွားရေး ယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုတိုးမြှင့်နိုင်ခြင်း၊ စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ကျေးလက်ဖွံ့ဖြိုးရေးလျာထားထိန်းသိမ်းနိုင်ခြင်း၊ ခရီးသွားလုပ်ငန်းရေရှည် ဖွံ့ဖြိုးတိုးတက်နိုင်ခြင်း၊ လူနေမြို့ရွာများ ပြောင်းလဲတိုးတက်မှုစီမံခန့်ခွဲနိုင်ခြင်း၊ သဘာဝအရင်းအမြစ်များ၊ ဇီဝမျိုးစိတ်များ၏ ပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းများ၊ အမျိုးသားအဆင့်နှင့် မြို့ပြဆိုင်ရာ လမ်းကွန်ရက်စနစ်ပေါင်းစည်းခြင်း၊ သင့်လျော်သည့် အခြေခံပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည့် ရေပေးဝေမှု၊ မိလ္လာစနစ်၊ အမှိုက်စနစ်၊ ရေကြီးရေလျှံမှုကာကွယ်ရေး၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး စသည့် အခြေခံအဆောက်အအုံများအတွက်လည်း စဉ်းစားရန်ဖြစ်ကြောင်း၊ ဒေသအလိုက် မြို့ပြ/ကျေးလက်များကို အနာဂတ်တွင် တိုးတက်ဖြစ်ထွန်းနိုင်ရေးအတွက် စီမံရန်လိုအပ်ပြီး အဆိုပါအစီအမံများကိုလည်း ဒေသစီမံကိန်းများတွင် ထည့်သွင်းရန် လိုအပ်ကြောင်း။

Spatial Plan ရေးဆွဲနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ တိုးတက်ဖြစ်ပေါ်လာမည့်လူဦးရေ၊ ရှိပြီးဖြစ်သည့် အခြေခံအဆောက်အအုံများနှင့် ထိန်းသိမ်းရမည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ၊ သီးသန့်ချန်ရမည့် နယ်ပယ်များကို လျာထား၍ အနာဂတ်တွင် မြေယာအသုံးချမှု စနစ်တကျ ပေါ်ထွန်းနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် စီမံကိန်းများပေါ်ထွန်းရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အစိုးရသစ် စတင်တာဝန်ယူသည့် ကာလမှစ၍ ဆင်းရဲမှုပပျောက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဓိကရည်မှန်းချက်ထား ဆောင်ရွက်ခဲ့ပါကြောင်း၊ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲရေးမူဘောင် ၁၀ ချက်ကို အဓိကထား ဆောင်ရွက်သွားရန်နှင့် လူထု၏ အခြေခံလိုအပ်ချက် ဦးစားပေးလုပ်ငန်းခုနစ်ရပ်ကိုလည်း အခြေခံထားဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရများအနေဖြင့် UMFCCI အပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့နယ်များအနေဖြင့် မိမိဒေသ၏ လုပ်ငန်းမျှော်မှန်းချက်များ ချမှတ်ပြီး မြန်ဆန်စွာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

အစိုးရမူဝါဒနှင့်အညီ မှန်ကန်သည့် လမ်းကြောင်းအတိုင်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ထို့အတူ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရန်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် ICT နှင့် e-Government ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ICT တိုးတက်ရေးအတွက် အလေးအနက်ထားဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် e-Government စနစ်ဖြင့် သတင်းအချက်အလက်၊ စစ်တမ်းကောက်ယူသည့် အချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်တော့မည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့် မိမိတို့ဒေသ၏ မြို့ပြစီမံကိန်းများနှင့် စပ်လျဉ်း၍ ပြည်သူများသို့ အသိပေးရန် လိုကြောင်း၊ သို့မှသာ ပြည်သူများနှင့် ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မြို့ပြနှင့်ဒေသစီမံကိန်းများနှင့် စပ်လျဉ်း၍ အကျွမ်းတဝင်ဖြစ်လာမည်ဖြစ်ကြောင်း။

မြို့ပြစီမံကိန်းများကို လွှတ်တော်သို့ ဆက်လက်တင်ပြသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာ၌ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ပွင့်လင်းမြင်သာစွာဖြင့် ဆောင်ရွက်သွားရန် အရေးကြီးပါကြောင်း၊ မြို့နှင့်ရွာမြေသတ်မှတ်စစ်ဆေးခြင်း၊ အငြိမ်းစားဝန်ထမ်းများအတွက် Rental Housing များ တည်ဆောက်ခြင်း၊ မြေသစ်၊ မြေရိုင်းများ ဖော်ထုတ်ပြီး လယ်ယာမြေများ တိုးချဲ့ဆောင်ရွက်ခြင်းနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စုပေါင်းရုံးများ ဆောက်လုပ်ခြင်းကို အမြန်ပြီးစီးအောင် ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်ယော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးများ၊ UMFCCI ဥက္ကဋ္ဌနှင့် စွမ်းအင်ဝန်ကြီးဌာန၊ ဒုတိယဦးဆောင် ညွှန်ကြားရေးမှူး ဦးဝင်းမော်တို့က မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီးတင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# ကွန်ကာကပ်ဖ် ရွှေဖလား အုပ်စု(ဂ) ပွဲစဉ်တွင် မက္ကဆီကိုအသင်း ဂိုးပြတ်နိုင်



ကွန်ကာကပ်ဖ် ရွှေဖလား အုပ်စု(ဂ) ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မက္ကဆီကိုအသင်းနှင့် ကျူးဘားအသင်းပွဲစဉ်တွင် မက္ကဆီကိုအသင်းသည် ခြောက်ဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ယူခဲ့သည်။

မက္ကဆီကို အသင်းသည် ပွဲစပြီးပွဲချိန် ၁၈ မိနစ်တွင် အိုရီဘီပါရာလ်တာက အဖွင့်ဂိုးသွင်းယူခဲ့ပြီး ၂၃ မိနစ်တွင် ကားလို့စ်ဗီလာက မက္ကဆီကိုအတွက် ဒုတိယဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၇ မိနစ်တွင် အိုရီဘီပါရာလ်တာက ထပ်မံဂိုးသွင်းယူခဲ့ကာ ၄၄ မိနစ်တွင် ဂွာဒါဒိုက မက္ကဆီကိုအတွက် လေးဂိုးမြောက်သွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် မက္ကဆီကိုအသင်း လေးဂိုး-ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး လူစားလဲမှုများ စတင်ပြုလုပ်ခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် အိုရီဘီပါရာလ်တာက ၎င်း၏ဟက်ဒရစ်သွင်းဂိုးနှင့်အတူ မက္ကဆီကိုအတွက် ငါးဂိုးမြောက်သွင်းယူခဲ့သည်။ ပွဲချိန် ၇၅ မိနစ်တွင် ဂျီအိုဗာနီဒေါ့ဆန်းတို့စ်က နောက်ဆုံးဂိုးသွင်းယူကာ မက္ကဆီကိုအသင်း ခြောက်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

တခြားပွဲစဉ်ဖြင့် ထရီနီဒက်နှင့် ဂွာတီမာလာပွဲတွင် ထရီနီဒက်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ထရီနီဒက်၏သွင်းဂိုးများကို ၁၁ မိနစ်တွင် ရှယ်ဒွန် ဘာတီအူ၊ ၁၅ မိနစ်တွင် ကော်ဒဲလ်ကာတို၊ ၂၅ မိနစ်တွင် ဂျိုးဗင်ဂျိုးနက်စ်တို့က သွင်းယူခဲ့ပြီး ပထမပိုင်းပြီးချိန်တွင် သုံးဂိုး- ဂိုးမရှိဖြင့် ဦးဆောင်ထားသည်။

ဒုတိယပိုင်း ၆၂ မိနစ်တွင် ဂွာတီမာလာအတွက် တစ်လုံးတည်းသော ချေပဂိုးကို ကားလို့ရစ်ဇ်က သွင်းယူပေးခဲ့သည်။ ပွဲပြီးချိန်တွင် ထရီနီဒက်အသင်း သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အုပ်စု(ဂ)ရပ်တည်မှုတွင် မက္ကဆီကိုအသင်းနှင့် ထရီနီဒက်အသင်း သုံးမှတ်စီရရှိခဲ့သည်။

**သီဟ**

# မြန်မာ့ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ရန် ရုပ်ရှင်ရုံအသစ်များပေါ်ပေါက်လာရေး အလေးထားဆောင်ရွက်နေ

မေး/ရေး - ရီရီမြင့်၊ ဥမ္မာသန့်

ရန်ကုန် ဇူလိုင် ၁၀

**မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်ကလိုအပ်သည်များ ထောက်ပံ့ကူညီပေးနေသကဲ့သို့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးကလည်း အထူးအလေးထား ဆောင်ရွက်လျက်ရှိသည်။ ယခု မြန်မာရုပ်ရှင်ကားများရုံတင်ချိန်တွင် ကြည့်ရှုသူပရိသတ်များပြားလာသော်လည်း လူမှုကွန်ရက်ထိုးနှက်ချက်များကြောင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ကြောင်း သိရသည်။**

ယင်းတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းအား ရုပ်ရှင်ရိုက်ကွင်းတစ်နေရာ၌ မြန်မာ့သတင်းစဉ်က မေးမြန်းသိရှိခဲ့သည်များကို ဖော်ပြလိုက်ရပါသည်။

**မေး။ ။ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအနေနဲ့ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုဆောင်ရွက်နေပါသလဲ။**

ဖြေ။ ။ မြန်မာ့ရုပ်ရှင်လောက တိုးတက်ဖို့ဆိုတာက နှစ်ပိုင်းရှိပါတယ်။ ဒီဗီဒီလို့ခေါ်တဲ့ ဗီဒီယိုဈေးကွက်နဲ့ ရိုက်ကူးဖြန့်ချိတဲ့အပိုင်းက တစ်ပိုင်း၊ မြန်မာ့ရုပ်ရှင်ဆိုတဲ့ ရုံတွေပေါ်မှာပြသတဲ့ ရုပ်ရှင်ဇာတ်ကားတွေ ဖွံ့ဖြိုးတိုးတက်ဖို့က တစ်ပိုင်းပါ။ ရုပ်ရှင်အနေနဲ့ပြောရရင် အနုပညာရှင်တွေနဲ့ နိုင်ငံတော်သမ္မတကြီးတွေ့ဆုံစဉ်က ကျွန်တော်တင်ပြခဲ့သလို မြန်မာ့ရုပ်ရှင် ကျဆင်းနေတယ်ဆိုတာ အမှန်ပဲ။ ဘာလို့ကျဆင်းရသလဲဆိုတော့ မြန်မာ့ရုပ်ရှင် ဈေးကွက်မရှိလို့၊ ဈေးကွက်မရှိရခြင်းက ရုပ်ရှင်ရုံတွေ မရှိလို့၊ ရုပ်ရှင်ရုံအရေအတွက် အင်မတန်နည်းနေတာက ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကအားနည်းချက် တစ်ချက်ပါ။ အဲ့ဒီတော့ ရုပ်ရှင်ရုံအသစ်တွေ ထပ်မံပေါ်ပေါက်လာဖို့ကိစ္စကို အထူးအလေးထားဆောင်ရွက်နေတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်တွေရဲ့ ရုံအသစ်တွေပေါ်လာရင်လည်း လိုအပ်တဲ့အကူအညီတွေကို ဝိုင်းဝန်းပြီး အားပေးလာခဲ့တာ အခုဆိုရင် ရုပ်ရှင်ရုံတွေကိုလည်း ဖလင်ပြသစနစ်ကနေ ဒစ်ဂျစ်တယ်စနစ်ကိုပြောင်းလဲလာပြီဆိုတော့ ဒစ်ဂျစ်တယ်စနစ်နဲ့ပြနိုင်တဲ့ ရုပ်ရှင်ရုံတွေ မြန်မာတစ်နိုင်ငံလုံးမှာ အခုဆိုရင် ၃၉ ရုံဖြစ်လာပြီ။ ကျွန်တော်တို့ တိုင်းပြည်ရဲ့ လူဦးရေသန်း ၅၀ ကျော်အရေအတွက်နဲ့ အချိုးချလိုက်ရင် ရုပ်ရှင်ရုံအချိုးက အင်မတန်နည်းပါးနေသေးတယ်၊ နောက်ထပ်ပေါ်ပေါက်ဖို့ လိုသေးတယ်။ ဒါက ရုပ်ရှင်နဲ့ပတ်သက်တာပါ။ ဗီဒီယိုကျတော့ အခုလက်ရှိ အခြေအနေမှာ ဗီဒီယိုဈေးကွက်က ကျဆင်းနေတယ်။ ဘာလို့ကျဆင်းနေသလဲဆိုရင် နည်းပညာတိုးတက်လာတာနဲ့ အမျှ ကျွန်တော်တို့ရဲ့ အနုပညာကုန်ပစ္စည်းတွေကို လုံခြုံအောင်ထိန်းသိမ်းဖို့ အပိုင်းက အခက်အခဲတွေ အများကြီးရှိတယ်။ အခု လတ်တလော ကြုံတွေ့နေရတာဆိုရင် ကျွန်တော်တို့ဆီမှာ Cyber Law အတိအကျမရှိတဲ့အတွက် အွန်လိုင်းပေါ်မှာ ရုံတင်ပြသဆဲ ရုပ်ရှင်ကားတွေကို ဘယ်ကရမှန်းမသိ အပိုင်းပိုင်းခွဲပြီးကြည့်တဲ့ အလေ့အထကို ပရိသတ်တွေရသွားတဲ့အတွက် ဗီဒီယိုကားတွေဆိုရင် နယ်ဖြန့်ပြီး ရန်ကုန်မဖြန့်ခင် လတ်တလောအွန်လိုင်းပေါ်မှာတက်လာတဲ့အတွက် ဖြန့်ချိရေးသမားတွေအနေနဲ့ အများကြီး ထိခိုက်နစ်နာမှုရှိလာတယ်။ ဒီ Cyber Law နဲ့ပတ်သက်ပြီးလုံခြုံရေးအတွက် ရုပ်ရှင်အစည်းအရုံးအနေနဲ့ "ကျွန်မက နှင်းဆီပါမောင်" ဇာတ်ကားကစပြီးတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့ပြီး နိုင်ငံတကာပညာရှင်တွေ ဖိတ်ကြားပြီး စုံစမ်းဖော်ထုတ်ဖို့ ဆောင်ရွက်နေပါတယ်။

**မေး။ ။ ရုပ်ရှင်ရုံတွေ ဒစ်ဂျစ်တယ်စနစ်ပြောင်းတဲ့အတွက် ဝေဖန်သုံးသပ်ပေးပါ။**

ဖြေ။ ။ ရုပ်ရှင်ရုံတွေ ဒစ်ဂျစ်တယ်စနစ်ပြောင်းတာက ရုပ်ရှင်လောကသားအများစုရဲ့ သဘောဆန္ဒနဲ့ ဆုံးဖြတ်တာကြာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ခေတ်ကာလအခြေအနေအရ ဖလင်ဆိုတာက ကမ္ဘာမှာ မရှိသလောက်ကို ရှားသွားပြီ။ ဖလင်နဲ့ရိုက်ကူးရာမှာ စရိတ်စကအကုန်အကျများမှု၊ ရိုက်ကူးရာမှာ အခက်အခဲရှိမှုတွေကို ဒစ်ဂျစ်တယ်စနစ်က အကုန်လုံးကို ကျော်လွှားနိုင်တယ်။ ပရိသတ်၊ ပြည်သူလူထုကို အရုပ်၊ အသံ အရည်အသွေးပြည့်ပြည့်ဝဝ တင်ဆက်နိုင်တယ်။ အခကြေးငွေကုန်ကျမှု၊ နည်းပညာဆိုင်ရာ အခက်အခဲတွေကို ဖြေရှင်းဖို့ လွယ်ကူလာတယ်။ အဓိကကတော့ ပရိသတ်ကို အရည်အသွေးကောင်းကောင်း တင်ပြနိုင်ရုံသာမက ကမ္ဘာနဲ့ချီပြီး ပြောင်းလဲလာမှုတစ်ရပ်ကို ကျွန်တော်တို့ တိုင်းပြည်ကပါ လိုက်ပါစီးမျောတဲ့သဘောပါ။

**မေး။ ။ ရုပ်ရှင်ရုံတွေကို အပြီးအပိုင်ရောင်းချတာနဲ့ ပတ်သက်ပြီး ဦးလူမင်းရဲ့ သဘောထားအမြင်ကို ပြောပြပေးပါ။**

ဖြေ။ ။ အဲဒါကလည်း ခုနကပြောတဲ့အကြောင်းအရာနဲ့ဆက်စပ်နေတယ်။ ရုပ်ရှင်ရုံတွေ တိုးတက်လာဖို့က ရုပ်ရှင်ရုံတွေ ဘယ်ပျောက်သွားသလဲဆိုတာ အရင်းကိုစစ်ရမှာပါ။ အဲဒီလို စစ်လိုက်တဲ့အခါ ဟိုအရင်က ပြည်သူပိုင်သိမ်းတာတွေရှိတယ်။ နောက်ပိုင်း ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ကနေ ရုပ်ရှင်ရုံတွေကို အပြီးအပိုင်ရောင်းချတာတွေရှိတယ်။ ရုပ်ရှင်ရုံတွေ ရောင်းချတဲ့အခါမှာလည်း ရုပ်ရှင်ရုံမဖြစ်မနေ ပြန်ထည့်ရမယ်ဆိုတဲ့ သဘောတူညီချက်စာချုပ် စာတမ်းတွေနဲ့ ရောင်းချတာလို့ သိရတယ်။ ဒါပေမယ့် တချို့ရောင်းချထားတဲ့ ရုံတွေက စာချုပ်မှာ သဘောတူညီချက်ပါသော်ငြားလည်း မူလစာချုပ်ပါအတိုင်း ရုပ်ရှင်ပြသမှုအပိုင်း မပါရှိသေးတာ တွေ့နေရတယ်။ အဲဒါတွေ အခုလတ်တလော ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့လည်း စုံစမ်းစစ်ဆေးပြီး ဆောင်ရွက်နေတယ်လို့ ကြားသိရပါတယ်။

**မေး။ ။ ပြည်ပမှာ မြန်မာရုပ်ရှင်ကားတွေ ပြသမှုနဲ့ ပတ်သက်ပြီး လက်ရှိအခြေအနေ သိပါရစေ။**



**အကယ်ဒမီ လူမင်းက တွေ့ဆုံမေးမြန်းမှုကို ဖြေကြားစဉ်။**
(ဓာတ်ပုံ-ရီရီသန့်)

ဖြေ။ ။ အဲဒီအပိုင်းကို စနေပါပြီ။ ၈ လပိုင်း ၈ ရက်နေ့ စင်ကာပူမှာ မြန်မာရုပ်ရှင်ပွဲတော်ဆိုပြီး သွားပြမယ်။ အဲဒီသွားပြတဲ့စနစ်ကလည်း တစ်ကြိမ်တစ်ခါ ပွဲကန်ထရိုက်သွင်းသလို ပြတာမျိုးမဟုတ်ဘဲ ဟိုမှာရှိတဲ့ Golden City Village မှာပဲ ပုံမှန်ပြသခွင့်ရအောင် ကြိုးစားထားတယ်။ ဆိုလိုတာက တစ်လတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ဖြစ်ဖြစ် တကယ့်ကို ပုံမှန်ပြသခွင့်ရအောင် စတင်ကြိုးစားတဲ့ ခြေလှမ်းဖြစ်ပါတယ်။ အရင်တုန်းက မြန်မာရုပ်ရှင်ကားတွေ နိုင်ငံခြားမှာ သွားပြဖူးတာရှိတယ်။ ဥပမာ ရုပ်ရှင်ရုံတစ်ရုံကို ငှားရမ်းတယ်။ အခကြေးငွေအပြည့်ပေးပြီး ပြရတယ်။ အဲဒီလို လုပ်ခဲ့ရတယ်။ အခုမင်္ဂလာအုပ်စုက ပုံမှန်ရုပ်ရှင်ပြသနေတဲ့ ရုံတွဲစနစ်ပြသနေပြီ။ နောင်ကိုလည်း ပုံမှန်ပြသနိုင်ခွင့်ရအောင် ကြိုးစားသွားမှာပါ။ နောက်ပြီး ၉ လ၊ ၁၀ လပိုင်းမှာလည်း မလေးရှားမှာ အဲဒီလိုပွဲတော်လုပ်ဖို့လည်း စီစဉ်ထားတယ်။ ဒါကလည်း ပြောရရင် နိုင်ငံခြားတိုင်းပြည်မှာရှိတဲ့ ကျွန်တော်တို့ မြန်မာပရိသတ်တွေကို သွားရောက်ဖျော်ဖြေနိုင်တဲ့ အဆင့်ပဲရှိသေးတယ်။ နိုင်ငံတကာက နိုင်ငံခြားသားတွေ မြန်မာရုပ်ရှင်ဇာတ်ကားကိုဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ကြည့်ရှုခြင်းအဆင့်ကို မရောက်သေးဘူး တစ်ဆင့်ပြီး တစ်ဆင့်သွားရမှာပါ။

**မေး။ ။ ကျွန်မကနှင်းဆီပါမောင် ရုပ်ရှင်ကား လူမှုကွန်ရက်မှာ ပြန့်သွားတဲ့အတွက် ကြည့်ရှုသူပရိသတ်အခြေအနေ သိပါရစေ။**

ဖြေ။ ။ ကျွန်မကနှင်းဆီပါမောင် ရုပ်ရှင်ကား အွန်လိုင်းမှာ ပြန့်သွားတဲ့အတွက် ကြည့်ရှုသူ သိသိသာသာ ကျသွားတယ်။ ဒီရုပ်ရှင်ကား ရုံတင်ချိန်မှာ ပရိသတ်စိတ်ဝင်စားမှု အားကောင်းပြီး ရုံတင်တင်ချင်း ကြည့်ရှုသူများပြားတဲ့အတွက် အထူးတန်းလက်မှတ်တွေ၊ ကြိုတင်လက်မှတ်တွေတောင် ဝယ်လို့မရတဲ့အဆင့်အထိ အခြေအနေဖြစ်သွားတယ်။ ပရိသတ်အားပေးမှု များပြားလာတဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ခဲ့တယ်။ ဒါပေမယ့် အွန်လိုင်းထိုးနှက်ချက်ပေါ်လာတဲ့အတွက် ပရိသတ်ရုံဝင်မှုက သိသိသာသာကို ကျဆင်းသွားတယ်။ ထုတ်လုပ်သူအနေနဲ့လည်း သိန်းပေါင်းထောင်ချီပြီး နစ်နာဆုံးရှုံးမှုတွေ ဖြစ်ခဲ့တယ်။ အွန်လိုင်းမှာ ကြည့်လို့မဝသေးဘူး၊ မသမာသူတွေကကူးယူပြီး အခွေ၊ ဗွီစီဒီအနေနဲ့ပါ တရားမဝင်ဖြန့်ဖြူးရောင်းချ ပြသတာတွေဖြစ်ပေါ်လာတဲ့အတွက် လိုက်လံဖမ်းဆီး အရေးယူမှုတွေ ဆောင်ရွက်နေတယ်။ စည်းမဲ့ကမ်းမဲ့ အဲ့ဒီလိုတင်တဲ့ကိစ္စကိုလည်း ထုတ်လုပ်သူ မူရင်းပိုင်ရှင်နဲ့ညှိနှိုင်းပြီး တရားစွဲဆိုမှုတွေ လုပ်ဖို့စီစဉ်ထားတယ်။ ကျွန်မကနှင်းဆီပါမောင်ဇာတ်ကား ပေါက်ကြားတဲ့ ကိစ္စကိုလည်း ကျွန်တော်တို့ ရုပ်ရှင်အစည်းအရုံးက စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့ပြီး နိုင်ငံခြားပညာရှင်တွေ ပါဝင်ကာ ဘယ်နေရာကထွက်သလဲဆိုတာ စုံစမ်းဖို့ အစီအစဉ်တွေ လုပ်နေတယ်။

**မေး။ ။ ရုပ်ရှင်လောကနဲ့ပတ်သက်ပြီး ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ မြန်မာ့ရုပ်ရှင်က ၂၀၁၄ ခုနှစ်ကဆိုရင် ပထမပတ်မှာ ရုပ်ရှင်ရုံတွေ ဝင်ငွေ ၇၀ ရာခိုင်နှုန်းပြည့်မီတဲ့ကားက တစ်ကား ၊ နှစ်ကားလောက်ပဲရှိတယ်။ ဒါပေမယ့် ၂၀၁၅ ခုနှစ် ဧပြီလ နောက်ပိုင်းမှာ ရုံတင်သမျှဇာတ်ကားတိုင်းက ပထမပတ်ဝင်ငွေ ၇၀ ရာခိုင်နှုန်းကျော်တဲ့ ကားတွေများတယ်။ ဆိုလိုတာက မြန်မာ့ရုပ်ရှင်ကို မြန်မာပရိသတ်တွေကကြည့်အား အလွန်တက်လာတဲ့ အချိန်ကျမှ အခုလို အွန်လိုင်းပေါ် တရားမဝင်တင်လိုက်တဲ့အခါ ဒီကျွန်မကနှင်းဆီပါမောင် တစ်ကားတည်းမဟုတ်ဘူး၊ အခုမှ နလန်ထလာတဲ့ မြန်မာ့ရုပ်ရှင်လောကကြီးကို အထိနာအောင် လုပ်လိုက်တာနဲ့ အတူတူပဲ။ အဲဒီတော့ ဗီဒီယိုဆိုရင် ပိုပြီးလုံခြုံမှုအားနည်းတယ်။ ခုနကလို ဗီဒီယိုဆိုတာက နယ်တွေအကုန်ဖြန့်ပြီး နောက်ဆုံးမှ ရန်ကုန်ဖြန့်ရတဲ့အတွက် ရန်ကုန်မဖြန့်ရသေးတဲ့ကားတွေ အွန်လိုင်းပေါ်မှာရောက်နေပြီဆိုတော့ Cyber Law ကိစ္စက ကျွန်တော်တို့အတွက် အလွန်အရေးကြီးတယ်။ အဲ့ဒီပေါ်မှာ ထိထိရောက်ရောက် အရေးမယူနိုင်ရင် မြန်မာ့ရုပ်ရှင်က လ ပိုင်း၊ နှစ် ပိုင်းအတွင်းမှာ ကျဆုံးသွားမှာဖြစ်ပါတယ်။ အဲဒီကိစ္စကတော့ ရုပ်ရှင်လောကအတွက် အရေးပေါ်အခြေအနေလို့ ပြောချင်ပါတယ်။

# မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့သို့ အလှူငွေများလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာ့အလင်းသတင်းစာမြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့၏ လစဉ်ပုံမှန်အစည်းအဝေးကို ဇူလိုင် ၇ ရက်က ရန်ကုန်မြို့၌ ကျင်းပသည်။

အစည်းအဝေးမစတင်မီ သန်လျင်မြို့ရှိ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ငွေကျပ် ငါးသောင်း၊ သန်လျင်မြို့နေ



ဦးဌေးမိုး-ဒေါ်လဲ့လဲ့ခမ်း (ရွှေနဂါးကုန်မျိုးစုံနှင့် ဆန်ဆီရောင်းဝယ်ရေး)က လှူဒါန်းငွေကျပ် ငါးသောင်းကို အလှူရှင်များကိုယ်စား မြို့နယ်သတင်းထောက် ဦးသန်းဝင်း (သန်လျင်)က ပေးအပ်လှူဒါန်းရာ နာယကများ၊ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်း (ကျောက်တန်း)နှင့် အမှုဆောင်များက လက်ခံယူခဲ့ကြသည်။

ထို့နောက် အဖွဲ့ဝင် စလင်းမြို့နယ် သတင်းထောက်အတွက် အဖွဲ့မှ ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးအပ်ရာ ဦးစစ်ကြည်ကိုယ်စား နာယက ဦးကျော်မြင့်သန်း (လမ်းမတော်)က အကျိုးဆောင်အဖြစ် လက်ခံသည်။

ဆက်လက်၍ အစည်းအဝေး ဆုံးဖြတ်ချက်အရ မြန်မာ့အလင်းသတင်းစာတိုက်မှ သတင်းထောက်အသိအမှတ်ပြုကတ်ပြားရပြီး အဖွဲ့နှင့်ကင်းကွာနေသော မြို့နယ်သတင်းထောက်များအနေဖြင့် ဥက္ကဋ္ဌ ဦးစိုးဝင်း ဖုန်း၀၉- ၇၃၉၀၁၇၇၂၊ အတွင်းရေးမှူး ဦးတင်ဝင်းလေး ဖုန်း ၀၉-၃၁၂၈၅၄၇၇၊ ဘဏ္ဍာရေးမှူး ဦးအောင်သန်း ဖုန်း- ၀၉- ၅၁၆၁၈၇၄ တို့သို့ ဆက်သွယ်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

**တင်ဝင်းလေး (ကြည့်မြင်တိုင်)**

# မြန်မာ-အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်များအကြား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးမည်

**ရန်ကုန် ဇူလိုင် ၁၀**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် State Owned Enterprises ၏ ဦးဆောင်မှုဖြင့် အင်ဒိုနီးရှားကုမ္ပဏီ ၁၆ ခုမှ အင်ဒိုနီးရှား စီးပွားရေး လုပ်ငန်းရှင်များသည် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် စီးပွားကုန်သွယ်မှုလုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်ကာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလယ်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့်ပူးပေါင်း၍ စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပမည် ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အင်ဒိုနီးရှား-မြန်မာ စီးပွားရေးလုပ်ငန်းရှင်များသည် သတ္တုတွင်းထွက်လုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ကြေးနန်းနှင့် ဆက်သွယ်ရေးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်း၊ တိရစ္ဆာန်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းထုတ်လုပ်သည့်လုပ်ငန်း၊ ချည်မျှင်နှင့်အထည်လုပ်ငန်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်း၊ မီးရထားသယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ စက်ပစ္စည်းကိရိယာနှင့် အပိုပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းများကို ဆွေးနွေးကြမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာစီးပွားရေးလုပ်ငန်းရှင်များ တက်ရောက် နိုင်ကြောင်းနှင့် တက်ရောက်မည့်စာရင်းကို ကုန်သည်/စက်မှုအသင်းချုပ် နိုင်ငံတကာဆက်ဆံရေးဌာန ဖုန်း-၀၁-၂၃၀၁၅၆၄၊ ၀၁-၂၁၄၃၄၄ မှ ၄၉ (လိုင်းခွဲ-၁၂၀၊ ၁၂၁၊ ၁၂၂)တို့သို့ ဇူလိုင် ၂၀ ရက်အရောက် ပေးပို့ကြရမည် ဖြစ်ကြောင်း သိရသည်။

**ကိုချစ်**

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများ မိုးပိုလာနိုင်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေသာချိန်ရှိပြီး မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

**(မိုး/ဇလ)**



ဇူလိုင် ၉ ရက်က အီဂျစ်နိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညစာခံပွဲအခမ်းအနားတက်ရောက်လာသည့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီးတို့အား မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံ သံအမတ်ကြီး H.E.Mr. Hany Riad Moawad နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# နောင်ချိုမြို့နယ်မှ ကြံစိုက်တောင်သူများလာရောက်လေ့လာ

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်မှ ကြံစိုက်တောင်သူ ၅၀ နှင့် သကြားစက်လုပ်ငန်းရှင်များ ပါဝင်သော လေ့လာရေးအဖွဲ့များအား ယနေ့နံနက် ၆ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ဥတ္တရသီရိမြို့နယ် စက်စက်ယို စိုက်ကွင်းတောင်သူပညာပေးခန်းမ၌ တွေ့ဆုံပြီး တစ်ဧကကြံတန်ချိန် ၈၀ ထွက်ရှိရေး၊ သိပ္ပံနည်းကျ တစ်ဆစ်ချင်းစီ ပျိုးထောင်၍ စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ခင်းကျင်းပြသထားသော ပျိုးထောင်နည်းစနစ်များ၊ ကြံမျိုးကောင်း မျိုးသန့်များ၊ ခေတ်မီကြံစိုက် ပျိုးနည်းစနစ်ဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ စိုက်ပျိုးရေးပညာရှင်များက ကြံတစ်ဧကတန် ၈၀ အထွက်နှုန်းရရှိရေးအတွက် လိုက်နာဆောင်ရွက်ရမည့် စိုက်နည်းစနစ်များနှင့် ကြံမျိုးကောင်း မျိုးသန့်များကို ဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိနေမှုတို့ကို ရှင်းလင်းတင်ပြကြရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့မှတစ်ဆင့် ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ရောက်ရှိပြီး သင်တန်းတက်ရောက်လျက်ရှိသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ (ကြည်း၊ ရေ၊ လေ) အရာရှိများအား မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လက်တွေ့လုပ်ငန်းစဉ်များနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံခန့်ခွဲမှုလုပ်ငန်းနည်းစနစ်ကို ဆွေးနွေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဝင်များနှင့်အတူ ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းကျေးရွာ အလယ်တန်းကျောင်းခွဲအား အခြေခံပညာ အလယ်တန်းဆင့်သို့ တိုးမြှင့်ခြင်းအခမ်းအနားနှင့် ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးခဲ့သည်။ **(သတင်းစဉ်)**

# KDDI နှင့် Sumitomo ကုမ္ပဏီများက မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်မည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) နှင့်အကျိုးတူပူးပေါင်းဆောင်ရွက်သော ဂျပန်ကုမ္ပဏီများဖြစ်သည့် KDDI နှင့် Sumitomo တို့သည် လာမည့်နှစ်ဦးရာသီတွင် မြန်မာနိုင်ငံရှိ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းကို တိုးချဲ့သွားမည်ဖြစ်ကြောင်း နစ်ကိုင်အေးရှား ရီဗျူးသတင်းများတွင် ရေးသားဖော်ပြထားသည်။

ယင်းဂျပန်ကုမ္ပဏီနှစ်ခုသည် မြန်မာနိုင်ငံ၏ မိုဘိုင်းဖုန်းလုပ်ငန်းတွင် ယန်း ၂၀၀ ဘီလီယံ (ဒေါ်လာ ၁ ဒသမ ၆၁ ဘီလီယံ) ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိ ၎င်းတို့ ၏ base stations များကို ၅၀၀၀ အထိတိုးချဲ့တည်ဆောက်သွားမည်ဟု သိရသည်။

ကာတာအခြေစိုက်အော်ရီဒူးနှင့် နော်ဝေအခြေစိုက်တယ်လီနောတို့နှင့်ယှဉ်ပြိုင်နေရသော ယင်းဂျပန်ဆက်သွယ်ရေးကုမ္ပဏီများသည် နေပြည်တော်၊ ရန်ကုန်နှင့်မန္တလေးမြို့များတွင် MPT ရောင်းဝယ်ရေးဆိုင်များဖွင့်လှစ်ကာ ၎င်းတို့၏စမတ်ဖုန်းများကို လက်ရှိအရေအတွက်ထက် ၁၀ ဆ ထုတ်လုပ်ရောင်းချရန် ကြိုးပမ်းနေကြသည်။

တစ်နှစ်တာအတွင်းဆင်းကတ် ၁၂ သန်း ရောင်းချရန် ရည်ရွယ်ထားသည့်ယင်း ဂျပန်ကုမ္ပဏီနှစ်ခုသည် ၎င်းတို့၏ ကုန်အမှတ်တံဆိပ် "brand" ကို လူသိများလာအောင် မီဒီယာမှတစ်ဆင့်သော်လည်းကောင်း၊ အခြားသောကြော်ငြာနည်းများဖြင့်သော်လည်းကောင်း ပြုလုပ်မည်ဟုဆိုသည်။

လူဦးရေသန်း ၆၀ ရှိသော မြန်မာနိုင်ငံ၌ မိုဘိုင်းဝန်ဆောင်မှုများပြုလုပ်မည့် ကုမ္ပဏီများအတွက် အလားအလာကောင်းများရှိပြီး ဈေးကွက်ပွင့်လာသည့် တစ်နှစ်တာကာလအတွင်း နိုင်ငံအတွင်း မိုဘိုင်းဖုန်းအသုံးပြုနှုန်းမှာ ၂၀ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ၂၀၁၆ ခုနှစ်တွင် မိုဘိုင်းဖုန်းအသုံးပြုနှုန်း ၈၀ ရာခိုင်နှုန်းအထိရောက်ရှိအောင် ရည်ရွယ်ထားကြောင်း သိရသည်။ **ဝရဇိန်**

# မန်စီမြို့နယ်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မန်စီ ဇူလိုင် ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် ကုန်းတိန်ကျေးရွာအုပ်စု မံသဲကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို မန်စီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးငွေမြင့်နှင့် ရုံးအဖွဲ့ဝန်ထမ်းများသည် ဇူလိုင် ၈ ရက်က မြစိမ်းရောင်စီမံကိန်းဝင် အသင်းသားများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ တိုးတက်မှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**သစ်တော သစ်ပင် တို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး**

# ရန်ကုန်မြို့တွင် စက်သုံးဆီဈေးနှုန်း ရောင်းဈေးတစ်ပြေးညီကျဆင်းမှုမရှိသေး

**ရန်ကုန် ဇူလိုင် ၁၀**

ပြည်ပမှတင်သွင်းလာသော စက်သုံးဆီများ၏ တစ်ပတ်အတွင်းဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးနှုန်းများကို ယခုနှစ်မေလနောက်ဆုံးပတ်အတွင်းမှစ၍ အပတ်စဉ်သက်ဆိုင်ရာမှ ထုတ်ပြန်အသိပေးနေသည်။ ပြည်ပတွင် ဝယ်ယူခဲ့ပြီး နောက်တစ်ပတ်အတွင်း စက်သုံးဆီရောက်ရှိတတ်သည်။

မေ ၂၅ ရက်မှ ၂၉ ရက်အတွင်း စက်သုံး ဆီဆိပ်ကမ်းရောက် ဈေးနှုန်းထက် ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အတွင်း ဆိပ်ကမ်းရောက်ဈေးနှုန်းများသည် သိသာစွာကျဆင်းနေသည်။ သို့သော် ရန်ကုန်မြို့၌ စက်သုံးဆီအရောင်းဆိုင်ကြီးများတွင် တစ်ပြေးညီကျဆင်းမှုမရှိဘဲ ဇွန်လပထမပတ်အတွင်း ဈေးနှုန်းအတိုင်း ဒီဇယ်ဆီရောင်းချနေပြီး အောက်တိန်း ၉၂ တစ်လီတာလျှင် ငွေကျပ် ၁၀ သာဈေးကျသည်ဟု စက်သုံးဆီဝယ်ယူသုံးစွဲနေသည့် မီနီဘတ်ယာဉ်ငယ်ပိုင်ရှင် ဦးတင့်က ပြောသည်။

အောက်တိန်း ၉၂ တစ်လီတာ၏ ဆိပ်ကမ်းရောက်ပျမ်းမျှ အရင်းဈေးမှာ မေလ ၂၅ ရက်မှ ၂၉ ရက်အတွင်း ၇၀၂ ကျပ်ရှိပြီး ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အတွင်းတွင်မူ ၆၆၄ ကျပ်သာရှိသည်ဟု သက်ဆိုင်ရာမှ ထုတ်ပြန်ချက်အရ သိရသည်။ ဇွန်လပထမပတ်အတွင်း ရန်ကုန်မြို့တွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် အောက်တိန်း ၉၂ တစ်လီတာလျှင် ငွေကျပ် ၇၃၀ နှုန်း၊ ဇူလိုင် ၈ ရက်တွင် ၇၂၀ ကျပ်နှုန်းဖြင့် ရောင်းချသည်ဟု ယင်းဆိုင်ကြီးများရှေ့ရှိ ဈေးနှုန်းကြေညာချက်များအရ သိရသည်။

အလားတူ မေ ၂၅ ရက်မှ ၂၉ ရက်အတွင်း ဒီဇယ်တစ်လီတာ၏ ဆိပ်ကမ်းရောက် ပျမ်းမျှအရင်းဈေးနှုန်းသည် ၆၅၈ ကျပ်ရှိရာမှ ဇွန် ၂၉ ရက်မှ ဇူလိုင် ၃ ရက်အတွင်းတွင်မူ ၆၀၈ ကျပ်သာရှိသည်။ ဆိပ်ကမ်းရောက် အရင်းဈေး ဒီဇယ်တစ်လီတာလျှင် ငွေကျပ် ၅၀ ဈေးကျဆင်းသော်လည်း ရန်ကုန်မြို့တွင်း၌မူ ငွေကျပ် ၆၉၀ နှုန်းဖြင့် ရောင်းချနေရာ ဝယ်ယူသူများအတွက် ဈေးနှုန်းကျဆင်းမှုမရှိဘဲ ဇွန်လပထမပတ်ဈေးနှုန်းနှင့် ဇူလိုင် ၈ ရက်ဈေးနှုန်းများ အတူတူ ဖြစ်နေသည်ဟု လသာမြို့နယ်နေ အိမ်စီးယာဉ်ငယ်ပိုင်ရှင်တစ်ဦးဖြစ်သူ ဦးဟန်က ပြောသည်။

ယနေ့ကာလတွင် စက်သုံးဆီရန်ကုန်မြို့တွင်းရောင်းဈေးနှုန်းများသည် အပတ်စဉ် သက်ဆိုင်ရာမှထုတ်ပြန်ပေးသော ဆိပ်ကမ်းရောက်ပျမ်းမျှအရင်းဈေးနှုန်းပြောင်းလဲမှုနှင့်တစ်ပြေးညီဖြစ်စေလိုသည်ဟု ကမ်းနားလမ်းမတွင် နေထိုင်သူ အိမ်စီးယာဉ်ငယ်ပိုင်ရှင် ဦးလှဦးက ဆိုသည်။ **ခင်ဆိုင်**

# ဇူလိုင် ၁၀ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၅ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ သောကြာနေ့ ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်) ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၃၅၀၀ မှ ၄၄၅၀၀ |
| ၂ | ဧရာ/ညော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၇၀၀၀ မှ ၂၀၇၀၀ |
| ၃ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၁၅၀၀ |
| ၄ | မြီးတို(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၇၀၀၀ မှ ၂၉၀၀၀ |
| ၅ | ဆင်းသွယ်လတ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၁၅၀၀ မှ ၂၂၀၀၀ |
| ၆ | ကောက်ညှင်း(ဆန်) | ဘိုကလေး | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၈၅၀၀ မှ ၂၃၀၀၀ |
| ၇ | မတ်ပဲ (FAQ)(ပဲ) | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၁၉၀၀၀ |
| ၈ | နှမ်းညို(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၈၂၀၀၀ မှ ၈၃၀၀၀ |
| ၉ | နှမ်းဖြူ(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၉၅၀၀၀ မှ ၁၀၅၀၀၀ |
| ၁၀ | နှမ်းနက်(နှမ်း) | | တစ်အိတ် | မန္တလေးကုန်စည်ဒိုင် | ၁၂၀၀၀၀ မှ ၁၅၀၀၀၀ |
| ၁၁ | ကြက်သွန်နီ | ဆိပ်ဖြူ၊ တောင်သာ၊ မိတ္ထီလာ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၀ မှ ၇၆၅ |
| ၁၂ | ကြက်သွန်ဖြူ(ဟောင်း၊သစ်) | ကြူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၉၆၀ မှ ၂၀၂၅ |
| ၁၃ | ကြက်သွန်ဖြူ | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၀၀၀ မှ ၂၆၀၀ |
| ၁၄ | အာလူး | ဟဲဟိုး | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၅၇၀ မှ ၈၃၀ |
| ၁၅ | ကျွဲကောသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၇၀၀ မှ ၂၅၀၀ |
| ၁၆ | သရက်သီး(ရင်ကွဲ) | | တစ်တောင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၉၀၀၀ မှ ၁၆၀၀၀ |
| ၁၇ | သရက်သီး (စိန်တလုံး) | | တစ်ခြင်း | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၁၀၀၀ မှ ၁၈၀၀၀ |
| ၁၈ | ပိန္နဲသီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၂၅၀၀ မှ ၉၀၀၀ |
| လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အဖွဲ့ (AMIT) မှ ပေးပို့သည်။ | | | | | |

မှတ်ချက် - **ဇူလိုင် ၆ ရက် (တနင်္လာနေ့) ဈေးကွက်ဖွင့်ချိန်တွင် မတ်ပဲ (FAQ)(ပဲ) တစ်တန် ဈေးနှုန်းမှာ ၁၂၈၃၀၀၀ ဈေးနှုန်းပေါက်ခဲ့ပြီး ဇူလိုင် ၁၀ ရက် (သောကြာနေ့) ဈေးကွက်ပိတ်ချိန်တွင် မတ်ပဲပေါက်ဈေးနှုန်းမှာ ၁၃၁၉၀၀၀ ဈေးနှုန်းရှိခဲ့သဖြင့် အနည်းငယ်တက်ခဲ့သည်။**

# ရာဇဂြိုဟ်ဆည် ရေပြည့်ပြီဖြစ်၍ ရေပိုလွှဲမှ မူလချောင်းအတွင်းသို့ ရေများပြန်လွှတ်

**ကလေး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့မြောက်ဘက် ရာဇဂြိုဟ်ကျေးရွာအနီး နေရဥ္စရာမြစ်မှရေကိုပိတ်၍ တည်ဆောက်ထားသော ဘက်စုံသုံးရာဇဂြိုဟ်ရေလှောင်တမံဆည်ကြီးသည် ယခုအခါသတ်မှတ်ကန်ရေပြည့်ပြီဖြစ်၍ ရေပိုလွှဲမှမူလချောင်းအတွင်းသို့ ရေများပြန်လည် ထုတ်လွှတ်နေပြီဖြစ်ကြောင်း သိရသည်။

ရေပိုလွှဲမှရေများပြန်လည်ထုတ်လွှတ်နေမှုနှင့် ဒေသတွင်း တောင်သူများ မိုးစပါးကို အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ညွှန်ကြားမှုဖြင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက ရာဇဂြိုဟ်ကျေးရွာမှတောင်သူများ၊ ကြက်ဖနက်ကျေးရွာမှတောင်သူများ၊ ကံကြီးကျေးရွာမှ တောင်သူများနှင့်တွေ့ဆုံကာ လယ်ရေရရှိမှုအခြေအနေများကို မေးမြန်းပြီး ဆည်တည်ဆောက်ရေးတာဝန်ရှိသူများကို လယ်ရေရရှိရေးအတွက် စက်ယန္တရားများဖြင့်လယ်ရေသွင်းမြောင်းများ ဖောက်လုပ်ပေးရန် ပြောကြားသည်။ ရာဇဂြိုဟ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစားဖြစ်ပြီး အမြင့် ၁၆၅ ပေ၊ အလျားပေ ၁၃၆၆၀၊ ပင်မတမံ ၄၇၄၅ပေ၊ ကုန်းကျောတမံ သုံးခု ၈၉၁၅ ပေရှိကာ၊ ရေဆင်းဧရိယာ ၁၃၀ စတုရန်းမိုင်ရှိပြီး နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ဧကပေ ၂၄၄၇၈၀ ရှိ၍ ကန်ရေသောက်ရေလှောင်ပမာဏ ဧကပေ ၈၀၀၀ရှိကာ နေရဥ္စရာမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာမြေဧက ၈၅၀၀ ကို ရေပေးဝေနိုင်မည်ဖြစ်သည်။

"ဒီနှစ်ရာဇဂြိုဟ်ကျေးရွာအနီး တောင်သူတွေအတွက် စိုက်ပျိုးရေလုံလောက်စွာရရှိဖို့ နန်းကျစ်လှော်ချောင်းက နေပြီး စက်ယန္တရားအသုံးပြုကာ မြောင်းဖောက်ပေးထားပါတယ်။ လယ်ရေတွေကတော့ ဧကအတော်များများ ရေရရှိပြီးဖြစ်ပါတယ်။ လယ်ရေမရပါဘူးဆိုတဲ့ ကျေးရွာတွေကိုလည်း ရေရရှိရေးဆောင်ရွက်ပေးနေပါတယ်"ဟု တည်ဆောက်ရေး-၄မှ AE ဦးသိန်းစိုးက ပြောသည်။

ရာဇဂြိုဟ်ဆည် တည်ဆောက်ရေးလုပ်ငန်းများအားလုံး ပြီးစီးသွားပါက ပင်မတမံကြီးမှ လျှပ်စစ်ဓာတ်အား လေးမဂ္ဂါဝပ် ထုတ်လွှတ်ပေးမည့်အပြင် ရာဇဂြိုဟ်ကျေးရွာအတွက် အဆိုပါမြောင်းမှနေ၍ကီလိုဝပ် ၂၀ ဝန်းကျင်ရှိ လျှပ်စစ်ဓာတ်အား အသေးစားနှင့် နန်းကျင်းဆောင်ကျေးရွာအတွက် ကီလိုဝပ် ၂၀ ဝန်းကျင်ရှိလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သျှင်နေမင်း**




# ရွှေတုံးအတုများ လိမ်လည်ရောင်းချသော နိုင်ငံခြားသားသုံးဦးကို ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်နေ ပလတ်စတစ်လုပ်ငန်းရှင်တစ်ဦးသည် မေ ၂၉ ရက်က တရုတ်နိုင်ငံသား သုံးဦးထံမှ ရွှေတုံးတစ်တုံးလျှင် ခြောက်ကျပ်သားခန့်ရှိသော ရွှေတုံး ၁၇၉ တုံးကို ရွှေတစ်တုံးလျှင် အမေရိကန်ဒေါ်လာ ၁၆၂၀ နှုန်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၉၀၀၀၀ ဖိုး ဝယ်ယူခဲ့ပြီးနောက် ၎င်းအနေဖြင့် ရွှေတုံးများကိုစစ်ဆေးရာ ရွှေမဟုတ်ကြောင်း သိရှိရသဖြင့် ရွှေတုံးအတုများ လိမ်လည်ရောင်းချသွားသည့် တရုတ်နိုင်ငံသားများအပေါ် အရေးယူပေးရန် တိုင်တန်းချက်အရ သက်ဆိုင်ရာ နယ်မြေရဲစခန်းက အမှုဖွင့်လှစ်ခဲ့ပြီး ဖမ်းဆီးရမိရေး စုံစမ်းစစ်ဆေးခဲ့သည်။

စောင့်ကြည့်သတင်းဖော်ထုတ်ချက်အရ ဇွန် ၁၁ ရက်တွင် ယခင်ရွှေတုံးအတုများ လိမ်လည်ရောင်းချသွားသည့် တရားခံသုံးဦးတို့ တည်းခိုခဲ့သော ကြည့်မြင်တိုင်မြို့နယ် သီတာရပ်ကွက် ကမ်းနားလမ်း သီရိမင်္ဂလာဈေးဟောင်း အပေါ်ထပ်ရှိ သီရိစံမိုတယ်၌ တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်မှ မသက်ာဖွယ်ရာ တရုတ်နိုင်ငံသားသုံးဦး ထပ်မံရောက်ရှိနေကြောင်း သတင်းအရ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ဝင်များက စောင့်ကြည့်စုံစမ်းခဲ့သည်။

ထိုသို့ စုံစမ်းခဲ့ရာ ဇူလိုင် ၈ ရက်က တရုတ်နိုင်ငံသားနှစ်ဦးသည် သီရိစံမိုတယ်မှ အငှားယာဉ်တစ်စီးဖြင့် ထွက်ခွာသွားသည်ကို တွေ့ရှိရသဖြင့် နောက်ယောင်ခံ၍ လိုက်လံကြည့်ရှုခဲ့ရာ အလုံမြို့နယ် ကမ်းနားလမ်း ဆင်မင်းဈေးအနီးအရောက်တွင် အခြားအငှားယာဉ်တစ်စီးကို ထပ်မံငှားရန်ပြင်ဆင်နေစဉ် ၎င်းတို့ယူဆောင်လာသည့် ဆာလာအိတ်၊ ခရီးဆောင်အိတ်နှင့် လက်ဆွဲအိတ်တို့ အတွင်းမှ စုစုပေါင်း မြန်မာငွေကျပ် သိန်း ၁၂၀၀ နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းတို့ကို မသက်ာဖွယ် ဖမ်းဆီးရမိခဲ့သည်။ ကျန်တရုတ်နိုင်ငံသားတစ်ဦးကို ၎င်းတို့တည်းခိုရာမိုတယ်၌ နေထိုင်လျက်ရှိကြောင်း စစ်ဆေးသိရှိရသဖြင့် ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသား သုံးဦးက အဆိုပါ မြန်မာငွေကျပ် သိန်း ၁၂၀၀ နှင့် အမေရိကန်ဒေါ်လာ တစ်သိန်းတို့ကို အလုံမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်တစ်ဦးအား ရွှေတုံးအတု ၂၁၉ တုံးနှင့် ရွှေအန်းကုံးရုပ်ခြောက်ခုတို့ကို ရွှေအစစ်ဟုဆိုကာ လိမ်လည်ရောင်းချရာမှရရှိသော ငွေများဖြစ်ကြောင်း ဝန်ခံသဖြင့် ဥပဒေနှင့်အညီ ဆက်လက်အရေးယူနိုင်ရေး စုံစမ်းစစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**




ပြစ်မှုကျူးလွန်သူ တရုတ်နိုင်ငံသားသုံးဦးနှင့် သိမ်းဆည်းရမိသည့် ငွေနှင့် ရွှေတုံး များကို တွေ့ရစဉ်။




## ပိုင်ရှင်ကိုယ်တိုင်အမြန်ရောင်းမည်

၁။ ဒဂုံတက္ကသိုလ်မျက်စောင်းထိုး၊ စက်မှုဇုန်များအနီး၊ တက္ကသိုလ်ရိပ်မွန်အရှေ့၊ မျက်နှာစာနှစ်ဖက်ပါ၊ မင်းရဲကျော်စွာလမ်းနှင့် ကျန်စစ်သားလမ်းထောင့်၊ ကျန်စစ်သားလမ်းမကြီးပေါ်၊ မျက်နှာစာ ပေ၁၀၀၊ Sqft 6324၊ ဘဏ်ဖွင့်လိုသူများအတွက် နေရာကောင်း၊ မည်သည့်ဘဏ်မှမရှိသေးသောနေရာ၊ Super Market ၊ အိမ်ဆောက်ပစ္စည်းဆိုင်၊ လက်ဖက်ရည်ဆိုင်ကြီးများဖွင့်လိုသူများအတွက် နေရာကောင်း၊ ငွေရှိပြီး ဘာမှမလုပ်တတ်သူများအတွက် စီးပွားရေးလုပ်ရန်ကောင်းသောနေရာ အချက်အချာကျ၊ ခြံစည်းရိုးခတ်ပြီး၊ ရေ၊ မီးပါ။ **ကျပ် သိန်း (၄၉၀၀)**

၂။ သန်လျင်မြို့အဝင်တွင် အေးအေးဆေးဆေးနေလိုသူများအတွက် ဗိုလ်ချုပ်နေဝင်းလမ်းမကြီးပေါ်၊ မြေအကျယ် (၅၅ပေ×၁၄၅ပေ)၊ ပြင်ဆင်ပြီးအသင့်နေထိုင်နိုင်သော ရှေးဟောင်းနှစ်ထပ်အိမ်ကြီးတစ်လုံးပါ၊ ဘဏ်ဖွင့်ရန်၊ စားသောက်ဆိုင်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက်အချာကျ နေရာကောင်း၊ လုံးချင်းအိမ်ဖြင့်နေလိုသူများအတွက်၊ ကွန်ဒိုတိုက်ခန်းဈေး တစ်ခန်းမျှသာရှိသော၊ အလွန်သက်သာသောဈေးနှုန်း၊ Master bed room နှစ်ခန်း၊ ရိုးရိုးအိပ်ခန်းတစ်ခန်း၊ အောက်ထပ်ကြမ်းခင်း တစ်ခုလုံး ကြွေပြားအပြည့်ခင်း၊ ရေ၊ မီး အပြည့်အစုံ။ **ကျပ် သိန်း (၃၅၀၀)**

**ဆက်သွယ်ရန်ဖုန်း:- 09-5178979, 09-420301091, 01-560787, 01-572224**

# ထူးချွန်အားကစားသမားများအား သံတွဲခရိုင်၌ ဂုဏ်ပြုပွဲကျင်းပ

**သံတွဲ ဇူလိုင် ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ကျင်းပသည့် ၂၀၁၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဒိုင်း ခရိုင်ပေါင်းစုံ အသက် (၂၅)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘော ပြိုင်ပွဲတွင် ပထမဒိုင်းဆုရရှိခဲ့သည့် သံတွဲခရိုင် အမျိုးသားဘော်လီဘောအသင်း၊ ဒုတိယဆုရရှိခဲ့သည့် သံတွဲခရိုင် အမျိုးသမီး ဘော်လီဘောအသင်းနှင့် (၂၈)ကြိမ်မြောက် စင်ကာပူ SEA GAME ဂျူဒိုပြိုင်ပွဲ ငွေတံဆိပ်ဆုရှင် သံတွဲမြို့နယ်မှ မဖြိုးရွှေဇင်ကျော်တို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၅ ရက် နံနက် ၁၀ နာရီက သံတွဲမြို့နယ် ဒွါရာဝတီ မြို့နယ်ခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးဦးက ဂုဏ်ပြုအမှာစကားပြောကြားပြီး အားကစားအသင်း အဖွဲ့ခေါင်းဆောင် တောင်ကုတ်မြို့နယ် အားကစားမှူး ဦးထွန်းမြင့်က ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုဆုငွေ စုစုပေါင်းငွေကျပ် ၁၉ သိန်းအား ဂုဏ်ပြုချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။ **သန့်ဇင် (ပြန်/ဆက်)**



# တရားမဝင် တမလန်းသစ်ခွဲသားများကို အုပ်စုလိုက် ဆိုင်ကယ်များဖြင့် သယ်ယူရောင်းချ

**ကောလင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း တရားမဝင် တမလန်းသစ်များကို သယ်ဆောင်လေ့ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က စီမံချက်များချမှတ်ပြီး ဖော်ထုတ်ဖမ်းဆီးအရေးယူခဲ့ကြောင်း သိရသည်။



တိုင်းဒေသကြီးအတွင်း တမလန်းသစ် သယ်ယူသူများသည် ဆိုင်ကယ်များဖြင့် မြေလင်း၊ ပေကုန်း-ဒေါ်စီနှင့် ဝန်းသိုမြို့နယ်၊ ကောလင်း-ပင်လည်ဘူး လမ်းခွဲ ဝင်းကြီးကျေးရွာ ငါးမိုင် ဂိတ်မှ ကောလင်းမြို့နယ်ရှိ ရွှေဘို-မြစ်ကြီးနားကားလမ်း၊ ကုက္ကိုကုန်း၊ ဥတုံးပင်၊ တောင်မော်ကျေးရွာ စသည်တို့တွင် ပို့ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ တမလန်းသစ်ခွဲသားများကို ပင်လည်ဘူးမြို့နယ် သစ်တောကြီးများအတွင်းမှ တရားမဝင်ထုတ်ယူကာ အလျားသုံးပေ၊ အနံလေးပေ၊ ငါးပေ၊ ခြောက်ပေ၊ ထု ရှစ်လက်မ၊ ကိုးလက်မခွဲစိတ်ကာ တမလန်းသစ်ခွဲသားများကို ဆာလာအိတ်ကြီးများဖြင့် စနစ်တကျထုပ်ပိုးပြီး အုပ်စုလိုက်ဆိုင်ကယ်များဖြင့် သယ်ဆောင် နေလျက်ရှိသည်ဟု ဒေသခံများထံမှ သိရသည်။

ထို့ပြင် ပင်လည်ဘူးမြို့နယ် ကနီ၊ အင်းဂါ၊ ဆားတောင်ပုံ၊ သိမ်ဇင်၊ ပေကုန်း၊ ဝဲလာကျေးရွာတို့မှ ကောလင်းမြို့နယ်အတွင်းရှိ မြတ်နိုးသူ သစ်ထုတ်လုပ်ရေးကားလမ်းအတိုင်း သယ်ဆောင်ကာ ကျွန်းပင်၊ ယားတောင်ကျေးရွာတို့မှ ကန့်ဘလူမြို့နယ် ကိုးထောင်ဘို့ကျေးရွာသို့လည်းကောင်း၊ ထိုမှတစ်ဆင့် ဟင်သော်ကျေးရွာသို့ သယ်ဆောင်ကာ ရွှေဘိုမြို့နယ်အတွင်းသို့ သယ်ဆောင်သွားလာနေခြင်းဖြစ်သည်ဟု သိရသည်။

**ကိုကိုမောင်(ကောလင်း)**

# မင်းလှတွင် မိုးကြိုးပစ်ခံရ၍ လူတစ်ဦးသေဆုံး

**မင်းလှ ဇူလိုင် ၁၀**

သာယာဝတီခရိုင် မင်းလှမြို့နယ် ရှားတောကွင်းကျေးရွာအုပ်စု ရှားတောကွင်းကျေးရွာတွင် ဇူလိုင် ၈ ရက် ညနေ ၃ နာရီခွဲက မိုးကြိုးပစ်ခံရ၍ လူတစ်ဦး သေဆုံးမှုဖြစ်ပွားခဲ့သည်။

မိုးများရွာနေစဉ် ကွင်းအမှတ် ၉၀၃ ၌ ကိုမြင့်ဇော်သန်း (၂၆ နှစ်)သည် လယ်ယာသုံး လက်တွန်းထွန်စက်ဖြင့် လယ်ကွင်းထဲတွင် ထွန်ယက်နေစဉ် မိုးကြိုးပစ်ချခံရ၍ ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့သည်။ သေဆုံးသူအား စစ်ကွင်းဆေးရုံသို့ ပို့ဆောင်ပြီး စစ်ကွင်းရဲစခန်းက သေမှုသေခင်းဖြင့် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ပေါက်စ(iprd)**

# ဆူဒိုအက်ဖီဒရင်းဆေးပြား ၆၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ဇူလိုင် ၇ ရက်က မူးယစ်တပ်ဖွဲ့စု(၇) တမူးနှင့် မူးယစ်တပ်ဖွဲ့စု(၅)ကလေးမှ တပ်ဖွဲ့ဝင်များသည် တမူးမြို့ ဈေးတန်း(၃)ရပ်ကွက် ဘောလုံးကွင်းတိုက်တန်းရှိ ထွန်းတောက်ကားဂိတ်သို့ ဝင်ရောက်ရှာဖွေရာ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါဆေးပြား ၆၀၀၀၀ ပြား သိမ်းဆည်းရမိသဖြင့် ဂိတ်တာဝန်ခံ အောင်ကိုဦးနှင့် လက်မှတ်အရောင်းစာရေးမ မယ်လိုဒီတို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသအတွင်း ရွှေလီစစ်ဆင်ရေး(၂) စီမံချက်အား ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၆ ရက်က နောင်ချိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာအုပ်စု ရေမောင်းတန်ကျေးရွာနေ မနန်းခင်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ နှင့် ဘိန်းဖြူ ၀ ဒသမ ၀၄၄ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

အလားတူ ဇူလိုင် ၇ ရက်က တန့်ယန်းမြို့နယ် ကုန်းညကျေးရွာအနီး၊ တန့်ယန်း-နမ့်မူဆယ် ကျေးရွာသွားလမ်းပေါ်တွင် နောင်လိုင်ကျေးရွာဘက်မှ တန့်ယန်းမြို့ဘက်သို့ မအေးရွှေမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၊ မြစ်ကြီးနားမြို့ နောင်နန်းတိုက်နယ် အုပ်ချုပ်ရေးမှူးရုံးတွင် မသင်္ကာဖွယ်လူတစ်ဦးအား အထုပ်တစ်ထုပ်နှင့်အတူ ဘိန်းဖြူ အလေးချိန် ၀ ဒသမ ၂၉၁ ကီလို သိမ်းဆည်းရမိသည်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# တရားမဝင်သယ်ဆောင်လာသော အမဲသားများဖမ်းဆီးမိ

**ကြံခင်း ဇူလိုင် ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲနယ်မြေရဲစခန်းပိုင် ရှောက်ခုံကျေးရွာလမ်းမပေါ်တွင် ဇူလိုင် ၁၀ ရက် နံနက် ၆ နာရီက တရားမဝင် အမဲသားများ သယ်ဆောင်လာသော မသင်္ကာဖွယ်ကားတစ်စီးအား မြန်အောင်-ကြံခင်း မဘသအဖွဲ့များက ရပ်တန့်ထားကြောင်း သိရသည်။ **(ယာပုံ)**

ဖြစ်စဉ်မှာ ယာဉ်မောင်း အငယ်လေး(ခ)မိုးဇော်ဝင်းမောင်းနှင်သည့် YGN 1F/------ TOYO Ace ကားပေါ်၌ ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စု ပေါက်တောကြီးကျေးရွာနေ သိန်းဌေးနှင့် မိုးကာဖုံးအုပ်ထားသော အမဲသားစိမ်း တစ်အိတ်လျှင် ပိဿာ အချိန် ၃၀ ပိန်အိတ် ၂၂ လုံး၊ စုစုပေါင်း အလေးချိန် ၆၈၂ ဒသမ ၂၅ ပိဿာ ကာလတန်ဖိုးငွေကျပ် ၄၀၉၃၅၀၀ တို့နှင့်အတူ ပိုင်ဆိုင်ကြောင်း တစ်စုံတစ်ရာ အထောက်အထားတင်ပြနိုင်ခြင်း မရှိသဖြင့် တစ်နေရာရာမှ ကျွဲ၊ နွားများ ခိုးယူသတ်ဖြတ်သယ်ဆောင်လာသည်ဟု မသင်္ကာဖွယ်တွေ့ရှိသူ ယာဉ်မောင်း အငယ်လေး(ခ) မိုးဇော်ဝင်းနှင့် သိန်းဌေးတို့အား အမှုဖွင့်အရေးယူဆောင်ရွက်ရန် စီစဉ်ထားရှိကြောင်း သိရသည်။

**ရောဦးသာ**




## ဘတ်စ်ကားဝယ်ယူရန်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီအတွက်လိုအပ်သည့်ဘတ်စ်ကားအသစ်များကို တင်ဒါစနစ်ဖြင့် ဝယ်ယူမည် ဖြစ်ပါသည်။

၂။ သတ်မှတ်တင်ဒါပုံစံများကို ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ၁၇-၇-၂၀၁၅ ရက် နောက်ဆုံးထားပြီး (ရုံးချိန်အတွင်း)တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများအားအများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထား သောနည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့် ကိုက်ညီသည့်ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၄။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ ကြည့်ရှုစုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

## YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ

YPGG ဂေါက်သီးရိုက်အသင်း၏ (၆၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ၁၉-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) အာဇာနည်နေ့ နံနက် ၉ နာရီတွင် (သန်လျင်ဂေါက်ကွင်း)၌ ကျင်းပမည်ဖြစ်ပါ၍ အသင်းသားတိုင်း ပါဝင်ကြရန်နှင့် အသေးစိတ် သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆တို့ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပဲခူးခရိုင်၊ သနပ်ပင်မြို့၊ ဘုရားကြီးပိုင်း(၂) လမ်းနေ ဦးအေးဖေ၏သမီး ဒေါ်သန်းသန်းအေးနှင့် ဒေါ်ဝါဝါခင်သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သန်းသန်းအေး(ခ)ဒေါ်ဝါဝါခင်**
**၇/သနပ(နိုင်)၀၄၀၂၀၄**

## ဖခင်အမည်မှန်

အ. ထ. က(၁)မြစ်ခြေ၊ ပခုက္ကူမြို့နယ်၊ ဒသမတန်း(A)၌ ပညာသင်ကြားနေသော မအိအိမျိုး၏ဖခင်အမည်မှန်မှာ ဦးသိန်းဌေး (၈/ပခက(နိုင်)၁၇၉၃၈၂) ဖြစ်ပါသည်။

ဦးသိန်းဌေး

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဃ/၃၇၀၈၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဂ/၂၉၉၆၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 3J/ 8696 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/ 7366 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာ အပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7F/3400, Suzuki Carry DA63T,P/U(4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးစိုးမိုးထွန်း ၉/မရမ(နိုင်)၀၈၃၄၂၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅က/၃၅၆၄၊ Toyota Hilux 4N 85 P/U(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ရွှေ ၁၂/တတန(နိုင်)၀၆၁၁၂၂က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ ရွှေဂဲကုန်းရပ်နေ ဦးချစ်ကြည် ၁/ရကန(နိုင်)၀၀၂၀၇၃၊ ဒေါ်မာနန် ၁/ရကန(နိုင်)၀၀၄၁၈၆ တို့၏သမီး မဖြိုးသန္တာကြည် ၁/ရကန(နိုင်)၀၆၁၆၁၈သည် မိဘများကို အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ခဲ့ပြီး ၄င်း၏ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှတာဝန် ယူဖြေရှင်းမည်မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဒေါ်မာနန် ၁/ရကန(နိုင်)၀၀၄၁၈၆**

**ပညာပေးဆောင်းပါး**

# မရွှေ့ပြောင်းခင် အချက်အလက်များ ကြိုတင်လေ့လာပါ

**ဆရာစိန်**
**ညွှန်ကြားရေးမှူး(ငြိမ်း)**

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြမည့် ရွှေ့ပြောင်းအလုပ်သမားများသည် မိမိသွားရောက် အလုပ်လုပ်ကိုင်မည့်နိုင်ငံများရှိ လုပ်ငန်းခွင်အခြေအနေ၊ အဆိုပါနိုင်ငံ၏ဥပဒေများ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဘာသာရေး၊ အလုပ်ခန့်ထားရေးစာချုပ်ပါ အချိန်ကာလသတ်မှတ်ချက်များ၊ လိုက်နာရမည့်လုပ်ငန်းတာဝန်နှင့် ရရှိနိုင်မည့်အခွင့်အရေးများ၊ ကူညီထောက်ပံ့ရေးဝန်ဆောင်မှုများ၊ မည်ကဲ့သို့သတင်းပို့နိုင်ပုံများ စသည်တို့ကို သိရှိနားလည်ပြီးမှ သွားလာသင့်ပါသည်။ ၎င်းအပြင် တရားဝင်ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ရန် ကုန်ကျစရိတ်များကိုသိရှိရန် နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုထားသည့် ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် လေ့လာရန်လိုအပ်ပါသည်။

တရားမဝင် သွားလာခြင်းကို နိုင်ငံတော်အစိုးရမှ လုံးဝခွင့်ပြုခြင်းမပြုပါ၊ မလိုလားပါ။ ရွှေ့ပြောင်းအလုပ်သမားများသည် ပြည်ပနိုင်ငံများတွင် မိမိ၏လုပ်အားကိုအသုံးချ၍ရရှိလာသည့် လုပ်ခများကို မိမိနိုင်ငံမိသားစုများထံသို့ တရားဝင်လွှဲပြောင်းပေးရန်သာ လိုအပ်ပါသည်။ သို့မှသာ နိုင်ငံခြားငွေရရှိပြီး နိုင်ငံတော်အတွင်းပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် အခြားဆောင်ရွက်ရမည့် လုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချရန်ဖြစ်ပါသည်။

နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှုပါသည်။ ဤရည်မှန်းချက်များကို နိုင်ငံသားများအားလုံး နားလည်သဘောပေါက်ရန် လိုအပ်ပါသည်။ ပြည်ပသို့ အလုပ်သွားရောက်လုပ်ကိုင်လိုပါက အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ အလုပ်အကိုင်ရှာဖွေရေးရုံးများတွင် တယ်လီဖုန်းနှင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ တိုက်ရိုက်သွားရောက်၍ သတင်းအချက်အလက်များ စုံစမ်းနိုင်ပါသည်။

ထို့အပြင် လေ့လာစုံစမ်းသင့်သည့်ကိစ္စများမှာ မိမိသွားရောက်လိုသည့် နိုင်ငံသို့သွားရောက်ပါက ယင်းနိုင်ငံတွင်ကျန်းမာရေးဆေးစစ်မှု ကုန်ကျစရိတ်၊ ပြည်ပအလုပ်အကိုင် အလုပ်သမားမှတ်ပုံတင်ကတ်ပြား၊ နိုင်ငံကူးလက်မှတ် ပြုလုပ်ခကုန်ကျစရိတ်၊ မိမိသွားရောက် အလုပ်လုပ်ကိုင်မည့် နိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်စဉ် ခရီးစရိတ်၊ နေရေးထိုင်ရေးနှင့် အစားအသောက်စရိတ်များကို ကြိုတင်ခန့်မှန်းတွက်ချက်ထားရန်လိုအပ်ပါသည်။

မိမိပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့် အစီအစဉ်များကို ပြည်ပသို့မထွက်ခွာမီ မိမိအားပြည်ပအလုပ်အကိုင်အတွက် ဆက်သွယ်ဆောင်ရွက်ပေးသော ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရ အေဂျင်စီ၏ အမည်၊ ပြည်ပသို့သွားရောက်လုပ်ကိုင်မည့်စက်ရုံဌာန၏ အမည်တို့ကို မိမိ၏မိသားစု သို့မဟုတ် ဆွေမျိုးများကို အသိပေးထားရန်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေထိုင်မည့်လိပ်စာတို့ကို ကြိုတင်အသိပေးထားရန်၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်ကုမ္ပဏီများနှင့် ဆက်သွယ်သည့်အခါတွင်လည်း ကုမ္ပဏီများသို့ အခကြေးငွေ မပေးဆောင်မီ အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်သော အသေးစိတ်အချက်အလက်များကို ရယူထားရန်၊ မိမိနှင့်ပြည်ပလုပ်ငန်းရှင်တို့အကြား ချုပ်ဆိုရမည့် အလုပ်ရှင်အလုပ်သမား အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ကြိုတင်လေ့လာရန် လိုအပ်ပါသည်။

သဘောတူစာချုပ်တွင် အရေးကြီးအချက်အလက်များဖြစ်သည့် အလုပ်ချိန်၊လစာငွေ၊ အထူးထောက်ပံ့ငွေ၊ နေရာထိုင်ခင်းနှင့် အစားအစာထောက်ပံ့ကြေးငွေ၊ နေရာထိုင်ခင်းအစားအစာထောက်ပံ့မှုအတွက် တစ်ရက်နုတ်ယူရမည့်ငွေ၊ လုပ်ကိုင်ရမည့်လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းသဘာဝတို့ကိုလည်း ကြိုတင်လေ့လာသင့်ပါသည်။

ရွှေ့ပြောင်း အလုပ်သမားများသည် အလုပ်ရှာဖွေနေစဉ် အလုပ်တစ်ခုခုကိုရရင်ပြီးရောဆိုကာ မိမိလုပ်ကိုင်နိုင်သည်ဟုဆိုကာ ယူဆပြီးပြည်ပနိုင်ငံများသို့ စဉ်းစားဆင်ခြင်နိုင်မှုမရှိဘဲ သွားရောက်လုပ်ကိုင်ကြပါသည်။ ပြည်ပနိုင်ငံ ရောက်ရှိပြီး အမှန်တကယ်လုပ်ငန်းခွင်နှင့်တွေ့သည့်အခါမှာ အလုပ်မလုပ်ကိုင်နိုင်ကြသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့်အလုပ်ပင်ပန်းမှုဒဏ်ကိုမခံနိုင်ဘဲ စိတ်ဓာတ်ကျဆင်းပြီး စာချုပ်သက်တမ်းမပြည့်မီ မိမိနိုင်ငံသို့ပြန်လိုခြင်း၊ လုပ်ငန်းခွင်တွင် မပျော်ပိုက်သဖြင့် အလုပ်ရှင်အလုပ်သမားသဘောတူစာချုပ်ကို ချိုးဖောက်ခြင်း၊ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ အခြားလူပွဲစားများ၏ သိမ်းသွင်းစည်းရုံးမှုများကြောင့် စက်ရုံမှထွက်ပြေးပြီး တရားမဝင် အလုပ်သမားဖြစ်သွားခြင်း စသည်တို့ ပြုလုပ်လာကြသည်ကို တွေ့ရှိရပါသည်။

ပြည်ပနိုင်ငံများသို့ အလုပ်သွားရောက် လုပ်ကိုင်လိုသည့် အလုပ်သမားများသည် လုပ်ငန်းခွင်တွင် တွေ့ကြုံနိုင်သည့် အခက်အခဲများကို ကြိုတင်စဉ်းစားဆုံးဖြတ်ပြီးမှသာ သွားရောက်သင့်ပါသည်။ အမှန်တကယ် သွားရောက်အလုပ်လုပ်ကိုင်မည့်သူသည် ၎င်းအားကာကွယ်စောင့်ရှောက်နိုင်ရေး အတွက်အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် IOM အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာခြင်းအဖွဲ့အစည်းတို့ ပူးပေါင်းဖွင့်လှစ်ထားသည့်ရွှေ့ပြောင်း အလုပ်သမားများထောက်ပံ့ကူညီရေးဗဟိုဌာန Migrant Resource Center(MRC)တွင် သိသင့်သည့်အချက်အလက်များ မေးမြန်း အကူအညီတောင်းခံနိုင်ပါသည်။ အဆိုပါဌာနကို ၂၂.၆.၂၀၁၅ ရက်နေ့တွင် ရန်ကုန်မြို့တွင် ဖွင့်လှစ်ခဲ့ပြီး ကျန်တိုင်းဒေသကြီး/ပြည်နယ်မြို့များတွင်လည်း ဆက်လက်ဖွင့်လှစ်ရန်စီစဉ်ဆောင်ရွက်ပြီးဖြစ်ပါသည်။

ရွှေ့ပြောင်း အလုပ်သမားများအား လူပွဲစားများမှတစ်ဆင့် လူကုန်ကူးမခံရအောင်တားဆီးနိုင်ခြင်း၊ တရားဝင်လမ်းကြောင်းဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာ ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်နိုင်ခြင်း စသည်တို့ကို အထောက်အပံ့ပေးနိုင်မည့်ဌာနသည် ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ရေး(MRC)ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြအပ်ပါသည်။

# ပိတောက်မြိုင်ဈေးအမှိုက်ပုံကြောင့် အများပြည်သူသွားလာမှုအခက်ကြုံ

**ရန်ကုန် ဇူလိုင် ၁၀**


ရန်ကုန်တိုင်းဒေသကြီး၏လူဦးရေအများဆုံးဖြစ်သောလှိုင်သာယာမြို့နယ်တွင် နှစ်စဉ်လူဦးရေတိုးလာမှုကြောင့် ထိုလူဦးရေမှစွန့်ပစ်သောစားကြွင်းစားကျန်နှင့် စွန့်ပစ်ပစ္စည်းများ စွန့်ပစ်ရာ၌ရပ်ကွက်၊ ကျေးရွာအမှိုက်ကန်များတွင် နေ့စဉ်ပြည့်လျှံလျက်ရှိပြီးဈေးအမှိုက်ကန်များလည်းကန်အပြင်သို့ လျှံကျလျက်ရှိရာထိုသို့ဖြစ်စဉ်များတွင် ပိတောက်မြိုင်ဈေးအမှိုက်ကန်သည် အဆိုးဝါးဆုံးဖြစ်သည်။

ဈေးအနီး စိန်ပန်းမြိုင်(၃) လမ်းထိပ်တွင်ရှိသော ဈေးအမှိုက်ကန်ကို ပင်လုံဈေးကဲ့သို့ဈေးရှေ့တွင် ထားရှိမှသာ ရပ်ကွက်အဝင်လမ်းထိပ်သန့်ရှင်းကာ အများပြည်သူအနံ့အသက်ကင်းစွာဖြင့် သွားလာနိုင်မည်ဖြစ်ကြောင်းသိရသည်။

“စိန်ပန်းမြိုင်(၃)လမ်းကပိတောက်မြိုင်ဈေးနံဘေးရပ်ကွက်အဝင်လမ်းဖြစ်တော့နေ့/ညလူမပြတ်ဘူး။ ကန်က ဈေးရှေ့မှာရှိသင့်တာ။ ဒါမှ အမှိုက်ကားလာရင်အဆင်ပြေမှာ။ ဒီလမ်းထိပ်မှာအမှိုက်ကန်ထားတော့ ဈေးကလည်း မကြည့်နိုင်ဘူး။ စက်မှုဇုန်ကအစ ညဘက်အမှိုက်လာပစ်တော့ကျွန်တော်တို့နဲ့ပဲစကားပြောရတယ်။ အမှိုက်ကျုံးရင် လမ်းထိပ်ကားရပ်ပြီးတင်ရတယ်ဆိုတော့ လမ်းလည်းပိတ်တယ်။ ကန်ဘေးနားမှာ စာသင်ကျောင်းဆိုတော့ ကျောင်းသားတွေအတွက်လည်း မကောင်းဘူး။ အနီးကဈေးသည်နဲ့ ဈေးဆိုင်တွေလည်း ဒီအမှိုက်ကန်ကြောင့်စိတ်ဒုက္ခခံစားနေရတာကြာပြီ။ ပင်လုံဈေးလို ဈေးရှေ့မှာ အမှိုက်ကန်ထားရင် စည်းကမ်းမဲ့စွန့်ပစ်တာနည်းသွားသလို ဒီလမ်းထိပ်လည်း ပိုပြီးသာယာသွားမယ်၊ ကျောင်းသားတွေအတွက်လည်း ကောင်းသွားမယ်၊ ဈေးသွားဈေးလာတွေလည်း အဆင်ပြေသွားလိမ့်မယ်။ ဒီကိစ္စကြာပြီ။ အခုထိမလုပ်ပေးသေးဘူးဖြစ်နေတယ်” ဟု ဈေးအနီးရှိ မြို့ခံလက်ဖက်ရည်ဆိုင်ပိုင်ရှင်တစ်ဦးက ပြောသည်။

ဈေးအမှိုက်ကန် ဖြစ်သော်လည်း တိုးချဲ့ကွက်သစ်နှင့် ဗိုလ်အောင်ကျော်အိမ်ရာတို့မှ အမှိုက်များ၊ စက်မှုဇုန်မှအမှိုက်များမှာ စိန်ပန်းမြိုင်(၃) လမ်းထိပ်တွင် ပျံ့ကြဲလျက်ရှိခြင်းကိုဖြေရှင်းပေးပြီး ဈေးရှေ့ရှိအမှိုက်ကန်နေရာတွင်သာ စွန့်ပစ်ရန် ရပ်ကွက်နေပြည်သူတို့ လိုလားလျက်ရှိကြောင်း သိရသည်။

**မြင့်မြတ်သစ္စာ**



**မွေးသက္ကရာဇ်အမှန်**
ကချင်ပြည်နယ်၊ ရွှေကူမြို့နယ်၊ ဇီးဖြူကုန်းကျေးရွာနေ ဦးစိုင်းအောင်သိန်း ၁၃/ကမန(နိုင်)၀၈၀၉၇၄၊ ဒေါ်အေးအေးခိုင် ၁/ရကန(နိုင်)၀၃၅၅၀၉တို့၏သမီး ဘိုကုန်းအခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မအေးနန္ဒာ၏မွေး သက္ကရာဇ်အမှန်မှာ ၆-၅-၂၀၀၀ ဖြစ်ပါသည်။

**ဖခင်အမည်မှန်**
လက်ပံတန်းမြို့နယ် အထက(ခမုံဆိပ်) နဝမတန်းမှ မောင်သော်ဇင်ကောင်းဆက်၏ ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၇/မလန(နိုင်)၀၇၀၂၃၀ ဖြစ်ပါကြောင်း။
**ဦးမောင်မျိုး**

**အမည်မှန်**
ဦးဝင်းလှိုင် ၈/မကန(နိုင်)၀၈၃၂၅၉ ၏သမီး မကွေးမြို့နယ်၊ အထက(ကန်ပြား) တက္ကသိုလ်ဝင်တန်း (C) မှ မရတနာမိုး၏ အမည်မှန်မှာ မလှရတနာမိုး ဖြစ်ပါကြောင်း။
**မလှရတနာမိုး ၈/မကန(နိုင်)၂၆၄၃၀၈**

**ကန့်ကွက်နိုင်ပါကြောင်း**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၈၊ မြေကွက်အမှတ် ၁၇၇ မြေကွက်ရရှိထားသူ ဦးသောင်းမြင့် ၁၄/ကနစ(နိုင်)၀၆၀၂၆၇ က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**ကန့်ကွက်နိုင်ပါကြောင်း**
ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၈၊ မြေကွက်အမှတ်၅၂၉ မြေကွက်ရရှိထားသူ ဦးမြင့်ဆွေ ၁၂/ဥကမ(နိုင်)၀၀၂၂၅၅က မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက် စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည် အထိကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရေးကိုဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
**မြေယာရုံးခွဲ(၇)**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

**အမည်ပြောင်း**
ဦးခင်မောင်ကြည် ၈/မကန(နိုင်)၀၂၆၂၄၉၏သား မကွေးမြို့၊ အထက(၄) ပဉ္စမတန်း (A) မှ မောင်ဘုန်းပြည့်ကျော်အား မောင်ကောင်းဆုဟိန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းဆုဟိန်း**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် အောင်မျိုးသူ CDC-87909 ၏ WORKSHOP SKILL TRAINING လက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၀၃၀၈၀၂**

**ကန့်ကွက်နိုင်ပါသည်**
ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေဘုံသာလမ်း၊ အမှတ် ၂၈၂ (လေးလွှာ)(တိုက်ရှေ့မျက်နှာမူလျှင်(ဝဲ)ဘက်အခန်း)၊အကျယ်အဝန်းပေ(၁၂½×၆၀)အကျယ်ရှိ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာစီမံခန့်ခွဲရောင်းချလွှဲပြောင်းပိုင်ခွင့်ရှိသူ ဦးကျော်ကိုကိုထက် ၁၂/သကတ(နိုင်)၀၉၄၀၆၅ထံမှ အရောင်းအဝယ်ပြုလုပ်ကာ ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသဖြစ်သော(စရန်ငွေ)ကို ကျွန်ုပ်၏မိတ်ဆွေက ပေးချေခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမောင်မောင်(မဇ္ဈိမ) LL.B အထက်တန်းရှေ့နေ**
**တိုက်အမှတ် ၉/၁၁၊ အခန်း(3-B)မြေညီထပ်၊**
**၃၆ လမ်း(လမ်းတို)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၆၂၉၉၀**

**ကန့်ကွက်နိုင်ပါကြောင်း**
ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၁)၊ သီးသန့် (၁) ရပ်ကွက်၊ (၃) လမ်း၊ အမှတ် ၈၂၊ ပေ(၄၀×၆၀)ပေါ်ရှိ အိမ်ခြံမြေကွက်အား မြေပေးမိန့်တွင် ဒေါက်တာ စန်းစန်းညွှန့် ၇/အတန(နိုင်) ၀၀၄၉၀၄ အမည်ဖြင့် ပြင်ဆင်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**ဒေါက်တာစန်းစန်းညွှန့်**
**၇/အတန(နိုင်)၀၀၄၉၀၄**

**မြန်မာ့သစ်လုပ်ငန်း**
**သစ်ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအားအိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း၊ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိအမှတ်(၁/၂/၄/၆/၈) သစ်စက်များတွင် အောက်ဖော်ပြပါ သစ်ခွဲသား၊ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည် -

| | သစ်ခွဲသား(တန်) | ပျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|---|
| (က) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | ၄.၈၈ | - | ၂၁၃.၀၀ |
| (ခ) အမှတ်(၂)သစ်စက်(အလုံ) | ၂၈.၃၁ | - | ၆၅.၀၀ |
| (ဂ) အမှတ်(၄)သစ်စက်(ဝါးတရာ) | - | - | ၆၀.၀၀ |
| (ဃ) အမှတ်(၆)သစ်စက်(ဝါးတရာ) | ၁၂.၂၆ | ၂.၀၀ | ၇၂.၀၀ |
| (င) အမှတ်(၈)သစ်စက်(လှိုင်) | - | - | ၁၇၀.၀၀ |

၂။ လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် - ၅.၈.၂၀၁၅ (ဗုဒ္ဓဟူးနေ့) နံနက်(၉း၀၀)နာရီ
၃။ လေလံတင်ရောင်းချမည့်နေရာ - အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)
၄။ လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံရောင်းချမည့်ရက်နှင့်နေရာ - ၁၀.၇.၂၀၁၅ မှ ၄.၈.၂၀၁၅အထိ(ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)၊ကမ်းနားလမ်းနှင့်နတ်စင်လမ်းထောင့်၊ ၀၁-၅၃၄၄၇၀၊ ၀၉-၅၁၉၂၅၄၂
လေလံတင်ရောင်းချရေးအဖွဲ့

Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-3:00-5:00 pm 6 Jul
Mon to Thurs-1:00-3:00 pm 13,27 Jul
Sat & Sun - 12:30-3:30 pm 18 Jul
Sat & Sun - 3:45-4:45 pm 18 Jul
Mon to Thurs 7:30-9:30am 20,27Jul,10Aug
Mon to Thurs-5:30-7:00 pm 27 Jul
Sat & Sun - 9:00-12:00 am 8 Aug
Pre-Intermediate English
Mon to Thurs-10:30-12:30 am 13 Jul
Mon to Thurs-7:30-9:30 am 27 Jul
Mon to Thurs-10:30-12:30 pm 10 Aug
Grammar Foundation Course
Mon to Thurs - 10:00-12:00 am 13 Jul
Structure & Written Expression
Sat & Sun - 12:30-3:30-6:30pm 18 Jul
Mon to Thurs-4:00-5:30pm 27 Jul
Mon to Thurs-5:30-7:00pm 27 Jul
Basic Writing Course
San & Sun - 12:30 - 3:30 pm 18 Jul
San & Sun - 3:45 - 6:15 pm 25 Jul
Vocabulary Enrichment Course
Mon to Thurs - 3:30-5:00 pm 20 Jul
San & Sun - 10:00 - 12:00 am 25 Jul
TOEFL,SAT,IELTS,API,AWC,IE
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp. Ph: 01-243950, 246910

# သားမြေးများသို့ အမွေကောင်းများပေးကြပါစို့

စိမ်းလန်း(ကယ်ဆယ်ရေး)
ဓာတ်ပုံ-ငွေလိုင်မိုး

ပြီးခဲ့သည့်နှစ် မေလအတွင်း ဘရူနိုင်းနိုင်ငံသို့ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ပြီး ပြန်လာသော လုပ်ဖော်ကိုင်ဖက်တစ်ဦး၏အပြောအရ ပြီးခဲ့သည့် နွေတွင် မြန်မာနိုင်ငံ၌ အလွန်ပူပြင်းနေသော်လည်း ဘရူနိုင်းနိုင်ငံတွင် ပူပြင်းမှုမရှိသည့်အပြင် သာယာသော ရာသီဥတုရှိသည်ကိုခံစားခဲ့ရကြောင်း၊ ဘရူနိုင်းနိုင်ငံတွင် သစ်ပင်များ အများအပြားစိုက်ပျိုးထားခြင်းကြောင့် အေးမြသည်ဟု ထင်မြင်မိကြောင်း ပြောပြခဲ့ပါသည်။



ယမန်နှစ်က ထုတ်ဝေခဲ့သော နိုင်ငံပိုင်သတင်းစာတွင်လည်း မန္တလေးမြို့သူမြို့သားများ ပူပြင်းသော ရာသီဥတုဒဏ်ကို ကာကွယ်ရန်အတွက် မန္တလေးကျုံးဘေးမှ သစ်ပင်ကြီးများ၏ အရိပ်အောက်တွင် နားခိုနေရသည့်သတင်းနှင့် နှစ်ချို့မန်ကျည်းပင်ကြီးများ၏ အရိပ်အာဝါသကြောင့် အင်းဝမြို့သည် အခြားမြို့များကဲ့သို့ အပူဒဏ်ကို ခံစားရခြင်းမရှိကြောင်း သတင်းများကိုလည်း ဓာတ်ပုံနှင့်တကွ ဖတ်လိုက်ရပါသည်။

မှန်ပါသည်။ သစ်ပင်များသည် နေ့အခါတွင် နေ၏ အပူရှိန်ကိုကာကွယ်ပေးပြီး ပတ်ဝန်းကျင်ကို အေးမြစေပါသည်။ ညဘက်တွင် အနွေးဓာတ်ကိုပေးသည့် သဘာဝရှိပါသည်။ သစ်ပင်များမှကြွေကျသော သစ်ရွက်များက မြေဆီမြေနှစ်ကိုလည်း ဖြစ်ပေါ်စေပါသည်။။ မိုးရွာ၍စီးဆင်းလာသော မြေအောက်ရေ၊ မြေပေါ်ရေများကိုလည်း သစ်တောသစ်ပင်များက ထိန်းသိမ်းနိုင်သော သတ္တိရှိသည့်အပြင် သစ်ပင်များသည် မြေကြီးထဲမှ ရေငွေ့ကိုစုပ်ယူပြီး လေထုထဲသို့ လွှတ်ထုတ်သည်။ ထိုရေငွေ့များကြောင့် မိုးရွာသွန်းစေပြီး မြေကြီးကို စိုစွတ်စေကာ ရေသံသရာကို လည်ပတ်စေသည်။ ထို့ကြောင့်ပင် သစ်တောသစ်ပင်များထူထပ်သော ပတ်ဝန်းကျင်သည် မြေဩဇာကောင်းသော မြေသယံဇာတနှင့် စိမ်းလန်းစိုပြည်ပြီး သာယာလှပသော၊ ရေမရှားသော၊ စိမ့်စမ်းပေါများသော ပတ်ဝန်းကျင်ကိုလည်း ဖန်တီးပေးပါသည်။ ဤသည်ကား သစ်ပင်၏ လူသားတို့ကိုအကျိုးပြုသော အကြောင်းတရားများစွာထဲမှ အချို့ဖြစ်ပါသည်။

ထို့အပြင်မကသေးပါ ယနေ့ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုများဖောက်ပြန်ကာ လေဘေး၊ ရေဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ မီးဘေး စသည့် သဘာဝဘေးအမျိုးမျိုးတို့ကို ဖြစ်ပေါ်စေပြီး လူ့အသက်အိုးအိမ်စည်းစိမ်၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးစေသော ဖြစ်စဉ်များ ကမ္ဘာနှင့်အဝန်းမကြာခဏ ဖြစ်ပွားလျက်ရှိပါသည်။ ကမ္ဘာကြီးပူနွေးစေသည့် မူလလက်သည်တရားခံမှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ဖြစ်ပါသည်။ ၎င်းကာဗွန်ဒိုင်အောက်ဆိုက်ကိုလည်း သစ်တောသစ်ပင်များက စုပ်ယူထိန်းသိမ်းပေးပြီး ပူနွေးမှုကို လျော့နည်းစေပါသည်။ သစ်ပင်တစ်ပင်သည် အစာချက်လုပ်သည့်အခါတွင် ကမ္ဘာ့လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ပြန်ထုတ်ပေးသည်။ သစ်ပင်တစ်ပင်၏ တစ်နှစ်အတွင်း လေထုအတွင်းမှစုပ်ယူသော ကာဗွန်ဒိုင်အောက်ဆိုက်သည် ၄၈ ပေါင်ရှိပြီး လေထုထဲသို့ ပြန်လည်ထုတ်ပေးသော အောက်ဆီဂျင်ပမာဏသည် လူလေးဦးအတွက် တစ်နှစ်စာ ရှူသွင်းရန် လိုအပ်သော အောက်ဆီဂျင်ပမာဏနှင့် တူညီသည်ဟုဆိုပါသည်။ ထို့ကြောင့်လည်း သစ်တောသစ်ပင်များကို ကမ္ဘာ့အဆုတ်အဖြစ် ပညာရှင်များက တင်စားကြပါသည်။

လူနှင့် သက်ရှိသတ္တဝါများအတွက် အကျိုးပြုနေသော သစ်တောသစ်ပင်များသည် ယနေ့တိုးပွားလာသော လူဦးရေကြောင့် မြို့ရွာ/ရပ်ကွက်များတိုးချဲ့ခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ချဲ့ထွင်ခြင်း၊ လမ်းများ ဖောက်လုပ်ခြင်း၊ ထင်းလောင်စာအဖြစ် အသုံးပြုခြင်း၊ တောင်ယာမီးရှို့ခြင်းတို့အပြင် ဝိသမလောဘသမားများ၏ ကိုယ်ကျိုးရှာမှုများကြောင့် နိစ္စဒူဝပြုန်းတီးလျက်ရှိပါသည်။ လူဦးရေတိုးပွားလာသည့်အလျောက် စက်ရုံ၊ အလုပ်ရုံများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာခြင်းကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်သည် သစ်တောများပြုန်းတီးမှုကြောင့် အထိန်းအကွပ်မဲ့ကာ ကမ္ဘာ့လေထုအတွင်း လျင်မြန်စွာတိုးပွားလာသည့်အတွက် ကမ္ဘာကြီးပူနွေးလာပြီး သဘာဝဘေးများကို အဖြစ်များစေခြင်း ဖြစ်ပါသည်။ ဘေးကြောင့် ပျက်စီးဆုံးရှုံးမှုများမှာလည်း ယခင်ကထက် ပိုမိုများပြားလာခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါသည်။

သို့ဖြစ်၍ ကာဗွန်ဒိုင်အောက်ဆိုက် လျှော့ချရေးလုပ်ငန်းများအား တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေကြပြီဖြစ်သည်။ ကမ္ဘာ့ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုအများဆုံး နိုင်ငံများစာရင်း၌ ပါဝင်သည့် အမေရိကန်နိုင်ငံအပါအဝင် စက်မှုဖွံ့ဖြိုးပြီး နိုင်ငံများသည် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုလျှော့ချရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ထုတ်လွှတ်မှုများပြားသော နိုင်ငံများဖြစ်သည့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့တွင်လည်း အလားတူ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရန် ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လတ်တလောအခြေအနေအရ ကုန်ထုတ်လုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများမှ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှုကို လျှော့ချရန်မလိုသေးဟု ယူဆပါသည်။ သို့သော်လည်း မြန်မာ့လေထုအတွင်း ရောက်ရှိနေသည့် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့များကို စုပ်ယူထိန်းသိမ်းရန်အတွက် သစ်တောသစ်ပင်များ မပြုန်းတီးရေး၊ သစ်တောသစ်ပင်များ ထူထောင်ရေးကို မဖြစ်မနေပြုလုပ်ရန် လိုအပ်နေပါသည်။ သို့မှသာ သဘာဝဘေးဖြစ်ပွားမှုကြောင့် တစ်နိုင်ငံလုံး ကြုံတွေ့ရသော၊ တောင်သူလယ်သမားများ၏ မိုးခေါင်သောကြောင့် မိုးရေကိုမျှော်ရသော ဒုက္ခ၊ နွေ၏အပူဒဏ်ကို အန်တုရန် သစ်ရိပ်ဝါးရိပ်ကိုခိုလှုံရသော ဒုက္ခ၊ သောက်သုံးရေရှားပါးလာသော ဒုက္ခ၊ စာသင်ကျောင်းများတွင် အချိန်မရွေး စာသင်နိုင်ခွင့်မရနိုင်သော ဒုက္ခများမှ ကင်းဝေးမည်ဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် နှစ်စဉ် ဇူလိုင်လ ပထမပတ်အတွင်း၌ သစ်ပင်စိုက်ပျိုးရေးရာသီအဖြစ် သတ်မှတ်ပြီး သစ်တောဦးစီးဌာနမှ ဖြန့်ဖြူးပေးသော ပျိုးပင်များကို ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ စာသင်ကျောင်းများ၊ ရပ်ကွက်/ကျေးရွာများတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စိုက်ပျိုးလျက်ရှိပါသည်။ ၎င်းအပြင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများ၊ သစ်ပင်ချစ်သူအဖွဲ့အစည်းများကလည်း သစ်ပင်သစ်တောစိုက်ပျိုး ထူထောင်လာသည်ကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရပါသည်။ သို့သော်လည်း အတွေ့အကြုံများအရ သစ်ပင်စိုက်ရာသီရောက်၍သာ သစ်ပင်များ စိုက်လိုက်ကြသော်လည်း ထိုအပင်များ ရှင်သန်ကြီးထွားမှုရှိမရှိကိုမူ ထိန်းသိမ်းစောင့်ကြပ်မှုနည်းသည်ဟု မြင်မိပါသည်။

မြန်မာပြည်အလယ်ပိုင်း မြို့ကြီးတစ်မြို့တွင် ပြုလုပ်ခဲ့သော သဘာဝဘေးလျော့ပါးရေး သင်တန်းတစ်ခုတွင် မီးသတ်ဦးစီးဌာနမှ သင်တန်းသားတစ်ဦးက မိုးရာသီသစ်ပင်စိုက်ပွဲတော်တွင် သစ်ပင်များစိုက်ပျိုးကြသော်လည်း ထိန်းသိမ်းမှုမရှိသဖြင့် ရှင်သန်ဖြစ်ထွန်းမှုမရှိခြင်းကြောင့် ငွေကုန်လူပန်းပြီး အကျိုးမရှိဖြစ်ရကြောင်း ဆွေးနွေးခဲ့ဖူးပါသည်။ သုံးနှစ်တွင် တစ်ကြိမ်ခန့် ယခင်သစ်ပင်စိုက်ပွဲတွင် စိုက်ခဲ့ဖူးသော မြေကွက်လပ်များတွင် ပြန်လည်စိုက်ပျိုးနေရသော ဖြစ်စဉ်များကို ကြုံတွေ့ရကြောင်း ပြောပြသူများကိုလည်း ကြုံတွေ့ဖူးပါသည်။ ပျိုးပင်များကို စနစ်တကျမစိုက်ပျိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်မှု အားနည်းခြင်း၊ အပင်များရှင်သန်မှု မရှိခြင်းကြောင့် ထိုဖြစ်စဉ်များကို ကြုံရခြင်းဖြစ်ပါသည်။ စိုက်ပျိုးပြီးသောပျိုးပင်များကို ထိန်းသိမ်းစောင့်ရှောက်မှု မရှိလျှင် အကျိုးမရှိနိုင်ပါ။

ယနေ့အခြေအနေသည် သစ်ပင်များကိုမဖြစ်မနေ စိုက်ပျိုးပြီး စိုက်ပျိုးပြီးသောအပင်များကို ရှင်သန်ကြီးထွားအောင်လုပ်ရမည့် အခြေအနေဖြစ်ပါသည်။ ထို့ကြောင့် ယခုလာမည့် သစ်ပင်စိုက်ပျိုးသည့်ရာသီတွင် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာရပ်ကွက်များမှ ပြည်သူလူထုများ၊ ကျောင်းသား ကျောင်းသူများ၊ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းများအနေဖြင့် မိမိတို့စိုက်ပျိုးရမည့် ပျိုးပင်လေးများအား သဘာဝဘေးလျော့ပါးရေးအတွက် ယခုပျိုးပင်လေးများ စိုက်ပျိုးခြင်းသည် အရေးကြီးသည်။ နောင်လာနောက်သားများအတွက်လည်း အရိပ်အာဝါသကိုရရှိစေပြီး မြေဆီမြေနှစ်နှင့် မြေသယံဇာတကိုလည်း အမွေပေးနိုင်မည့် သာယာလှပသော သဘာဝပတ်ဝန်းကျင်နှင့်မျှတသော ရာသီဥတုကိုလည်း ဖန်တီးပေးရာရောက်မည်ဟူသောအသိဖြင့် စိုက်ပျိုးပေးကြရန်လိုပါသည်။ ပျိုးပင်လေးများ စိုက်ပျိုးမည့် မြေကျင်းများကို ကြိုတင်တူးထားကာ မြေဆွေးနှင့် မူလမြေသားကို အချိုးကျရောပြီး ရေလောင်း၍ မြေနှပ်ထားသင့်ပါသည်။

ပျိုးပင်များကို စိုက်ပျိုးသောအခါ ပျိုးပင်ကို ထုတ်ထားသော ပလတ်စတစ်အိတ်ကို အလိုက်သင့်ခွာ၍ မြေလုံးမပျက် ကြိုတင်တူးထားသော ကျင်းအတွင်းပျိုးပင်ကို တည့်တည့်မတ်မတ်ထား၍ စိုက်ရန်လိုပါသည်။

မိမိစိုက်သောပျိုးပင်၏ ခြေရင်းတွင် ရေမဝပ်အောင် မြေဆွေးရောထားသော မြေသားကို ဖိသိပ်ပေးဖို့လိုပါသည်။ ထို့နောက် ရေလောင်းရပါမည်။ ထိုစိုက်ပျိုးပြီးသော ပျိုးပင်လေးများအား ရှင်သန်ကြီးထွားရေးအတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ ကျွဲ၊ နွား၊ ဆိတ်စသည့် တိရစ္ဆာန်များ၏ရန်မှ ကင်းဝေးစေရန် ခြံစည်းရိုးခတ်ခြင်း၊ ပျိုးပင်များစိုက်ပျိုးပြီး မိုးရွာသွန်းမှုမရှိပါက ရေလောင်းပေးခြင်းစသည့် နည်းလမ်းများဖြင့် ထိန်းသိမ်းစောင့်ရှောက်သွားရန်လိုပါသည်။

မိမိတို့စိုက်ပျိုးလိုက်သောပျိုးပင်လေးများ ရှင်သန်ကြီးထွားရန်အတွက် စိုက်ပျိုးမည့်အချိန်သည် အရေးကြီးသည်ဟု ထင်မြင်မိပါသည်။ အများအားဖြင့် နံနက်ပိုင်းတွင်သာ သစ်ပင်စိုက်ပွဲကို ပြုလုပ်လေ့ရှိပါသည်။ နံနက်ပိုင်းတွင် စိုက်ပျိုးသဖြင့် ပျိုးပင်လေးများမှာ တနေကုန်နေပူသည့်ဒဏ်ကို ခံရမည်ဖြစ်ပါသည်။ ငယ်ရွယ်နုနယ်သော ပျိုးပင်လေးများ ရှင်သန်ရန် ခဲယဉ်းပေလိမ့်မည်။ နံနက်ပိုင်းအစား ညနေပိုင်းစိုက်ပျိုးလျှင် ညပိုင်းအအေးဓာတ်ဖြင့် ပျိုးပင်လေးများအတွက် ဆက်လက်ရှင်သန်အားယူရန် အချိန်လုံလောက်စွာ ရရှိပါမည်။ ထို့ကြောင့် သစ်ပင်စိုက်ပွဲတော်အား နံနက်ပိုင်းအစား ညနေပိုင်းတွင် ပြုလုပ်သင့်ပါသည်။

နံနက်ပိုင်းတွင်သာ ပြုလုပ်လိုပါက စိုက်ပျိုးပြီးသော ပျိုးပင်လေးများအား နေပူမမိစေရန် အမိုးများ ပြုလုပ်ပေးသင့်ပါသည်။ ထို့အပြင် သစ်ပင်စိုက်ပျိုးသည့် ကာလသည် မပူလွန်း၊ မအေးလွန်း၊ မိုးရေမများလွန်း၊ မနည်းလွန်းသော ရာသီဥတုမျှတသော ကာလဖြစ်ရန်လိုပါသည်။ ထို့ကြောင့်ပင် ထိုအချက်များနှင့် ကိုက်ညီသော နှစ်စဉ် ဇူလိုင်ပထမပတ်ကို သစ်ပင်စိုက်ပွဲတော်ကာလအဖြစ် သတ်မှတ်ထားခြင်းဖြစ်ပါသည်။

သို့သော်လည်း ယနေ့ပြောင်းလဲလာသော ရာသီဥတုအခြေအနေအရ မြန်မာနိုင်ငံတွင် မုတ်သုံမိုးအဝင်နောက်ကျခြင်း၊ အထွက်စောခြင်းများ ဖြစ်လာသည့်အတွက် မိုးရွာသွန်းသည့်ရက်များ နည်းလာသည်ဖြစ်ရာ သစ်ပင်စိုက်ပွဲတော်အား နှစ်စဉ် ဇူလိုင်ပထမအပတ်အစား သင့်လျော်သည့်ကာလသို့ ပြောင်းလဲရန်လိုပါက ပြောင်းလဲသတ်မှတ်သင့်ပါသည်။ သို့မှသာ စိုက်ပျိုးလိုက်သောသစ်ပင်လေးများ ရှင်သန်ဖြစ်ထွန်းပြီး ဖက်ဖူးရောင်စိုတောအုပ်ပျိုမှ အုံ့မှိုင်းစိမ်းစိုမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ယနေ့ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတုများ ဖောက်ပြန်ကာ လေဘေး၊ ရေဘေး၊ မြေပြိုဘေး၊ မိုးကြိုးဘေး၊ မီးဘေး စသည့် သဘာဝဘေးအမျိုးမျိုး တို့ကို ဖြစ်ပေါ်စေပြီး လူ့အသက်အိုးအိမ်စည်းစိမ်၊ အခြေခံအဆောက်အအုံများနှင့် သဘာဝပတ်ဝန်းကျင်တို့ကို ထိခိုက်ပျက်စီးစေသောဖြစ်စဉ်များ ကမ္ဘာနှင့်အဝန်း မကြာခဏ ဖြစ်ပွားလျက်ရှိပါသည်**

# ကြက်ဖြူတောင်-ရွာသစ်ကြီး ကျေးရွာချင်းဆက်လမ်းဖောက်လုပ်



**စဥ့်ကူး ဇူလိုင် ၁၀**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနသည် ကျေးလက်နေ ပြည်သူများအား လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ကျေးရွာတိုင်း လျှပ်စစ်မီးရရှိရေးတို့အပြင် ဆင်းရဲမှုလျော့ကျစေပြီး မြို့ပြနှင့် ကျေးလက် ကွာဟမှုမရှိ အချိုးတူ တိုးတက်လာစေရန်တို့အတွက် အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ဇူလိုင် ၇ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးထွန်းကျော်ဇော (ဦးစီးအရာရှိ-နည်းပညာ)နှင့် အဖွဲ့သည် စဥ့်ကူးမြို့နယ်အတွင်း အရှည်နှစ်မိုင်ရှိ ကြက်ဖြူတောင်-ရွာသစ်ကြီး ကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားကြီးများဖြင့် ဖောက်လုပ်နေမှုတို့ကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းမောင်**

# သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးနှင့် ရေရှားပါးသည့်ကျေးရွာများသို့ ရေလှူဒါန်း

**ဆားလင်းကြီး ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ ဆားလင်းကြီးမြို့နယ် သာယာကိုင်းကျေးရွာ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရေဂါလန် ၁၆၀၀ ဆံ့ မီးသတ်ရေယာဥ်ဖြင့် သောက်သုံးရေ ပေးဝေလှူဒါန်းခြင်းတို့ကို ဇူလိုင် ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

၄င်းသာယာကိုင်းရွာလေးသည် အိမ်ထောင်စု ၇၂ စု၊ လူဦးရေ ၃၀၇ ဦးနေထိုင်ပြီး ကန်ရေကို အဓိကထား သောက်သုံးနေကြရသည်။ ယခုမိုးဦးကာလတွင် မိုးရွာသွန်းမှုနည်းသောကြောင့် ၄င်းကန်မှာလည်း ရေအနည်းငယ်သာ ကျန်ရှိတော့သည်ကို တွေ့မြင်ရသည်။

ယခုကဲ့သို့ တာဝန်ရှိသူများက သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်နှင့် သန့်ရှင်းသောရေများ သုံးစွဲနိုင်ရန်ကွင်းဆင်း၍ အသိပညာပေးဟောပြောခြင်း၊ သောက်သုံးရေများ လာရောက်လှူဒါန်းခြင်းများကို ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ဦးငယ်(ဆားလင်းကြီး)**



# လူကုန်ကူးမှု တိုက်ဖျက်ရေးနေ့ ဆွေးနွေးပွဲအတွေ့အကြုံ ရှင်းလင်း

**ဘားအံ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံ မဲဆောက်မြို့ စင်ထရယ်ဟိုတယ်၌ ဇွန် ၃ ရက် မှ ၅ ရက်အထိ ကျင်းပခဲ့သည့် နယ်စပ်ဖြတ်ကျော်မှုခင်းနှင့်လူကုန်ကူးမှုဆိုင်ရာ ကာကွယ်တိုက်ဖျက်ရေး ပူးပေါင်းဆွေးနွေးပွဲနှင့်စပ်လျဥ်းသည့် အတွေ့အကြုံရှင်းလင်းပွဲကို ဇူလိုင် ၆ ရက်က ကရင်ပြည်နယ် တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက အမှာစကားပြောကြားသည်။

ထို့နောက် မြဝတီခရိုင်တရားသူကြီး ဦးအောင်သိန်းက ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ဆွေးနွေးတင်ပြရာ တက်ရောက်လာသူများက သိရှိလိုသည်များကိုဆွေးနွေးခဲ့ကြောင်းသိရသည်။ **အုန်းသောင်း**

# ချင်းတွင်းမြစ်ကြောင်း ကုန်စည်ပို့ဆောင်ရေးများ အဆင်ပြေ

**ကလေး ဇူလိုင် ၁၀**

မိုးရာသီကာလ ချင်းတွင်းမြစ်ကြောင်း ကောင်းမွန်လာပြီဖြစ်၍ မြစ်အတွင်း သွားလာနေကြသော ကုန်တင်ရေယာဥ်ကြီးများ၊ ကုန်တင်တွဲယာဥ်ကြီးများ သွားလာနိုင်ပြီဖြစ်သောကြောင့် ကလေး၊ တမူးနှင့် ချင်းတောင်ဒေသအတွက် ကုန်ပစ္စည်းများ ရေကြောင်းမှ လွယ်လင့်တကူ သယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ချင်းတွင်းမြစ်ရေက ဇွန်လဆန်းကတည်းက တက်လာတာပါ။ မြစ်ရေတက်လာမှ ကုန်တင်အမြန်ရေယာဥ်တွေသွားလို့လာလို့ လွယ်ကူတာပါ။ ဒါမှလည်း စစ်ကိုင်းတိုင်းဒေသကြီး အနောက်မြောက်ဘက်ရဲ့ ကုန်စည်စီးဆင်းမှုက ပိုမိုမြန်ဆန်တာပါ"ဟု ကလေးဝဒေသ ကုန်ပွဲစားတစ်ဦးက ပြောသည်။

ကလေး၊ ချင်းတောင်နှင့် မုံရွာ၊ မန္တလေး ကုန်စည်ပို့ဆောင်မှုတွင် ရှေးယခင်မှအစပြု၍ ရေကြောင်းခရီးကို အသုံးပြုခဲ့ကြသော်လည်း ချင်းတွင်းမြစ်သည် နွေရာသီနှင့် ဆောင်းရာသီကာလများတွင် မြစ်ရေနည်းပါးသည့်အတွက် ကားလမ်းမှ ကုန်စည်ပို့ဆောင်ကြရခြင်း ဖြစ်သည်။

ကားဖြင့် ပို့ဆောင်ပေးရသည့် ကုန်ပစ္စည်းအများစုသည် စားသောက်ကုန်နှင့် အမြန်ရောက်ရန်လိုအပ်သော ပစ္စည်းများဖြစ်ပြီး အမြန်ရောင်းရသည့် ကုန်စည်များဖြစ်ကာ ကွမ်းခြင်း၊ ခရမ်းချဥ်၊ ပန်းစသည့် ကုန်ပစ္စည်းများသည် ညအိပ်ရပါက အရှုံးပေါ်တတ်သောကြောင့် ကားလမ်းမှတင်ပို့ကာ ဘိလပ်မြေနှင့် အိမ်ဆောက်ပစ္စည်းများကို ရေလမ်းကြောင်းမှနေ၍တင်ပို့ပေးရကြောင်း သိရသည်။ **သျှင်နေမင်း**

မြန်မာ့အလင်းသတင်းစာတိုက်၏ စာကြည့်တိုက်တွင်ဖတ်ရှုရန် မြို့နယ်သတင်းထောက်များ၊ လူမှုရေးအသင်းနာယက ဦးကျော်မြင့်သန်းနှင့် မိသားစုတို့က ငွေကျပ်ငါးသိန်းခန့်ရှိ လစဉ်မဂ္ဂဇင်းအစုံ အုပ် ၄၀၀ကို ဇူလိုင် ၇ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်ချုပ်(၂)ရပ်ကွက် နတ်မောက်လမ်းသွယ်(၁)ရှိ မြန်မာ့အလင်းသတင်းစာတိုက်ရုံးခန်းမ၌ ပေးအပ်ရာ သတင်းထောက်ချုပ်ဦးမြင့်ဆွေ လက်ခံယူစဉ်။
သန်းထိုက်(လှိုင်သာယာ)



## သတင်းတိုများ

# ရွှေးကောက်ပွဲဆိုင်ရာတွေ့ဆုံဆွေးနွေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (ပြည်ထောင်စုအဆင့်) ပဲခူးတိုင်းဒေသကြီး တာဝန်ခံ ဒေါက်တာ ဒေါ်မြင့်ကြည်နှင့် တောင်ငူခရိုင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များ တွေ့ဆုံဆွေးနွေးပွဲကို တောင်ငူမြို့ ခပေါင်းခန်းမ၌ ဇူလိုင် ၇ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။ ထို့နောက် ဒေါက်တာ ဒေါ်မြင့်ကြည်က ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများက သိရှိလိုသည့် ရွေးကောက်ပွဲဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးမေးမြန်းရာ ဒေါက်တာဒေါ်မြင့်ကြည်က ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

# ပညာရေးမြှင့်တင်မှု ဆွေးနွေး

ညောင်ဦးတွင် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ (အခြေခံပညာကဏ္ဍ)ကို ဇူလိုင် ၄ ရက် နံနက်က ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ဆိုင်ရာ ပညာရေးမှူးများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် ပညာရေးမှူး ဦးနေဝင်းက အမှာစကားပြောကြားပြီး ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်(၃) အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း(မူကြမ်း)၊ အခြေခံပညာရေးဥပဒေ(မူကြမ်း)၊ ပုဂ္ဂလိကပညာရေး ဥပဒေ(မူကြမ်း)၊ နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ(မူကြမ်း)တို့ကို ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ **ရဲသူရအောင်(ညောင်ဦး)**

# အဆင့်မြင့်စက်ချုပ်သင်တန်းဖွင့်လှစ်

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကလောမြို့နယ် ဟဲဟိုးကျေးရွာအုပ်စု ဟဲဟိုးအလယ်ပိုင်းရပ်ကွက်(၂) လေသာကျောင်းတိုက်၌ ကလောမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြီးမှူး၍ အဆင့်မြင့်စက်ချုပ်သင်တန်း(၁/၂၀၁၅)ကို ဇွန်နောက်ဆုံးပတ်က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုးက အမှာစကားပြောကြားပြီး ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးအရာရှိ ဦးဇေယျဝင်းက စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်းကို ရှင်းလင်းတင်ပြသည်။ **နန်းပြုံးရီ(တောင်ကြီး)**

# သွေးလွန်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် ကျန်းမာရေးဦးစီးဌာန မြို့နယ်စည်ပင်သာယာရေးကော်မတီ မီးသတ်၊ ကြက်ခြေနီနှင့် (၇/၂၀၁၅) အရန်သားဖွားသင်တန်းသားတို့ပူးပေါင်း၍ အင်းကုန်း၊ ငါးဆူ၊ မြို့ကုန်း၊ ရွာမ၊ ဈေးတန်း၊ တောင်ကုန်းနှင့် ကွက်သစ်ရပ်ကွက်များတွင် ဇူလိုင် ၆ ရက်က အစုအဖွဲ့ ၁၂ ဖွဲ့ဖြင့် သွေးလွန်တုပ်ကွေးမဖြစ်ပွားရေး အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ထွန်းထွန်းဝင်း(ရွာငံ)**

# ဇီးကုန်းမြို့တရားရုံး ပန္နက်တင်မင်္ဂလာကျင်းပ

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်တွင် RC နှစ်ထပ်ဆောင် တရားရုံးပန္နက်တင်မင်္ဂလာအခမ်းအနားကို ဇူလိုင် ၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ သာယာဝတီခရိုင် တရားသူကြီး ဦးကျော်စွာငြိမ်း၊ ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

RC နှစ်ထပ် တရားရုံးအသစ်ကို ၂၀၁၅-၂၀၁၆ ပြည်ထောင်စုတရားလွှတ်တော်ရုံးချုပ်၏ ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ **သိန်းတိုး(ဇီးကုန်း)**

# တံခွန်တိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းအောက်တွင် ရှေးနှစ်ပေါင်း ၂၀၀ ဝန်းကျင်က သမိုင်းဝင်သစ်တစ်လုံးထွင်းလှေကြီးကို လာရောက်လေ့လာကြည့်ရှုနိုင်



|သန်းမောင်လေး(ကချင်မြေ)|

**အင်းတော် ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် တံခွန်တိုင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းအောက်တွင် ရှေးနှစ်ပေါင်း ၂၀၀ ဝန်းကျင်က ကျောင်းထိုင်ဆရာတော်ဖြစ်သည့် ဦးချိန် (ခေါ်) ဦးအာသဘ လက်ထက်က မင်းကျော်၊ ဇော်ပျံ၊ စေတီဟူသော သစ်တစ်လုံးထွင်း လှေကြီးသုံးစင်းရှိခဲ့ကြောင်း အရှင်ဇဝန(မြစေတီ) ရေးသားသည့် မဲဇာခုနစ်ရွာသမိုင်းစာအုပ် စာမျက်နှာ (၁၅) တွင် လေ့လာသိရှိနိုင်သည်။ သို့သော်လည်း ခေတ်ကာလရှည်ကြာလာပြီဖြစ်သောကြောင့် တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းအောက်တွင် စေတီဟုခေါ်သည့် လှေကြီးတစ်စင်းသာရှိတော့ကြောင်း၊ ယင်းရှေးဟောင်း သစ်တစ်လုံးထွင်းလှေကြီးကို အနယ်နယ် အရပ်ရပ်မှ လာရောက်လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။

"အခု မြင်တွေ့နေရတဲ့ လှေကြီးရဲ့အလျားကတော့ ၅၇ ပေရှိပါတယ်။ အနံကတော့ ခြောက်ပေ၊ ငါးလက်မရှိပါတယ်။ ဒီသမိုင်းဝင်လှေကြီး မချွတ်ယွင်းမပျက်စီးအောင် ဦးပဉ္စင်းက ပြန်လည်ထိန်းသိမ်းစောင့်ရှောက်ထားပါတယ်"ဟု တံခွန်တိုင် ကျောင်းထိုင်ဆရာတော် ဦးဝိလာသဂ္ဂက မိန့်ကြားသည်။

လက်ရှိကျောင်းထိုင်ဆရာတော် ဦးဝိလာသဂ္ဂသည် အဆိုပါလှေကြီးကို ဘုန်းကြီးကျောင်းအောက်တွင် မြေမထိအောင် သစ်သားတိုင်များခု၍ မပျက်စီးအောင်ထိန်းသိမ်းထားပြီး မိုးလုံသည့်နေရာ၌ထားရှိကြောင်း သိရသည်။

"သီပေါမင်းလက်ထက်မှာ ဦးပဉ္စင်းတို့ တံခွန်တိုင်ဘုန်းတော်ကြီးကျောင်းရဲ့ ပထမကျောင်းထိုင်ဆရာတော် ဦးချိန် (ခေါ်) ဦးအာသဘဟာ မဲဇာခုနစ်ရွာဖြစ်တဲ့ ခွန်နန်း၊ တံခွန်တိုင်၊ အောင်သာကုန်း၊ တဲကြီးကုန်း၊ ကွမ်းချောင်း၊ ကျောင်းကုန်း၊ နွယ်ချိုဆိုတဲ့ ရွာတွေကို မဲဇာမြစ်ရေစီးရေလာကောင်းတဲ့အချိန်မှာ မင်းကျော်၊ ဇော်ပျံ၊ စေတီလို့ခေါ်တဲ့ လှေကြီးသုံးစင်းနဲ့ အသုံးပြုသွားလာခဲ့ပါတယ်။ အခုကတော့ စေတီခေါ်တဲ့ လှေကြီးတစ်စင်းသာရှိတော့ပါတယ်"ဟု တံခွန်တိုင်ကျောင်းထိုင်ဆရာတော်က ထပ်မံမိန့်ကြားခဲ့သည်။

တံခွန်တိုင်ကျေးရွာရှိ အသက်(၇၅နှစ်) အရွယ် သက်ကြီးရွယ်အိုတစ်ဦးကလည်း"စေတီလို့ခေါ်တဲ့လှေကြီးက ရှေးဘုရင် မင်းအဆက်ဆက်က အသုံးပြုခဲ့တာလည်း ဖြစ်မယ်ထင်တယ်"ဟု ဝေဖန်ပြောဆိုလျက်ရှိသည်။

မည်သို့ပင် ဝေဖန်ပြောဆိုမှုများ ရှိသော်ငြားလည်း အရှင်ဇဝန(မြစေတီ) ဆရာတော်ရေးသားထားသည့် မဲဇာခုနစ်ရွာ သမိုင်းစာအုပ်စာမျက်နှာ(၁၅) အထောက်အထားခိုင်လုံစွာ ဖော်ပြချက်အရ ဤလှေကြီးကို ထွင်းလုပ်ရန်အတွက် မော်ခါးရွှေမူးက မိုင်းသုံတောင်ရိုးပေါ်မှ ခုတ်ပြီးဆွဲချပေးခဲ့ကြောင်း ရေးသားဖော်ပြချက်အရသိရပြီး လှေကြီးသည် ပိန်းကောပုံစံမဟုတ်ဘဲ လောင်းလှေပုံစံထွင်းထားခြင်းသာဖြစ်သည်။

၁၂၂၄ ခုနှစ်တွင် ပုန်ကန်သောင်းကျန်းသူများက အထက်ဖော်ပြပါ စေတီထက်ကြီးသည့် လှေကြီးတစ်စင်းကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ယင်းအဆိုပါ မဲဇာခုနစ်ရွာသမိုင်းစာမျက်နှာ(၁၅)ပါ ဖော်ပြချက်အရ သိရှိရသည်။

စေတီခေါ်သည့် လှေကြီးပြုလုပ်သည့် ခုနှစ်များကို ရေးသားထားခြင်းများ မရှိသော်လည်း ထိုလှေကြီးကို ထွင်းပြီး လှေပြုလုပ်ထားသည်မှာ သက္ကရာဇ် ၁၂၂၄ ခုနှစ် မတိုင်မီကာလထက် စောပြီးရှိနေသည်မှာ ထင်ရှားသည်။

သို့ဖြစ်၍ လှေကြီး၏သက်တမ်းမှာ အလောင်းစည်သူ မင်းလက်ထက်မှ ကုန်းဘောင်မင်းဆက် နောက်ဆုံးဖြစ်သော သီပေါမင်းလက်ထက် ကာလများ



အထိ မဲဇာမြစ်ကြောင်းတစ်လျှောက် တံခွန်တိုင်မှနေ၍ မင်းနေပြည်တော်အထိ အသုံးပြုခဲ့သော လှေကြီးဖြစ်သလို ဘုရင်များအတွက်လည်း အသုံးဝင်ခဲ့သည့် လှေကြီး တစ်စင်းဖြစ်သည့် ရှေးဟောင်းအမွေအနှစ်သစ်တစ်လုံးထွင်းလှေကြီး စေတီ အား နိုင်ငံတော်က ပြန်လည်ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ် လျက်ရှိကြောင်း သိရသည်။

# ရိတ်သိမ်းခြွေလှေ့စက်များဖြင့် စပါးရိတ်သိမ်းမှု အဆင်ပြေ

**ဝက်လက် ဇူလိုင် ၁၀**


စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ ဒေသခံတောင်သူများထွန်ရေး၊ ထယ်ရေးလုပ်ငန်းနှင့် ရိတ်သိမ်းခြင်းလုပ်ငန်းများတွင် အဆင်ပြေစွာ ငှားရမ်းအသုံးပြုနိုင်ရန်အတွက် လယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်းများဖွင့်လှစ်ထားသည်။ လယ်ထွန်စက်ကြီးများ၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် ဝန်ဆောင်မှုများပေးလျက်ရှိရာ ဇူလိုင် ၅ ရက်ကစ၍ ဝက်လက်မြို့နယ် သခွတ္တောကျေးရွာ၊ မုဆိုးခြုံကျေးရွာနှင့် ကျီးပင်ကန်ကျေးရွာများမှ လယ်ဧက ၂၅၀ ကျော်ကို ငှားရမ်းရိတ်သိမ်းလျက်ရှိကြောင်း သိရသည်။

"မိုးရာသီဖြစ်တဲ့အတွက် တလင်းပြင်မှာကောက်လှိုင်းတွေ ခြွေလှေ့နေမယ်ဆိုရင် မိုးရွာချိန်မှာ အချိန်ကုန်လူပန်းဖြစ်ပြီး စပါးတွေလည်းပျက်စီးဆုံးရှုံးမှုများပါတယ်။ အခုလို ရိတ်သိမ်းခြွေလှေ့စက်တွေနဲ့ ရိတ်တဲ့အတွက် အပျောက်အပျက်လည်း သက်သာတယ်။ အချိန်၊ လူနဲ့ငွေရော အားလုံးသက်သာတဲ့အတွက် အများကြီးအဆင်ပြေပါတယ်"ဟု ဝက်လက်မြို့နယ် သခွတ္တောကျေးရွာမှ တောင်သူတစ်ဦးကပြောသည်။

တောင်သူများ လယ်ယာလုပ်ငန်းတွင် အဆင်ပြေစေရန် လယ်ယာဝန်ဆောင်မှုမှ ရှေ့တန်းစခန်းကို ဇွန် ၂၄ ရက်ကစတင်ပြီး သာနားကျေးရွာ၌ ဖွင့်လှစ်ပေးခဲ့ကြောင်း၊ သာနားစခန်းသည် စပါးရိတ်သိမ်းခြွေလှေ့စက် DKC-865 လေးစီး၊ Kubota-DC-70 G နှစ်စီးထားပြီး မြို့နယ်အတွင်းဝန်ဆောင်မှုပေးနေကြောင်း၊ ဝန်ဆောင်ခအနေဖြင့် DKC-865 စက်ဖြင့် တစ်ဧကရိတ်သိမ်းခငွေကျပ် ၃၀၀၀၀ နှင့် Kubota-DC-70 G နှင့် ရိတ်သိမ်းလျှင် တစ်ဧကငွေကျပ် ၄၀၀၀၀ ရှိကြောင်း ဝက်လက်မြို့နယ် စက်မှုလယ်ယာဦးစီးမှူး ဦးမင်းနိုင်က ပြောသည်။

ယခင်က တောင်သူများသည် လယ်ယာလုပ်ငန်းလုပ်ကိုင်ရာတွင် ကျွဲ၊ နွား တိရစ္ဆာန်များနှင့် ပင်ပန်းကြီးစွာ ရုန်းကန်လုပ်ဆောင်ကြရရာမှ ယခုတိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ စက်ကိရိယာများဖြင့် အသုံးပြုလာရသဖြင့် များစွာအဆင်ပြေနေကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**





# ယနေ့ဗုဒ္ဓဘာသာနှင့် ထွန်းတောက်ရေးအတွေး





ခင်မောင်နှင်း (ကျောက်ပန်းတောင်း)၏ ဧကဒသမအကြိမ်ထွက်ရှိသော "ယနေ့ ဗုဒ္ဓဘာသာနှင့် ထွန်းတောက်ရေးအတွေး" စာအုပ်သည် ဘာသာရေးစာအုပ်ဖြစ်သည့် အားလျော်စွာ သာသနာတော်တည်တံ့ ထွန်းကားပြန့်ပွားရေးအတွက် ဘာသာတရားကို ထိန်းသိမ်းစောင့်ရှောက်ရမည့်အကြောင်းအရာများကို ရေးသားထားသည်။

စာအုပ်၏တစ်နေရာတွင် ကမ္ဘာကျော်သိပ္ပံပညာရှင် အဲလ်ဘတ်အိုင်းစတိုင်းက နောင်တစ်ချိန်တွင် ဖန်ဆင်းရှင်ဝါဒများ ယုံကြည်မှုကျဆင်းလာပြီး စကြဝဠာ တစ်ခုလုံးတွင် ယုံကြည်ကိုးကွယ်မည့် ဘာသာသည် ဗုဒ္ဓဘာသာဖြစ်လာလိမ့်မည်ဟု ဟောကိန်းထုတ်ချက်ကိုလည်း ကိုးကား ဖော်ပြထားသည်။ ဗုဒ္ဓဘာသာဝင်များ သာသနာပြုရန် တိုက်တွန်း နှိုးဆော်ထားသည့် ဘာသာရေးဆိုင်ရာ စာအုပ်ကောင်းတစ်အုပ်ဖြစ်သည့်အတွက် ဖတ်ရှုလေ့လာသင့်ပါသည်။

ယင်းစာအုပ်ကို ရတနာမိုးပုံနှိပ်တိုက်၌ ပုံနှိပ်ပြီး ဖြန့်ချိရေး ဖုန်း ၀၉-၄၉၀၃၆၅၇၇ သို့ ဆက်သွယ်မှာကြားနိုင်သည်။ တန်ဖိုးမှာ တစ်အုပ်ငွေကျပ် ၁၀၀၀ ဖြစ်သည်။

# အမြင့်ဆုံးမှတ်နှင့် အခြားဆောင်းပါးများ စုစည်းမှု





7-Day News, The Voice, The Myanmar Post, The Myanmar Post Global နှင့် The Myanmar Review သတင်းစာ၊ ဂျာနယ်များတွင် ရေးသားခဲ့သော ဆောင်းပါးများကို တစ်စုတစ်စည်းတည်း ဖတ်ရှုလေ့လာနိုင်မည့် အောင်အောင် (IR) ၏ "အမြင့်ဆုံးမှတ်နှင့် အခြားဆောင်းပါးများ စုစည်းမှု" စာအုပ်ကို စွယ်တော်ပုံနှိပ်တိုက်၌ပုံနှိပ်ပြီး ငြိမ်းချမ်းရေးစာပေမှ ထုတ်ဝေကာ ဖြန့်ချိရေး မျိုးဆက်သစ် စာပေ ဖုန်း ၀၉-၄၂၀၀၈၃၆၈၈၊ ၄၂၀၂၂၂၉၆၂ တို့သို့ ဆက်သွယ်မှာယူဖတ်ရှုနိုင်မည်ဖြစ်သည်။ စာအုပ်တန်ဖိုး ငွေကျပ် ၃၀၀၀ ဖြစ်သည်။

စာအုပ်တွင်ပါဝင်သော အကြောင်းအရာများသည် ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးဆိုင်ရာ ဆောင်းပါးများဖြစ်ပြီး ပညာရေးကဏ္ဍတွင် မိဘနှင့်ပညာရေး၊ လူအခွင့်အရေးနှင့်ပညာရေး၊ ပညာသင်အခွင့်အလမ်းများနှင့် အကောင်းဆုံးပညာရေးတို့ကို ဖော်ပြထားသည်။ လူမှုရေးကဏ္ဍတွင် စာရေးသူ၏ ခရီးသွား အတွေ့အကြုံများ၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအပေါ်ထားရှိသော သဘောထားကွဲလွဲမှုများ၊ သတင်းမီဒီယာကို Soft Power နှင့် နှိုင်းယှဉ်ထားသည်ကိုလည်း တွေ့ရသည်။ နိုင်ငံရေးကဏ္ဍတွင် နိုင်ငံရေးခေါင်းဆောင်များအနေနှင့်ဒုတိယလူကိုရွေးချယ်ထားတတ်ရန်၊ ခေါင်းဆောင်နှင့်နောက်လိုက်များကြား ကွာဟမှုများ၊ ၂၀၁၅ ရွေးကောက်ပွဲအလွန် နိုင်ငံရေးအခင်းအကျင်းကို သုံးသပ်ခန့်မှန်းထားသည်။

# မင်းတုန်းမင်း မြို့နန်းမတည်မီက မန္တလေး





အခြား ရွေးချယ်တင်ပြပေးချင်သော စာအုပ်တစ်အုပ်မှာ ရွှေရိုး(မန္တလေး) ၏ "မင်းတုန်းမင်း မြို့နန်းမတည်မီက မန္တလေး" စာအုပ်ဖြစ်သည်။

ဤစာအုပ်သည် သမိုင်းကြောင်းရာများကို သုတေသနပြုကာ ရေးသားထားသော ဗဟုသုတရဖွယ်မှတ်တမ်းစာအုပ်တစ်အုပ်ဖြစ်သည်။ လွန်ခဲ့သောနှစ် ၈၀၀ ကျော်က မန္တလေး ရွှေတောင်အရပ်တွင် မြို့နန်းတည်ခဲ့သော အကြောင်းနှင့် ပုဂံခေတ်မှ မျက်မှောက်ခေတ်အထိ မန္တလေးမြို့ဖြစ်ပေါ်လာပုံ အကြောင်းတို့ကို လေ့လာတင်ပြထားသည်။ မန္တလေး ရာဇဝင်သမိုင်းကို စိတ်ဝင်စားသူများ၊ လေ့လာမှတ်သားလိုသူများအနေနှင့် ဆရာ၏ ယခုထုတ်ဝေသော စာအုပ်ကို ရာပြည့်ပုံနှိပ်စက် ဖုန်း-၀၉-၄၀၂၅၉၄၅၅၁၊ ၂၅၉၀၂၅၂၄၄ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။

**ဟာရိတ**

# ထိုင်းနိုင်ငံတောင်ပိုင်းရှိ ငါးဖမ်းစက်လှေတစ်စင်းတွင် နှစ်ရှည်ရောင်းစားခံနေရသော မြန်မာအလုပ်သမားများ လွတ်မြောက်ပြီ

**ရှူရတ်ဌာနီ ဇူလိုင် ၁၀**

ထိုင်းနိုင်ငံတောင်ပိုင်းရှိ ငါးဖမ်းစက်လှေတစ်စင်းတွင် နှစ်ရှည်ရောင်းစားခံနေရသော မြန်မာအလုပ်သမားသုံးဦးအား မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT နှင့် DSI တို့ပူးပေါင်း၍ ဇူလိုင် ၅ ရက်က ကယ်တင်နိုင်လိုက်ကြောင်းထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံတောင်ပိုင်းဗန်ကောက်မြို့တောင်ဘက် ကီလိုမီတာ ၂၅၅ အကွာတွင်ရှိသော နခိုစီဌာမရမြို့နယ်၊ ပါပနန်းလှေဆိပ်ကော့ပဆေ့ လှေအမှတ် ၁၀ ငါးဖမ်းလှေပေါ်တွင် နှစ်နှစ်ကျော်ကြာရောင်းစားခံနေရသော ရခိုင်အလုပ်သမားနှစ်ဦးနှင့် ငါးနှစ်ကျော်ကြာရောင်းစားခံနေရသည့် ဗမာလူငယ်တစ်ဦး (နေရပ်လိပ်စာမသိ) တို့အား ကယ်တင်နိုင်ခဲ့ခြင်းဖြစ်ပြီး ထိုင်းအစိုးရလူကုန်ကူးမှု အထူးစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ DSI နှင့် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင်၊ ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT တို့မှ ပူးပေါင်း၍ဇူလိုင် ၅ ရက် ဒေသစံတော်ချိန် ည ၈ နာရီခွဲခန့်က အောင်မြင်စွာကယ်တင်နိုင်လိုက် ခြင်းဖြစ်သည်။

မြန်မာသံရုံး အလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီဝင် MAT အဖွဲ့ ဒါရိုက်တာ ဦးကျော်သောင်းက "သူဌေးအိမ် နောက်မှာ လှေဆိုက်ကပ်ထားတာကြောင့် လူကုန်ကူးခံနေရတဲ့ အလုပ်သမားတွေကို ကယ်ထုတ်လိုက်နိုင်တာပါ။ ဒီလိုလှေနံပါတ် လှေနာမည်ကိုရအောင် ကျွန်တော်တို့ငါးရက်ကြာလိုက်ခဲ့ရပါတယ်။ ထိုင်းနိုင်ငံအတွင်းမှာ ငါးဖမ်းလှေပြဿနာတွေကလည်း တက်နေတော့ အချက်အလက်တွေကို အရင်ကာလတွေတုန်းကထက် ပိုမိုပြည့်စုံအောင် ကျွန်တော်တို့ စုဆောင်းကြရပါတယ်။ နောက်နေ့မနက်ဆိုရင် ဒီအလုပ်သမားတွေ လှေထွက်ကြရတော့မှာပါ။ ရခိုင်အလုပ်သမားနှစ်ဦးကတော့ ကျွန်တော်တို့ ခေါ်လို့တက်လာပေမယ့် စိတ်ပုံမှန်မဟုတ်တဲ့ ဗမာကောင်လေးက တက်မလာခဲ့ဘူး။ မနက်ဖြန်မှ ရဲစခန်းကိုခေါ်ပေးမယ်လို့ DSI ကပြောပါတယ်" ဟု ဆိုသည်။

ဇူလိုင် ၅ ရက် ညပိုင်းက ကယ်ထုတ်နိုင်လိုက်သူနှစ်ဦးမှာ ရခိုင်ပြည်နယ် မြေပုံမြို့နယ် ရေနီကြီးကျေးရွာမှ အသက် ၅၄နှစ်အရွယ် ဦးဘိုသိန်းကြည်ဆိုသူနှင့် အသက် ၃၀ အရွယ် ကိုထွန်းနိုင်ဆိုသူတို့ဖြစ်ကြပြီး အသက်၂၈ နှစ်အရွယ် ဗမာအလုပ်သမားလူငယ်မှာ အမည်၊ နေရပ်လိပ်စာကို မပြောနိုင်သူဖြစ်ကြောင်း သိရသည်။

ပြန်လည်လွတ်မြောက်လာသည့် ကိုထွန်းနိုင်က "မြေပုံမြို့နယ် ငပေသုန်ကျွန်းကပွဲစား ငမိုင်းဆိုသူရောင်းစား လိုက်တာပါ။ နှစ်နှစ်ကျော်ပြီ၊ တစ်ခါမှ လုပ်အားခလစာ မမြင်ခဲ့ဖူးဘူး။ ကျွန်တော့် ဦးလေးဆိုရင် အသက်ကြီးပြီ။ နောက်ထပ်ဗမာကောင်လေးဆိုရင် အရူးလိုပဲ၊ ကျွေးတာစားတယ်၊ ခိုင်းတာလုပ်တယ်။ နာမည်လည်းမပြောတတ်။ဘယ်ကမှန်းလည်းမသိဘူး၊ အလွန်သနားဖို့ ကောင်းပါတယ်" ဟု MAT အဖွဲ့သို့ ပြောပြခဲ့သည်။

ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သည် မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီနှင့်အတူ ထိုင်းအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးအထူးစုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့ DSI အပြင် ထိုင်းအစိုးရလူကုန်ကူးမှု တိုက်ဖျက်ရေးအထူးရဲတပ်ဖွဲ့ AHTD တို့နှင့်ပူးပေါင်းကာ ထိုင်းနိုင်ငံအတွင်းလူကုန်ကူးမှုတိုက်ဖျက်ရေးကို အဓိကကူညီဆောင်ရွက်သည့် စေတနာ့ဝန်ထမ်း မြန်မာအလုပ်သမားအဖွဲ့ငယ်တစ်ခုဖြစ်ပြီး ယင်း MATအဖွဲ့သည်ဇန်နဝါရီ ၁ ရက် မှ ယနေ့အချိန်ထိ လူကုန်ကူးမှုနှိမ်နင်းခြင်း (၁၄) ကြိမ်တွင်လူကုန်ကူးခံရသူမြန်မာအလုပ်သမားစုစုပေါင်း ၇၅ ဦးကို ကယ်ထုတ်နိုင်ခဲ့ပြီဖြစ်ကြောင်း မြန်မာသံရုံးအလုပ်သမားကူညီစောင့်ရှောက်ရေးကော်မတီမှ သိရသည်။

**စိုးဝင်း(SP)**

## အခွန်တံဆိပ်ခေါင်းများအား သက်ဆိုင်ရာအခွန်ရုံးများတွင်သာ ဝယ်ယူသုံးစွဲသင့်

**မကွေး ဇူလိုင် ၁၀**

ယနေ့ခေတ်၌အိမ်၊ ခြံ၊ မြေ၊ ယာဉ် အမျိုးမျိုးနှင့် အခြားရောင်းဝယ်ရေး ကြွေးမြီကိစ္စရပ်များအတွက် စာချုပ်စာတမ်းများချုပ်ဆိုကြရာတွင် တံဆိပ်ခေါင်းများကို သက်ဆိုင်ရာမြို့နယ်အခွန်ရုံးများ၌ သွားရောက်ဝယ်ယူမှုနည်းပါးပြီး ပြင်ပဈေးဆိုင်နှင့်စတိုးဆိုင်ငယ်များတွင်သာ အများဆုံးဝယ်ယူလေ့ရှိကြောင်း သိရသည်။

ပြင်ပဈေးကွက်တွင် တံဆိပ်ခေါင်းတစ်ရွက်လျှင် နိုင်ငံတော်က သတ်မှတ်ထားသည့် အခွန်အခဈေးနှုန်းထက် လေးငါးခြောက်ဆပို၍ ပေးဝယ်ကြရသည်။ ထို့အပြင်အခွန်ရုံးမှ တံဆိပ်ခေါင်းဝယ်ယူ၍ ပြင်ပဆိုင်များတွင် မှောင်ခိုသဘောမျိုး တရားမဝင်တင်သွင်းရောင်းချသူများလည်း ရှိကြောင်း သိရသည်။

ဘဏ္ဍာရေးဝန်ကြီးဌာနက တံဆိပ်ခေါင်းများကို လိုအပ်သလောက် ရောင်းချရိုက်နှိပ်ထားပြီး မြို့နယ်ရုံးများတွင် အမျိုးအစားအလိုက် အကန့်အသတ်မရှိ ဝယ်ယူခွင့်ရရှိအောင်စီမံဆောင်ရွက်ပေးထားသည်။

သို့သော်ရုံးဌာနသို့ သွားရောက်ဝယ်ယူခြင်းမပြုလိုသူများ၊ မည်သူမဆိုလွတ်လပ် စွာဝယ်ယူနိုင်သည်ကို မလေ့လာမသိရှိသူများက ပြင်ပဈေးကွက်တွင်သာ ဈေးကြီးကြီးပေးဝယ်၍ ဆောင်ရွက်လျက်ရှိကြသည်။

တံဆိပ်ခေါင်းသည် များများရောင်းချနိုင်ပါက နိုင်ငံတော်အတွက် အခွန်များများ ရှိမည်ဖြစ်သည့်အပြင် ပြင်ပဈေးကွက်တွင် မှောင်ခိုရောင်းဝယ်ခြင်းများမရှိသင့်ပေ။ ဈေးကြီးပေးဝယ်ရ၍လည်း နိုင်ငံတော်မှသတ်မှတ်အခွန်အခ တန်ဖိုးထက်ပို၍ မရနိုင်သလို သုံးစွဲသူအတွက်လည်း နစ်နာသည်။

သို့ဖြစ်ပါ၍မြို့နယ်အခွန်ရုံးများက ပြင်ပမှောင်ခိုရောင်းဝယ်ခြင်းများကို ကန့်သတ်ထိန်းချုပ်ခြင်းများ ပြုလုပ်၍ သုံးစွဲသူများကလည်း သက်ဆိုင်ရာ အခွန်ရုံးများတွင်သာ နိုင်ငံတော်သတ်မှတ်ဈေးနှုန်းအတိုင်း လိုအပ်သလောက် တရားဝင်ဝယ်ယူဆောင်ရွက်ခြင်းများ ပြုလုပ်သင့်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

**ဖူးပွင့်နေခြည်(မကွေး)**

## လယ်ယာစိုက်ပျိုးချိန်တွင် မြွေအန္တရာယ် အထူးသတိပြုကာကွယ်

**ကောလင်း ဇူလိုင် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်း၊ ဝန်းသို၊ ပင်လည်ဘူး၊ ကန့်ဘလူမြို့နယ်များတွင် မုတ်သုံမိုးဦးရွာသွန်း၍ တောင်သူများ လယ်ယာစိုက်ပျိုးချိန်ဖြစ်သည့်အပြင် မြွေများမှာလည်း မိတ်လိုက်ရာသီဖြစ်ပြီး မြွေများပေါများလာ၍ တောင်သူများမှာ မြွေအန္တရာယ်နှင့် ကြုံတွေ့နေရသည့်အတွက် ကြိုတင်သတိပြုကာကွယ်ရန် လိုအပ်လျက်ရှိသည်။



ကောလင်းမြို့နယ် ပြည်သူ့ဆေးရုံတွင် မြွေကိုက်ခံရသူ တစ်ရက်လေးဦးခန့်ရှိနေသည်။ တောင်သူများအနေဖြင့် မြွေကိုက်ခံရပါက ရှေးဦးသူနာပြုနည်းဖြင့် စနစ်တကျဆောင်ရွက်ပြီး ဆေးရုံသို့ သုံးနာရီအတွင်း အချိန်မီလာရောက်ပြီး လိုအပ်သော ကုသမှုများခံယူရန်ဖြစ်သည်။

ယခင်က တောင်သူများအနေဖြင့် ပြင်ပတွင် မြွေဆိပ်ဖြေဆေး တစ်လုံးလျှင် ငွေကျပ်ရှစ်သောင်းနှင့် တစ်သိန်းထိ ပေးဝယ်ရပြီး ယခုအခါ နိုင်ငံတော်အစိုးရက မြွေဆိပ်ဖြေဆေးများကို ထောက်ပံ့ပေးသည့်အတွက် တောင်သူများအား အခမဲ့ကုသပေးလျက်ရှိကြောင်း ကောလင်းမြို့နယ် မြို့နယ်ဆရာဝန်ကြီးဒေါက်တာ ခင်မောင်သန်းက ပြောကြားသည်။

**ကိုကိုမောင်(ကောလင်း)**

# မိုးပွင့်(အထူး)စီမံချက်ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား ဇူလိုင် ၁၀**



နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်ကျေးရွာအုပ်စု သာယာစုကျေးရွာ၌ ဇူလိုင် ၇ရက် နံနက် ၁၀ နာရီက မိုးပွင့်(အထူး) စီမံချက်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့သို့ ဆောင်ရွက်ပေးရာတွင် ကျေးရွာနေပြည်သူများ၏ ယခင်ဟောင်းနွမ်းပျက်စီးနေသော ပုံစံ(၆၆)များအား မိတ္တူထုတ်ပေးခြင်း၊ သေဆုံးသူများစာရင်းဖျက်သိမ်း၍ မွေးဖွားသူများ စာရင်းတိုးထည့်သွင်းပေးခြင်းများကို ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများအဖွဲ့က One Stop Service စနစ်ဖြင့် ဒေသခံပြည်သူ ၁၂၆ ဦးကို နေ့ချင်းပြီးဆောင်ရွက်ပေးကာ ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက တစ်ဦးချင်းပေးအပ်ခဲ့၍ ဒေသခံပြည်သူများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

# မိုးမောက်မြို့၌ မိုးရာသီ သစ်ပင်စိုက်ပျိုး

**မိုးမောက် ဇူလိုင် ၁၀**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် ကြံခင်းအထက်တန်းကျောင်းခွဲကျောင်းဝင်းတွင် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇူလိုင်လ ပထမပတ်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးမောင်မောင်တို့က အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများထံသို့ ပျိုးပင်များ ဖြန့်ဝေပေးအပ်ပြီး တက်ရောက်လာသူများက ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဲဇလီ၊ ပင်လယ်ကဗွီး စုစုပေါင်း အပင် ၈၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးပညာပေးဟောပြော

**မန္တလေး ဇူလိုင် ၁၀**

လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၇ ရက် နံနက် ၉ နာရီက တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ရှေးဦးစွာတိုင်းရင်းဆေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဦးကျော်သိန်းဌေးက အမှာစကားပြောကြားသည်။

ထို့နောက် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ တပ်ဖွဲ့စုမှူး ရဲမှူး ဖေသိန်းကျော်က လူကုန်ကူးမှုပေါ်ပေါက်လာပုံ နောက်ခံသမိုင်းအကြောင်း၊ လူကုန်ကူးမှုနှင့် လူမှောင်ခိုမှုကွဲပြားခြားနားမှု၊ ရွှေ့ပြောင်းသွားလာခြင်းကြောင့် ကြုံတွေ့နိုင်မည့် အခက်အခဲများအကြောင်း၊ လူကုန်ကူးမှုဥပဒေအကြောင်းများ၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေအကြောင်း၊ လက်ရှိမြန်မာနိုင်ငံ လူကုန်ကူးမှုဆိုင်ရာ တိုက်ဖျက်နေမှုဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်

**တောင်ကုတ် ဇူလိုင် ၁၀**

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရခိုင်ပြည်နယ်အတွင်းရှိအမ်းမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ သံတွဲမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့်မင်းပြားမြို့နယ်များတွင် နေထိုင်နေကြသော တိုင်းရင်းသားများသည်ရေဘေးဒုက္ခများဖြင့်ရင်ဆိုင်ကြုံတွေ့နေရခြင်းကို ရခိုင်သဟာယအသင်းနှင့်မြို့နယ်အသင်း ၁၇ မြို့နယ်တို့ ပေါင်းစည်း၍ ကူညီဆောင်ရွက်လျက်ရှိသည့်အပြင် အပျက်အစီးများပြားသောတောင်ကုတ်မြို့နယ်ရှိ မအီကျေးရွာ၊ ကင်းတောင်ကျေးရွာ၊ ဒုံကျေးရွာစသည့်ကျေးရွာများအတွက် တောင်ကုတ်မြို့နယ်အသင်း (ရန်ကုန်) မှ ရေဘေးကယ်ဆယ်ရေးအဖွဲ့ဖွဲ့စည်း၍ ကူညီဆောင်ရွက်လျက်ရှိကြောင်း တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏တာဝန်ရှိသူထံမှ သိရသည်။

**အောင်သာထွန်း**

# ဖီနာဘာချီကိုရောက်နိုင်တဲ့ ဗန်ပါစီ




မန်ယူတိုက်စစ်မှူး ဗန်ပါစီကို တူရကီထိပ်တန်းကလပ် ဖီနာဘာချီက ခေါ်ယူနိုင်မယ်လို့ မျှော်လင့်ထားတယ်လို့ ဆိုပါတယ်။ နှစ်ဖက်အသင်းတာဝန်ရှိသူတွေဟာ ဗန်ပါစီပြောင်းရွှေ့ရေးနဲ့ပတ်သက်လို့ ဗုဒ္ဓဟူးနေ့က ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပြီးနောက် သဘောတူညီချက်တစ်ရပ်ရဖို့ ဖီနာဘာချီက မျှော်လင့်နေတာပါ။ တူရကီကလပ်အနေနဲ့ ကနဦး တိုက်စစ်မှူး ဗန်ပါစီကို ပေါင် ၄ ဒသမ ၇ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဗန်ပါစီကို သုံးနှစ်စာချုပ်နဲ့ခေါ်ယူဖို့ ကမ်းလှမ်းခဲ့တာပါ။ သို့ပေမယ့် မန်ယူဘက်က ပယ်ချလိုက်ပါတယ်။ ဗန်ပါစီကို အနည်းဆုံးပေါင် ၁၀ သန်းပေးမှ ရောင်းနိုင်မယ်လို့ မန်ယူတာဝန်ရှိသူတွေက ဆိုပါတယ်။ ဒတ်ချ်ကစားသမား ဗန်ပါစီဟာ လက်ရှိမန်ယူနဲ့ ချုပ်ဆိုထားတဲ့စာချုပ်က တစ်နှစ်သာကျန်ပါတော့တယ်။ လာမယ့်ရာသီမှာ ပုံမှန်ပွဲထွက်ကစားခွင့်တွေ ဆုံးရှုံးနိုင်တဲ့တွက် ဗန်ပါစီအနေနဲ့လည်း မန်ယူမှထွက်ခွာဖို့ ဆန္ဒပြင်းပြနေတာပါ။ နည်းပြ ဗန်ဟားလ်ရဲ့ အလှည့်အပြောင်းကာလနဲ့ ရင်ဆိုင်နေရတဲ့ ဗန်ပါစီဟာ အသင်းသစ်ရှာဖွေနေတာကြာပါပြီ။ ဖီနာဘာချီနဲ့ ညှိနှိုင်းမှုအဆင်ပြေမယ်ဆိုရင်တော့ မကြာမီကာလမှာ အိုးထရက်ဖို့ဒ်ကနေ ထွက်ခွာသွားတော့မယ့် အနေအထားရှိပါတယ်။

# အဲလက်ဆောင်းကို ဝက်စ်ဟမ်းအမြဲတမ်းစာချုပ်မည်




ဘာစီလိုနာကွင်းလယ်ကစားသမား အဲလက်ဆောင်းကို ဝက်စ်ဟမ်းအသင်းက အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူဖို့ သဘောတူလိုက်ပြီဖြစ်ပါတယ်။ သို့ပေမယ့် ဒဏ်ရာရထားတဲ့အတွက် အဲလက်ဆောင်းကို စာချုပ်ဖို့ သုံးလကြာအနားပေးထားမယ်လို့ ဆိုပါတယ်။ ဘာစီလိုနာမှ အငှားခေါ်ယူခဲ့တဲ့ အဲလက်ဆောင်းကို ဝက်စ်ဟမ်းက အမြဲတမ်းကစားသမားအဖြစ် စာချုပ်နိုင်တော့မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ရာသီအတွင်း ဝက်စ်ဟမ်းအသင်းနဲ့အတူ အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့တဲ့အတွက် အမြဲတမ်းကစားသမားအဖြစ် ခေါ်ယူထားဖို့ ဝက်စ်ဟမ်းက ကြိုးစားနေတာပါ။ အသက် ၂၇ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အဲလက်ဆောင်းရဲ့ အပြီးသတ်ပြောင်းရွှေ့မှုကို နှစ်ဖက်အသင်းတာဝန်ရှိသူတွေက ဆွေးနွေးလျက်ရှိပါတယ်။ စာချုပ်သက်တမ်းနဲ့ ပြောင်းရွှေ့ကြေးအသေးစိတ်ကိုမူ မကြာမီ ထုတ်ပြန်သွားမယ်လို့ အသင်းတာဝန်ရှိသူတွေက ဆိုပါတယ်။ သို့ပေမယ့် ဒဏ်ရာရမှုတွေရှိနေတဲ့အတွက် သုံးလကြာ အနားယူကုသမှုတွေပြုလုပ်ရမယ်လို့ ဆိုပါတယ်။ ဝက်စ်ဟမ်းအသင်းအနေနဲ့ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးကစားနိုင်ခဲ့တဲ့ အဲလက်ဆောင်းကို မကြာမီစာချုပ်နိုင်ဖွယ်ရှိပါတယ်။

ကောင်းမြတ်သူ ➤ ➤ စုစည်းသည်။

# ဂျရတ်တို့ရဲ့ အယ်လ်အေဂလက်စီ အခြေအနေကောင်းပါ့မလား

မိုး မြင့် လင်း လက်




နိုင်ငံတကာချန်ပီယံများဖလား ဘောလုံးပြိုင်ပွဲကို သြစတြေးလျ၊ တရုတ်၊ ကနေဒါ၊ အင်္ဂလန်၊ အီတလီ၊ မက္ကဆီကိုနဲ့ အမေရိကန်နိုင်ငံတွေမှာ ဇူလိုင် ၁၁ ရက်ကစတင်ပြီး ဩဂုတ် ၅ ရက်အထိ နေရာခွဲပြီး ကျင်းပတော့မှာဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းကလပ်တွေဖြစ်တဲ့ မန်ယူ၊ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်၊ အင်တာမီလန်၊ အေစီမီလန်၊ ရိုးမား၊ ချယ်လ်ဆီး၊ အယ်လ်အေဂလက်စီ၊ မန်စီးတီး စတဲ့ကလပ်အသင်း ၁၅ သင်း ပါဝင်ဆင်နွှဲမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်ပြိုင်ပွဲမှာ မန်ယူတို့ ချန်ပီယံဖြစ်ခဲ့တာမို့ အခုပွဲမှာ ဘယ်အသင်းဗိုလ်စွဲမလဲဆိုတာ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။

**အယ်လ်အေဂလက်စီနှင့် ကလပ်အမေရိက**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ကာဆင်မြို့မှာ ဇူလိုင် ၁၁ ရက်မှာ စတင်ကစားမယ့် အမေရိကန်ကလပ် အယ်လ်အေဂလက်စီနဲ့ မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးအခြေစိုက် ကလပ်အမေရိကအသင်းတို့ပွဲကတော့ ကြည့်ကောင်းမယ့်ပွဲပါပဲ။ အယ်လ်အေဂလက်စီဟာ ၂၀၁၃ ခုနှစ် နိုင်ငံတကာချန်ပီယံများဖလားပွဲမှာ စီးရီးအေကလပ် အေစီမီလန်ကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး တတိယရရှိခဲ့ဖူးတဲ့အသင်းဖြစ်ပါတယ်။ အယ်လ်အေဂလက်စီအသင်းမှာ ရော်ဘီကိန်း၊ ဒိုနိုဗင်၊ အလန်ဂေါ်ဒွင်၊ ဂျရတ်၊ ဂျူနင်ဟို စတဲ့နာမည်ကြီး ကစားသမားတွေ အများအပြားပါဝင်နေပါတယ်။ မက္ကဆီကိုကလပ်ဖြစ်တဲ့ ကလပ်အမေရိကအသင်းကတော့ နည်းပြ အမ်ဘရစ်ဇ်ကိုင်တွယ်နေတာဖြစ်ပြီး တိုက်စစ်မှာ အယ်ဘာတိုဂါစီယာ၊ မာတင်ဇူနီယာနဲ့ ပီရယ်တာတို့ရှိနေသလို ကွင်းလယ်မှာ မာတီနက်ဇ်၊ ဂျို့ဂွာရီယို၊ ဂွီမက်ဇ်တို့ ပါဝင်နေတာမို့ တိုက်စစ်ကို ပံ့ပိုးပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာစုံက ထိုးဖောက်ဂိုးသွင်းနိုင်ရေး ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် အတွေ့အကြုံရင့်ကျက်ပြီး စွမ်းရည်ရှိတဲ့ ကစားသမားတွေနဲ့ စုဖွဲ့ထားတဲ့ အယ်လ်အေဂလက်စီအသင်းကိုတော့ ကလပ်အမေရိကတို့က ဖြတ်ကျော်ဖို့ ခက်ခဲပါလိမ့်မယ်။

အယ်လ်အေဂလက်စီဟာ ဇူလိုင် ၂၁ ရက်မှာ ဘာစီလိုနာအသင်းနဲ့ ကစားဖို့ရှိနေသလို ကလပ်အမေရိကအသင်းကလည်း ဇူလိုင် ၁၄ ရက်မှာ ဆန်ဂျို့စ်အက်ကွက်စ်အသင်းနဲ့ ဆက်တိုက်ကစားရမှာဖြစ်ပြီး ဇူလိုင် ၁၇ ရက်မှာ မန်ယူအသင်းနဲ့ ကစားဖို့ရှိနေပါတယ်။ ဆန်ဂျို့စ်အက်ကွက်စ်အသင်းဟာ မေဂျာလိဂ်အသင်းဖြစ်ပြီး နည်းပြဒိုမီနစ်ကင်နီးယား ကိုင်တွယ်နေတဲ့ အသင်းဖြစ်ပါတယ်။ ဆန်ဂျို့စ်အက်ကွက်စ်အသင်းမှာ သွမ်ပဆင်၊ ဘာရီရာ၊ စတီဗင်လန်ဟက်တို့က တိုက်စစ်အားသန်သူတွေဖြစ်တာမို့ အခွင့်အရေးရတာနဲ့ ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ဒါကြောင့် မက္ကဆီကိုကလပ်ဖြစ်တဲ့ ကလပ်အမေရိကနဲ့ တွေ့ဆုံမှုမှာ အယ်လ်အေဂလက်စီတို့ ပွဲတော့မချောင်ပါဘူး။ လီဗာပူးက ပြောင်းရွှေ့လာတဲ့ ဂျရတ်အတွက် စိန်ခေါ်မှုအသစ်တွေနဲ့ စတင်ရင်ဆိုင်ရမယ့်ပွဲ ဖြစ်ပါတယ်။

ဒါ့အပြင် ကလပ်အမေရိကအသင်းဟာ မန်ယူနဲ့ တွေ့ဆုံဖို့ရှိနေပြီး မန်ယူရဲ့ ရာသီအကြိုပွဲစဉ်မှာ စမ်းသပ်ခံအသင်းအဖြစ် ရောက်ရှိမလားဆိုတာလည်း ကြည့်ရမှာပါ။ ဒါပေမယ့် မန်ယူရဲ့ ပြင်ဆင်မှုအသစ်တွေရဲ့အကျိုးသက်ရောက်မှုဘယ်လောက်ရှိမလဲဆိုတာကလည်း တွေးဆစရာအဖြစ် ရှိနေဆဲပါ။

အယ်လ်အေဂလက်စီအတွက်ကတော့ ဘာစီလိုနာနဲ့ တွေ့မယ့်ပွဲစဉ်က အရေးကြီးတဲ့ပွဲစဉ် ဖြစ်နေပါတယ်။ ဘာစီလိုနာရဲ့ အကောင်းဆုံးစုဖွဲ့မှုနဲ့ ကစားအားက အရွယ်လွန်ကစားသမားရွေးကျတွေနဲ့ အားပြုထားတဲ့ အယ်လ်အေဂလက်စီအတွက်တော့ မြင့်မားတဲ့တောင်ထိပ်ကို ကျော်ဖြတ်ရသလို ဖြစ်နေပါလိမ့်မယ်။ ။

# မော်ဂန်စနိုက်ဒါလင်းကို မန်ယူအရခေါ်ယူဖွယ်ရှိ

ဆောက်သမ်တန်ကွင်းလယ်ကစားသမား မော်ဂန်စနိုက်ဒါလင်းကို မန်ယူက အရခေါ်ယူဖို့ ကြိုးစားနေတာပါ။ ပြီးခဲ့တဲ့လက ပေါင်သန်း ၂၀ နဲ့ မန်ယူက ကမ်းလှမ်းခဲ့ပေမယ့် ဆောက်သမ်တန်က ပယ်ချခဲ့ပါတယ်။ ကွင်းလယ်ကစားကွက်ကို အကောင်းဆုံးဖြန့်ဝေပေးနိုင်တဲ့ မော်ဂန်စနိုက်ဒါလင်းကို ခေါ်ယူရာမှာ ဈေးပိုပေးဖို့ လိုတယ်လို့ ဆောက်သမ်တန်တာဝန်ရှိသူတွေက ဆိုပါတယ်။

မန်ယူတာဝန်ရှိသူတွေ အနေနဲ့ ပြင်သစ် ကွင်းလယ်ကစားသမား စနိုက်ဒါလင်းကို အရခေါ်ယူဖို့ ဗုဒ္ဓဟူးနေ့က ဆောက်သမ်တန်သို့ သွားရောက်ကာ တစ်ဖန်ပြန်လည်ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်နေပြီလို့ ဆိုပါတယ်။ အသက် ၂၅ နှစ်အရွယ်သာရှိသေးတဲ့ စနိုက်ဒါလင်းအနေနဲ့ ရာသီအကြိုပြိုင်ပွဲတွေ ကစားဖို့ အသင်းကစားဖော်တွေနဲ့အတူ သြစတြီးယားမှာ သွားရောက်လေ့ကျင့်မှုတွေပြုလုပ်နေတယ်လို့ ဆိုပါတယ်။ မန်ယူနည်းပြ ဗန်ဟားလ်အနေနဲ့ကတော့ ရာသီအကြိုပြိုင်ပွဲတွေမှာ ခေါ်ယူသွားနိုင်ဖို့ စနိုက်ဒါလင်းကို အမြန်စာချုပ်သွားရန် ဆန္ဒပြင်းပြနေတယ်လို့ ဆိုပါတယ်။ လာမယ့် ဇူလိုင် ၁၃ ရက်မှာ မန်ယူနဲ့ အမေရိကန်ခရီးစဉ်ကို စတင်မှာဖြစ်ပါတယ်။ ဒီခရီးစဉ်မှာ ခေါ်ယူသွားနိုင်ဖို့ မန်ယူတာဝန်ရှိသူတွေက ကြိုးစားနေတယ်လို့ ဆိုပါတယ်။



# အမ်ပီတီ၏ဖုန်းခေါ်ဆိုခများ တစ်မိနစ် ၂၃ ကျပ်နှုန်းသို့ လျှော့ချ အော်ပရေတာများကြား ပြိုင်ဆိုင်မှုပိုများလာဖွယ်ရှိ

**သတင်းဆောင်းပါး-သူရဖြိုး**

မြန်မာ့ဆက်သွယ်ရေး၏ မိုဘိုင်းဖုန်းခေါ်ဆိုခများကို CDMA 450 နှင့် CDMA 800 ဖုန်းများအတွက် တစ်မိနစ်လျှင် ၅၀ ကျပ်မှ ၂၃ ကျပ်နှုန်းသို့ လျှော့ချလိုက်ပြီး GSM နှင့် WCDMA ဖုန်းခေါ်ဆိုခများကိုလည်း ဆွေသဟာအစီအစဉ်ဖြင့် အသုံးပြုပါက ၂၃ ကျပ်နှုန်းသို့ လျှော့ချလိုက်ကာ မည်သည့်ပြည်တွင်းဖုန်းကိုမဆို ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်းနှင့် လျှော့ချပေးသည့်နှုန်းထားဖြင့် ဇူလိုင် ၈ ရက်က စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

CDMA 450 နှင့် CDMA 800 အသုံးပြုနေသူများ အနေဖြင့် မည်သည့်လျှောက်ထားမှုမျိုးမှ လုပ်ရန်မလုပ်ဘဲ မူလနှုန်းထား ၅၀ ကျပ်မှ ၂၃ ကျပ်နှုန်းဖြင့် အသုံးပြုနိုင်ကြောင်း သိရသည်။ CDMA 800 ဖုန်းများမှာ ၂၃ ကျပ်ဖြင့် သုံးနိုင်မည်ဖြစ်သော်လည်း ၀၉၇၃ နံပါတ်ဖြင့် စသည့် အမ်ပီတီ၏ ဖုန်းများသာ ပါဝင်ပြီး မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း MEC ၏ ၀၉၃၁၊ ၀၉၃၂ စသော ဖုန်းများမပါဝင်ကြောင်း သိရသည်။ GSM နှင့် WCDMA အသုံးပြုနေသူများအနေဖြင့်မူ ဆွေသဟာဝန်ဆောင်မှုကို ရယူမှသာ ၂၃ ကျပ်နှုန်းဖြင့် အသုံးပြုနိုင်မည်ဖြစ်ပြီး ဆွေသဟာဝန်ဆောင်မှုမယူဘဲသုံးပါက တစ်မိနစ် ၅၀ ကျပ်နှုန်း ကျသင့်မည်ဖြစ်သည်။

GSM နှင့် WCDMA များအတွက် မူလက ပေးထားသည့် ဆွေသဟာအစီအစဉ်အရ နှစ်သက်ရာ ဖုန်းနံပါတ်သုံးခုကို ၂၅ ကျပ်ဖြင့် အသုံးပြုနိုင်သည့်အစီအစဉ်ကို ရပ်ဆိုင်းထားပြီး မည်သည့်ဖုန်းကိုမဆို ၂၃ ကျပ်ဖြင့် ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း၊ မူလက ဆွေသဟာအစီအစဉ်ကို မယူထားသူများအနေဖြင့်လည်း မက်ဆေ့ပို့၍ ရယူနိုင်ပြီး ဆွေသဟာအစီအစဉ် ရယူပြီးသည်နှင့် မည်သည့်ဖုန်းကိုမဆို ၂၃ ကျပ်နှုန်းဖြင့် ခေါ်ဆိုနိုင်ပြီဖြစ်ကြောင်း သိရသည်။ ဆွေသဟာအစီအစဉ်ကို ရယူလိုသူများ အနေဖြင့် နံပါတ် ၁၃၃၂ သို့ SWE ဟု မက်ဆေ့ပို့ပေးခြင်းဖြင့် ရယူနိုင်မည်ဖြစ်သည်။




"လက်ရှိနှုန်း တစ်မိနစ် ၅၀ ကနေ ၂၃ ကျပ်အထိ တစ်ဝက်လောက်လျှော့ချပေးတာဆိုတော့ CDMA 450 နဲ့ CDMA 800 သုံးတဲ့လူတွေအဖို့တော့ အရမ်းအဆင်ပြေမှာပေါ့။ ဒါပေမယ့် GSM နဲ့ WCDMA တွေအဖို့တော့ ဆွေသဟာနဲ့မှ ၂၃ ကျပ်ရမယ်ဆိုတော့ အဆင်မပြေသေးဘူး။ ဘာလို့လဲဆိုတော့ ဆွေသဟာကို ပြောင်းလိုက်ရင် ဖုန်းခေါ်ခ ၂၃ ကျပ်နဲ့ ရမယ်ဆိုပေမယ့် အင်တာနက်သုံးတဲ့အခါကျတော့ လက်ရှိသုံးနေတဲ့ GSM တစ်မိနစ် နှစ်ကျပ်နဲ့ WCDMA တစ်မိနစ် လေးကျပ်နှုန်းအစား ဆွေသဟာ အင်တာနက် Plan ထဲရောက်သွားပြီး 1Mb ကို ခုနစ်ကျပ်ခွဲနှုန်းဖြစ်သွားမယ်။ ဖုန်းခေါ်ခ သက်သာသွားပေမယ့် အင်တာနက်သုံးခမှာ ပိုကုန်မယ့်အခြေအနေဖြစ်နေတယ်" ဟု MPT ၏ GSM ဖုန်းအသုံးပြုနေသူ ကိုဝေလင်းစိုးက ပြောသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT သည် အော်ပရေတာအသစ်နှစ်ခုဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူးတို့ ဝင်ရောက်လာပြီးသည့်နောက် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် ယှဉ်ပြိုင်ပေးအပ်လာရပြီး ဖုန်းခေါ်ဆိုခကို လျှော့ချရန်အတွက် ဆွေသဟာအစီအစဉ်ကို ၂၀၁၄ နှစ်ကုန်ပိုင်းတွင် စတင်မိတ်ဆက်ခဲ့သည်။ ဆွေသဟာအစီအစဉ်ကို GSM နှင့် WCDMA ဖုန်းများမှသာ ရယူနိုင်ပြီး ဖုန်းခေါ်ဆိုခကို ၂၅ ကျပ်နှုန်းဖြင့် သတ်မှတ်ထားသည့် ဖုန်းများသို့ အသုံးပြုနိုင်ကာ မက်ဆေ့ပို့ခကိုလည်း ပုံမှန် ၂၅ ကျပ်နှုန်းမှ ၁၅ ကျပ်နှုန်းသို့ လျှော့ချပေးထားသည်။

ဆွေသဟာအစီအစဉ်အရ ဖုန်းခေါ်ဆိုခနှင့် မက်ဆေ့ပို့ခကို လျှော့ချနိုင်သော်လည်း အင်တာနက်အသုံးပြုခကို စတင်မိတ်ဆက်ချိန်တွင် 1Mb လျှင် ၁၅ ကျပ်နှုန်းအထိ သတ်မှတ်ခဲ့ရာ အလွန်များသော ဈေးနှုန်းဖြစ်သဖြင့် ဝေဖန်မှုများခံခဲ့ရပြီး ဆွေသဟာအစီအစဉ်ကို စမ်းသပ်သုံးစွဲသူများရှိခဲ့သော်လည်း ဆက်မသုံးကြဘဲ ပြန်ပိတ်ပစ်ခဲ့ကြသည်။ နောက်ပိုင်းတွင် ဆွေသဟာအစီအစဉ်အရ အင်တာနက်အသုံးပြုခကို ၁၅ ကျပ်မှ ခုနစ်ကျပ်ခွဲနှုန်းသို့ လျှော့ချပေးခဲ့ကာ ပိုသက်သာသောနှုန်းထားဖြင့် အသုံးပြုနိုင်မည့် 400Mb အတွက် ၂၈၀၀ ကျပ်၊ 1GB အတွက် ၆၅၀၀ကျပ်နှင့် 5GB အတွက် ၂၅၀၀၀ ကျပ် ဟူ၍ တစ်လအတွင်းအသုံးပြုရန် အစီအစဉ်သုံးမျိုးကိုလည်း သတ်မှတ်ပေးခဲ့သည်။ သို့သော် တယ်လီနော၏ အင်တာနက်သုံးခမှာ 1Mb လျှင် ၅ ကျပ်နှင့် အော်ရီဒူးက 1Mb လျှင် ၆ ကျပ်သာဖြစ်သဖြင့် ဈေးများနေဆဲဖြစ်သောကြောင့် ဒေတာအလိုက်ကောက်ခံသည့် ဆွေသဟာအစီအစဉ်ကို မသုံးကြပဲ မိနစ်အလိုက်ကောက်ခံသည့် တစ်မိနစ်နှစ်ကျပ်အစီအစဉ်ဖြင့်သာ အများစုက အသုံးပြုနေကြသည်။

**GSM နှင့် WCDMA ဖုန်းများအနေဖြင့် ဆွေသဟာအစီအစဉ်ကိုရယူမှသာ ၂၃ ကျပ်နှုန်းရမည်ဖြစ်ရာ ဖုန်းခေါ်ဆိုမှုကိုသာ ဦးစားပေးအသုံးပြုနေသူများအတွက် အဆင်ပြေသော်လည်း အင်တာနက်အသုံးပြုခ ပိုကုန်လာနိုင်သောကြောင့် အင်တာနက်ဦးစားပေးသုံးသူများအနေဖြင့်မူ အဆင်မပြေသေးသဖြင့် ဆွေသဟာအစီအစဉ်မယူဘဲ ၂၃ ကျပ်နှုန်းလျှော့ချပေးရန်. . .**

ယခု ဖုန်းခေါ်ဆိုခ ၂၃ ကျပ်နှုန်းလျှော့ချပေးချိန်တွင် GSM နှင့် WCDMA ဖုန်းများအနေဖြင့် ဆွေသဟာအစီအစဉ်ကို ရယူမှသာ ၂၃ ကျပ်နှုန်းရမည်ဖြစ်ရာ ဖုန်းခေါ်ဆိုခလျှော့လာမည်ဖြစ်၍ ဖုန်းခေါ်ဆိုမှုကိုသာ ဦးစားပေးအသုံးပြုနေသူများအတွက် အဆင်ပြေသော်လည်း အင်တာနက်အသုံးပြုခပိုကုန်လာနိုင်သောကြောင့် အင်တာနက်ဦးစားပေးသုံးသူများအနေဖြင့်မူ အဆင်မပြေသေးသဖြင့် ဆွေသဟာအစီအစဉ်မယူဘဲ ၂၃ ကျပ်နှုန်းလျှော့ချပေးရန် GSM သုံးသူများက ဆန္ဒရှိနေကြသည်။ CDMA 450 နှင့် 800 ဖုန်းများကို အသုံးပြုနေသူများအနေဖြင့်မူ အင်တာနက်သုံးခနှုန်းထားမှာ မူလနှုန်းဖြစ်သည့် တစ်မိနစ်လေးကျပ်နှုန်းအတိုင်း ပြောင်းလဲခြင်းမရှိသဖြင့် အင်တာနက်ကို မူလအတိုင်းသုံးနိုင်မည်ဖြစ်ရာ CDMA သုံးသူများအတွက် ဖုန်းခေါ်ဆိုခများစွာသက်သာသွားခြင်းဖြစ်သည်။

ယခုလျှော့ချလိုက်သည့် ဖုန်းခေါ်ဆိုခ တစ်မိနစ် ၂၃ ကျပ်နှုန်းထားသည် ပရိုမိုးရှင်းအစီအစဉ်အဖြစ် ယာယီလျှော့ချခြင်းမဟုတ်ဘဲ အမြဲတမ်းအတွက် လျှော့ချသတ်မှတ်ပေးခြင်းဖြစ်ကြောင်းလည်း သိရသည်။ လျှော့ချပေးလိုက်သည့် နှုန်းထားသစ်အရ အမ်ပီတီ၏ ဖုန်းခေါ်ဆိုခနှုန်းထားသည် တယ်လီနောနှင့် အော်ရီဒူးတို့နှင့် ဖုန်းခေါ်ဆိုခနှုန်းထားများဖြစ်သည့် ၂၀ ကျပ်၊ ၂၅ ကျပ်နှုန်းများနှင့် မတိမ်းမယိမ်းဖြစ်လာသဖြင့် အော်ပရေတာများကြား ပြိုင်ဆိုင်မှုမှာ ပိုမိုမြင့်တက်လာနိုင်ဖွယ်ရှိနေပြီး ဖုန်းသုံးသူများအနေဖြင့်လည်း ပိုသက်သာသော နှုန်းများကိုလည်း ထပ်မံရရှိလာနိုင်ဖွယ် ရှိနေသည်။

အော်ပရေတာသစ်နှစ်ခုဖြစ်သည့် တယ်လီနောနှင့် အော်ရီဒူးတို့သည် စတင်ဝင်ရောက်လာချိန်မှစ၍ ဖုန်းခေါ်ဆိုခ၊ မက်ဆေ့ပို့ခ၊ အင်တာနက်အသုံးပြုခများကို မြန်မာ့ဆက်သွယ်ရေး၏ဖုန်းများထက် လျှော့ချသတ်မှတ်ထားသည့်အပြင် ဖုန်းခေါ်ဆိုမှုဆိုင်ရာ ဝန်ဆောင်မှုအသစ်များပါဝင်ခြင်း၊ အင်တာနက်အခြေခံ ဝန်ဆောင်မှုသစ်များ ပါဝင်ခြင်း၊ ပရိုမိုးရှင်းအစီအစဉ်များပြုလုပ်ခြင်း၊ ဆင်းကတ်များအလွယ်တကူဝယ်နိုင်ခြင်း၊ ဖုန်းအရောင်းဆိုင်များနှင့် ပူးပေါင်းကာ ဟန်းဆက်ဝယ်ယူလျှင် ဖုန်းပြောခ ပရိုမိုးရှင်းများ ပေးခြင်း စသည့် ထပ်ဆောင်းဝန်ဆောင်မှုများ အပြိုင်ပေးအပ်ခြင်းဖြင့် မူလက အသုံးပြုသူဦးရေအများဆုံးရှိနေသော အမ်ပီတီ၏ ဈေးကွက်ကို အချိန်တိုအတွင်း ဖွဲ့ယူနိုင်ခဲ့သည်။

ထို့ကြောင့် အမ်ပီတီအနေဖြင့် နိုင်ငံအနှံ့တွင် ကွန်ရက်တည်ထောင်ပြီးဖြစ်သည့် အားသာချက်ရှိထားသော်လည်း အခြားအော်ပရေတာများနှင့်အပြိုင် ဝန်ဆောင်မှုများကို ပိုမိုကောင်းမွန်အောင် ပြုလုပ်လာရာ ဆွေသဟာအစီအစဉ်ဖြင့် ဖုန်းပြောခလျှော့ခြင်း၊ ဘောနပ်စ်များပေးခြင်းတို့ကို ပြုလုပ်လျက်ရှိပြီး ပြီးခဲ့သည့်လအတွင်း နိုင်ငံတကာဖုန်းခေါ်ဆိုခများကို ယခင်က တစ်မိနစ်လျှင် တစ်ဒေါ်လာနှုန်းမှ နိုင်ငံအလိုက် ကျပ်နှစ်ရာမှ အများဆုံးကျပ် ၈၀၀ နှုန်းအထိ လျှော့ချပေးခဲ့ကာ ယခုအခါ ပြည်တွင်းဖုန်းခေါ်ဆိုခကို ကျပ် ၅၀ မှ ၂၃ ကျပ်နှုန်းအထိ လျှော့ချပေးလိုက်ခြင်းဖြစ်သည်။ ။

## ကွန်ပျူတာဈေးကွက်၌ ဈေးနှုန်းများမတည်မငြိမ်ဖြစ်နေ

**ရန်ကုန် ဇူလိုင် ၁၀**

ဇွန်လကုန်ပိုင်းမှစ၍ ဇူလိုင် ၈ ရက်အထိ ဒေါ်လာဈေးနှုန်းများ နေ့စဉ်အနည်းငယ်စီပြန်လည်မြင့်တက်လာပြီးနောက် ရန်ကုန်ကွန်ပျူတာဈေးကွက်တွင်လည်း ဈေးနှုန်းများမငြိမ်ဘဲ နေ့စဉ်အတက်အကျဖြစ်နေကြောင်း သိရသည်။

ဒေါ်လာဈေးနှုန်းသည် ပြင်ပငွေလဲနှုန်းအရ ဇူလိုင် ၁ ရက်တွင် ၁၁၈၂ ကျပ်နှုန်းရှိပြီး ဇူလိုင် ၈ ရက်တွင် ၁၂၁၂ ကျပ်အထိရှိနေသည်။ နေ့စဉ်ဈေးကွက်ဖွင့်ချိန်တွင် အနည်းငယ်စီတက်ပြီး ညနေဈေးကွက်ပိတ်ချိန်တွင် အနည်းငယ်စီပြန်ကျကာ အချိန်နှင့်အမျှ အတက်အကျရှိနေခြင်းဖြစ်သည်။

ဆိပ်ကမ်းသာလမ်းရှိ ကွန်ပျူတာဆိုင်ရှင်တစ်ဦးက "ဒေါ်လာဈေးမငြိမ်တော့ သွင်းကုန်တွေလည်း ဈေးလိုက်ပြောင်းရတာပေါ့။ ကွန်ပျူတာတွေလည်း ဈေးမငြိမ်ပါဘူး။ ဒါပေမယ့် ဈေးအပြောင်းအလဲက သိပ်မများတော့ ကွန်ပျူတာအစုံလိုက်နဲ့ လက်ပ်တော့တွေမှာပဲ ဈေးနှုန်းကို ပြောင်းပြီးသတ်မှတ်တယ်။ ဈေးနည်းတဲ့ ဆက်စပ်ပစ္စည်းတစ်ခုချင်းတော့ သိပ်မပြောင်းဘူး"ဟု ပြောသည်။

ပြီးခဲ့သည့် မေလကုန်ပိုင်းနှင့် ဇွန်လဆန်းကလည်း ဒေါ်လာဈေးနှုန်းများ မငြိမ်ဘဲ နေ့စဉ်တက်ခဲ့ကြောင်း၊ ထိုအချိန်ကမူ ဈေးနှုန်းအတက်ကြမ်းသဖြင့် အရှုံးမပေါ်စေရန် ဆက်စပ်ပစ္စည်းများ၊ အပိုပစ္စည်းများကိုပါ နေ့စဉ် ဈေးနှုန်းပြောင်းလဲသတ်မှတ်ရကြောင်း သိရသည်။ ဈေးကွက်ဝယ်လိုအားအနေဖြင့်မူ ဈေးအနည်းငယ်တက်ခြင်းကြောင့် ဝယ်လိုအားလျော့ခြင်းမရှိသေးဘဲ ပုံမှန်အတိုင်း ဝယ်ယူမှုရှိနေကြောင်း အဆိုပါဆိုင်ရှင်ထံမှ သိရသည်။

**သူရဖြိုး**

## တယ်လီနော၏ ၂၀၁၅လူငယ်ဖိုရမ်အတွက်မြန်မာလူငယ်များလျှောက်ထားနိုင်

**ရန်ကုန် ဇူလိုင် ၁၀**

ယခုနှစ် ဒီဇင်ဘာလအတွင်း နော်ဝေးနိုင်ငံ အော်စလိုမြို့၌ ကျင်းပပြုလုပ်မည့် တတိယအကြိမ်မြောက် Telenor Youth Forum အတွက် မြန်မာနိုင်ငံမှ လူငယ်များ ပါဝင်လျှောက်ထားနိုင်ရန် လျှောက်လွှာများစတင်ခေါ်ယူနေပြီဖြစ်ကြောင်း တယ်လီနောမြန်မာမှ ကြေညာချက်အရ သိရသည်။

"မြန်မာနိုင်ငံမှာ ဒီအစီအစဉ်ပြုလုပ်တာ အခုဆို ဒုတိယအကြိမ်မြောက်ရှိသွားပါပြီ။ ဒီနိုင်ငံက အရည်အချင်းရှိတဲ့ လူတော်လေးတွေကို Telenor Youth Forum မှာ တခြားဥရောပနဲ့ အာရှနိုင်ငံတွေက လူငယ်လေးတွေနဲ့ တွေ့ဆုံခွင့်၊ အသိပညာနှီးနှောဖလှယ်ခွင့်တွေကို ဖန်တီးပေးချင်တာပါ။ အခုလို ဆက်သွယ်ရေးနဲ့ ဒီဂျစ်တယ်ခေတ်မှာ ကြီးပြင်းလာတဲ့လူငယ်တွေကပဲ အနာဂတ်မှာ ဒီထက်ပိုကောင်းတဲ့ ဒီဂျစ်တယ်နည်းပညာတွေကို အထူးခြားဆုံး ခန့်မှန်းအကြံပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr. Petter Furberg က ပြောသည်။ ဖိုရမ်သို့တက်ရောက်ရန်အတွက် မြန်မာလူငယ်နှစ်ဦးကို လျှောက်ထားသူများအနက်မှ ရွေးချယ်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တယ်လီနောက ဝန်ဆောင်မှုများလုပ်ကိုင်လျက်ရှိသည့် နိုင်ငံ ၁၃ နိုင်ငံမှ လူငယ်ခေါင်းဆောင်များအား စုဝေးပေးကာ နိုင်ငံတကာရှိလူငယ်များနှင့် ဒီဂျစ်တယ်ခေတ်မျိုးဆက်သစ်များကို အထောက်အကူပြုပေးရန် ရည်ရွယ်၍ ဖိုရမ်ကိုကျင်းပခြင်းဖြစ်ပြီး ယခုနှစ်အတွက် ဖိုရမ်ခေါင်းစဉ်မှာ လူတိုင်းအတွက် အသိပညာ ဖြစ်သည်။

ဖိုရမ်သို့တက်ရောက်ရန် စိတ်ပါဝင်စားသော မြန်မာလူငယ်များသည် စက်တင်ဘာ ၃၀ ရက်မတိုင်မီ http://www.telenor.com/youthforum ဝက်ဘ်ဆိုက်လိပ်စာတွင် ဝင်ရောက်လျှောက်ထားနိုင်ပြီး အသေးစိတ်အချက်များကို အဆိုပါ ဝက်ဘ်ဆိုက်တွင် ကြည့်ရှုနိုင်သည်။ လျှောက်ထားသူများမှ ဆန်ခါတင်လေးဦးကို တယ်လီနောမြန်မာက ရွေးချယ်မည်ဖြစ်ကြောင်း၊ ထိုလေးဦးမှ နှစ်ဦးကို လူမှုအဖွဲ့အစည်း၊ ပညာရေးနယ်ပယ်များမှ တာဝန်ရှိသူများနှင့် တယ်လီနော၏ အကြီးအကဲများမှ နိုင်ငံတကာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ထပ်မံရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သွန်းဝသန်**









## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ကရင်ပြည်နယ်တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) အုတ်၊ သံ၊ မြစ်ကျောက်စရစ်၊ ကျောက်ကြီး၊ သံချောင်းလုံး၊ သစ်နှင့် ကွန်ကရစ်ပိုက်များဝယ်ယူခြင်း၊

(ခ) 45KW Motor, 9 Cusec Pump & Accessories လေးစုံပစ္စည်းဝယ်ယူခြင်း၊

(ဂ) လျှပ်စစ်ပိုင်း၊ စက်မှုပိုင်းနှင့် ပိုက်လိုင်းဆိုင်ရာပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊

(ဃ) 9 Cusec Pump & Accessories လေးစုံပစ္စည်းဝယ်ယူခြင်း၊

(င) Toyota Double Cab တစ်စီးဝယ်ယူခြင်း၊

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၃-၇-၂၀၁၅ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၄-၈-၂၀၁၅ရက်၊ မွန်းလွဲ ၂နာရီ

(၂) တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အသေးစိတ်သိလိုပါက ရုံးချိန်အတွင်း ကရင်ပြည်နယ်၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဘားအံမြို့၊ ဖုန်း-၀၅၈-၂၂၀၆၄ သို့ ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဓာတ်ဆေးလှ(၅)လမ်း၊ ယာ/ဓာတ်အမှတ်(၄၀)တွင် ဆောက်လုပ်လျက်ရှိသော (၂)ခန်းတွဲ(၃)ထပ်ရှိ ကန်ထရိုက်တိုက် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ သက်ဆိုင်သူများအပါအဝင် အများသိစေရန်ကြေငြာခြင်း**

အထက်ဖော်ပြပါကန်ထရိုက်လုပ်ငန်းနှင့်ပတ်သက်၍(၁၁-၃-၂၀၁၅)ရက်နေ့ မြန်မာ့အလင်းသတင်းစာပါ မြေရှင် ဦးလှနိုင်၏ကြော်ငြာချက်နှင့် အခန်းဝယ်ယူသူများ၏ (၄-၆-၂၀၁၅)ရက်နေ့၊ (၁၇-၆-၂၀၁၅)ရက်နေ့ကြော်ငြာချက်များနှင့်ပတ်သက်၍ အောက်ပါအတိုင်းရှင်းလင်းဖော်ပြအပ်ပါသည်။

ဒေါ်အိအိချော ကန်ထရိုက်တာ နန်းတော်သစ်ဆောက်လုပ်ရေးနှင့် မြေရှင် ဦးလှနိုင်တို့သည် (၂၁-၆-၂၀၁၅)ရက်နေ့တွင်လူမှုရေးအရ တွေ့ဆုံဆွေးနွေးကြရာ သဘောတူညီမှုရယူခဲ့ပြီးအခန်း ဝယ်ယူသူများနှင့်လည်း(၂၆-၆-၂၀၁၅)ရက်နေ့တွင်ထပ်မံတွေ့ဆုံကြရာ သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ပါ၍ အဆိုပါအဆောက်အဦးဆောက် လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ကန်ထရိုက်တာ ဒေါ်အိအိချောမှ တာဝန်ယူ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ကြေငြာအပ်ပါသည်။ ဤကြော်ငြာချက်ပါရှိပြီး (၇)ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မြေရှင် ကန်ထရိုက်တာနှင့် အခန်းဝယ်ယူသူများသည် တွေ့ဆုံညှိနှိုင်းပြီး လုပ်ငန်းများကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်အိအိချော (ကန်ထရိုက်တာ) နန်းတော်သစ်ဆောက်လုပ်ရေး
လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းသူရဇော်
အထက်တန်းရှေ့နေ
အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။
ဖုန်း - ၀၉ ၄၂၀ ၂၅၉၉၀၁

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(E) မောင်မျိုးကိုကိုနှင့် အဋ္ဌမတန်း(B)မှ မောင်ရဲကိုကိုတို့၏ဖခင် ဦးစိုးနိုင်ဝင်း(ခ) ဦးဝင်းနိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ (၁၂)နယ်မြေနေ ဦးမရမ်ဒူး၏သမီး ဒေါ်ဂျူဒီဆိုင်းတောင်(ခ)ဂျိုတီ ၉/အမရ(နိုင်)၀၃၀၉၂၄သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

နေပြည်တော်၊ အထက(၁)သတ္တမတန်း(A)မှ ဦးကျော်မင်းထူး၏သား မောင်လွင်မိုးအောင်အား ယနေ့မှစ၍ မောင်လင်းထက်ဇေယျာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်လင်းထက်ဇေယျာ**

## အမည်ပြောင်း

နေပြည်တော်၊ အထက(၁)ပထမတန်း(A)မှ ဦးဇော်မင်းလတ်၏သမီး မဆုဝတ်ရည်ထွန်းအား ယနေ့မှစ၍ မရတီမင်းလတ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရတီမင်းလတ်**

## ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၇၃၅၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၅ဃ/၉၀၃၈၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွန်ပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၈၀၀၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နေ ဦးမြတ်ကျော်၏သား ဦးလှအောင်ကျော်နှင့် ဦးလှအောင်ကြွယ်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှအောင်ကျော်(ခ)ဦးလှအောင်ကြွယ် ၁၀/မလမ(နိုင်)၀၃၄၈၅၀**


ခွန်အားပြည့်ဝသော နေ့ရက်တိုင်းအတွက်
Complete and balanced nutrition
Ensure Life
Ensure Life မှာ အသားဓါတ်၊ ကဆီဓါတ် နှင့် အဆီဓါတ်
ဗီတာမင်၊ သတ္တုဓါတ်များ ပြည့်စုံမျှတစွာ ပါဝင်ပါတယ်။
Omega 3,6,9 တို့ အချိုးကျစွာ ပါဝင်သောကြောင့် နှလုံးနှင့်
သွေးကြောကျန်းမာရေးကို အထောက်အကူဖြစ်စေပါတယ်။
အရိုးများ သန်မာစေဖို့ Calcium၊ Vit D3 နှင့် Vit K တို့
ပါဝင်ပါတယ်။
FOS နှင့် Inulin ကဲ့သို့ အမျှင်ဓာတ်များ ပါဝင်သောကြောင့်
အစာချေစနစ်ကိုလည်း ပိုမိုကောင်းမွန်စေပါတယ်။
Ensure တစ်ခွက်မှာ ဒီအာဟာရတွေအားလုံးပါဝင်ပါတယ်
no.1 Adult Nutrition Brand From USA
6x
195 ML
မနက် တစ်ခွက်
ညတစ်ခွက်
Ensure
Life
ပြည့်စုံမျှတနေ့စဉ်အာဟာရ
PAHTAMA GROUP
Abbott Nutrition Careline 01-8551428 09 260 35 62 62
Feel free to contact our nutrition advisors for enquiry or advice.
Abbott


နေပြည်တော်၏
အချက်အချာကျသောနေရာတွင်တည်ရှိပြီး
ဆိုင်ခန်းများပါဝင်သော
ပထမဆုံး
အဆင့်မြင့်ကွန်ဒို
နေပြည်တော်
STARTING FROM US$ 116,100
1 Bed room
နေပြည်တော်အရောင်းခန်းမ (ကျောက်မျက်ပြတိုက်အနီး)
အမှတ်(ZF -008) တောင်ထီးလမ်း၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - (၀၆၇) ၈၁၀၈၂၈၁ - ၀၉ ၂၅၀ ၆၈၄ ၂၀၃၊ ၀၉ ၈၆၁ ၃၆၅၉
ရန်ကုန်အရောင်းခန်းမ
ကိုးကိုက်ဒေါက်ဘုရားလမ်း၊ သန်လျင်မြို့နယ်။
ဖုန်း - ၀၅၆ - ၂၃၁၅၀ ~ ၃ လိုင်းခွဲ - ၁၁၂၆ (သို့) ၀၉ - ၂၅၀ ၆၈၄ ၂၀၃
EMAIL :SALES@KRISPLAZANAYPYITAW.COM
KrisPLAZA
NAY PYI TAW
PRESTIGIOUS CONDOMINIUM AND COMMERCIAL PLAZA
လူကြီးမင်းတို့၏ရုံးချိန်ပြင်ပတွင်
အေးဆေးစွာ ကြည့်ရှုနိုင်ရန်အတွက်
နေပြည်တော်အရောင်းပြခန်းအား
နေ့စဉ်ည(၇)နာရီအထိ
ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
Late Night Opening
Until 7:00PM
A Prestigious joint venture of LSC-FMI Co., Ltd
FMI krislite LIGHTING SPECIALIST CO LTD
www.krisplazanaypyitaw.com

**သတ္တုတွင်းဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနအတွက် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဂိုဒေါင်အရောက် တန်ဖိုး (DDP နေပြည်တော်/ရန်ကုန်) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Digital Camera | ၃ လုံး |
| (ခ) | Pocket Scriber with Magnet | ၁၀၀ ခု |
| (ဂ) | C-Thru Scale | ၅၀ ခု |
| (ဃ) | သေလဗေဒလုပ်ငန်းသုံးပစ္စည်း | ၂ မျိုး |
| (င) | ကွင်းဆင်းဝတ်စုံနှင့်လုပ်ငန်းသုံးပစ္စည်း | ၇ မျိုး |
| (စ) | စိမ်းလန်းစိုပြည်ရေးလုပ်ငန်းသုံးပစ္စည်း | ၂၁ မျိုး |
| (ဆ) | ဆေးဝါးပစ္စည်း | ၂၁ မျိုး |

၂။ တင်ဒါတင်သွင်းခြင်းကို ၁၀-၇-၂၀၁၅ရက်မှ ၇-၈-၂၀၁၅ရက် ၁၆း၀၀နာရီအတွင်း မည်သူမဆို လွတ်လပ်စွာတင်သွင်းနိုင်ပါသည်။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းထုတ်ယူနိုင်ပါသည်-

**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**
**ဝယ်ယူရေးနှင့်ထောက်ပံ့ရေးဌာနစု**
**မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ရာဇသင်္ဂဟလမ်း၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၄၀၇၉**

---

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**နည်းပညာတက္ကသိုလ်(စစ်တွေ)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနလက်အောက်ရှိ နည်းပညာတက္ကသိုလ်(စစ်တွေ)အတွက် အောက်ဖော်ပြပါပစ္စည်းများကို ဝယ်ယူနိုင်ရေးအတွက် ကြေညာအပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Desktop Computer Deil (Memory 4GB, HDD 500GB, intel Core i7) | ၉ လုံး |
| ၂။ | UPS (Power Tree) (650 VA) | ၉ လုံး |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၉-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(စစ်တွေ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၄-၇-၂၀၁၅ရက် ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့်အသေးစိတ်အချက်အလက်များကို နည်းပညာတက္ကသိုလ်(စစ်တွေ) ဖုန်း-၀၉-၈၅၀၃၀၁၃ တို့တွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(စစ်တွေ)**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့/ရေနွေးငွေ့ စက်ရုံများဌာန၊ ရွာမ ၂၄၀ ဓာတ်အားပေးစက်ရုံ Station Auxiliary Power အတွက် 33/6.9kV, 10 MVA X'mer တစ်စုံ တည်ဆောက်ရာတွင် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်ရက်** - ၇-၈-၂၀၁၅ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၂၈၂**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများတွင် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်-

| စဉ် | လုပ်ငန်းအမည် | လုပ်ငန်းပမာဏ |
|---|---|---|
| (၁) | 09/DHPI(P&W)/2015-2016 အထက်ရဲရွာရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်နှင့်စက်ပစ္စည်း သိုလှောင်ရုံ(Steel Structure)(၁၂၀'×၆၀')ဆောက်လုပ်ခြင်း | ၁လုံး |
| (၂) | 10/DHPI(P&W)/2015-2016 သူငွေးရေအားလျှပ်စစ်စီမံကိန်းကျောက်သားနံရံခိုင်ခံ့မှု လုပ်ငန်းများ(Shotcreting, Shear Resisting Piling, Rock Bolting,Triple Long Rock Bolting) | လုပ်ငန်းတစ်ရပ် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်၊ အချိန်** - ၁၁-၇-၂၀၁၅ ရက်၊ ၀၉း၃၀နာရီ
**တင်ဒါပုံစံအရောင်းပိတ်မည့်ရက်၊အချိန်** - ၁၇-၇-၂၀၁၅ ရက်၊ ၁၅း၀၀နာရီ
**Technical Proposal နှင့် Price Proposal နောက်ဆုံးထား၍ တင်သွင်းရမည့်ရက်၊အချိန်** - ၃၀-၇-၂၀၁၅ ရက်၊ ၁၅း၃၀နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် တင်ဒါပုံစံတစ်စောင်လျှင် (၁၀၀၀၀)ကျပ်နှုန်းထားဖြင့် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**ရုံးအမှတ် ၂၇၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၄၃၁၊ ၄၁၀၂၅၇၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**
**စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့**

## လျှောက်လွှာခေါ်ယူခြင်း

**ကြော်ငြာစာအမှတ် ၂/၂၀၁၅**
**၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ရက်**
**(၂၀၁၅ခုနှစ် ဇူလိုင် ၈ရက်)**

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီး/ဆေးရုံ/တိုက်နယ်ဆေးရုံများတွင် တာဝန်ထမ်းဆောင်ရန် လက်ထောက်ဆရာဝန်(သစ်လွင်) ရာထူး(လစာနှုန်း ၂၅၀၀၀၀-၄၀၀၀-၂၇၀၀၀၀)နေရာများအတွက် လျှောက်လွှာများတင်သွင်းနိုင်ပါသည်။

| ရာထူး | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|
| လက်ထောက်ဆရာဝန် | (၈၅)နေရာ | ဆေးပညာဘွဲ့ (MBBS) (၂၀၁၄ခုနှစ် ဒီဇင်ဘာလထိဘွဲ့ရရှိပြီးဖြစ်ရမည်။) |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) မြန်မာနိုင်ငံဆေးကောင်စီမှ အသိအမှတ်ပြုခြင်းခံထားရသည့် (MBBS)ဘွဲ့ရရှိသူဖြစ်ရမည်။
(ဂ) ၃၁-၇-၂၀၁၅ရက်တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်ပြီး ကျန်းမာကြောင်း ဆေးလက်မှတ်တင်ပြနိုင်သူဖြစ်ရမည်။
(င) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်။

၃။ လျှောက်လွှာကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ဝယ်ယူလျှောက်ထားနိုင်ပြီး ၅-၈-၂၀၁၅ရက် အရောက် လူကိုယ်တိုင်(သို့မဟုတ်)စာတိုက်မှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ပေးပို့လျှောက်ထားရမည်။ နှုတ်ဖြေစာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် ဖြေဆိုရမည်။ လျှောက်လွှာပိတ်ရက် ၅-၈-၂၀၁၅ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ စာမေးပွဲဝင်ကြေးငွေ (၅၀၀ိ/-)အား စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေစာရင်းအမှတ် MD-022102 သို့ ပေးသွင်းရမည်။

၅။ နှုတ်ဖြေစစ်ဆေးမှုအတွက် လေ့လာရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၃-၃-၂၀၁၄ရက်စွဲပါ စာအမှတ် ၂၂၁/ရွေးချယ်ရေး(အဓိက)/၂၀၁၄ဖြင့် ထုတ်ပြန်ထားသော ပြည်ထောင်စုရာထူးဝန်အဖွဲ့က ကြော်ငြာခေါ်ယူသော ရာထူးများအတွက် လျှောက်လွှာတင်သွင်းသူများ၊ လိုက်နာရန်လမ်းညွှန်ချက်စာစောင်ပါ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၆။ နှုတ်ဖြေစာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ၁၀-၈-၂၀၁၅ရက် (တနင်္လာနေ့)မှစ၍ ဖြေဆိုရမည်ဖြစ်ပါသည်။

၇။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၈-၈-၂၀၁၅ရက်မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် ထုတ်ပေးမည်။

၈။ အခြားစုံစမ်းမေးမြန်းလိုချက်ရှိပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၃၁၃၊ ၀၇၁-၂၂၇၇၃၊ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၇၁-၂၂၆၁၅၊ ၀၇၁-၂၂၇၁၅နှင့် စစ်ကိုင်းတိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဖုန်း-၀၇၁-၂၂၉၇၂သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ငွေအကျေပေးသွင်းရန် အသိပေးကြေညာချက်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရောင်းချခဲ့သော အောက်ဖော်ပြပါ အိမ်ရာစီမံကိန်းများရှိ တိုက်ခန်း၊ Shop House၊ လုံးချင်းတိုက်များကို ဝယ်ယူခွင့်ရထားသူပုဂ္ဂိုလ်များသည် ငွေပေးသွင်းရမည့်ကာလထက် များစွာကျော်လွန်နေပါသောကြောင့် ကြော်ငြာပါသည့်ရက်မှစ၍ ၄၅ရက်အတွင်း နောက်ဆုံးထား ငွေအကျေပေးသွင်းပါရန်နှင့် သတ်မှတ်ထားရက်အတွင်း ငွေအကျေပေးသွင်းခြင်းမရှိပါက ပေးသွင်းထားသော တိုက်ခန်းတန်ဖိုးငွေများအား ပြန်လည်ထုတ်ပေးမည်ဖြစ်ပြီး ဝယ်ယူခွင့်ရရှိမှုကိုလည်း ဖျက်သိမ်း၍ အခြားဝယ်ယူခွင့်ရရှိသူပုဂ္ဂိုလ်များအား ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ဒဂုံတောင်(အင်း၀)အိမ်ရာ
လုံးချင်းတိုက်အမှတ်(၁၁A၊ ၁၈A၊ ၂၀B)
တိုက်အမှတ် ၇၊ အခန်းအမှတ် ၀၀၁
(ခ) သာကေတမြို့နယ်၊ ကွေ့မအိမ်ရာ
လုံးချင်းတိုက်အမှတ် (၃A၊ ၉A၊ ၁၀A၊ ၁၆A၊ ၂၀A၊ ၂၇A၊ ၂၈A၊ ၂B၊ ၆B၊ ၇B၊ ၂၄B)
Duplex တိုက်အမှတ် (၁ က၊ ၁ ခ) (၁၃ က၊ ၁၃ ခ) (၁၄ခ) (၂၂ ခ) (၂၃ က၊ ၂၃ ခ)
(ဂ) သာကေတမြို့နယ် Water Frant Villa (3) အိမ်ရာ
လုံးချင်းတိုက်အမှတ် (၁A၊ ၂A၊ ၃A၊ ၈A၊ ၁၆A၊ ၂၃A၊ ၂၅A၊ ၃၁A၊ ၃၈A၊ ၄၀A၊ ၄၁A၊ ၆၃A၊ ၅B၊ ၇B၊ ၁၂B၊ ၂၈B၊ ၃၃B၊ ၅၅B၊ ၅၆B၊ ၅၇B)
(ဃ) သာကေတမြို့နယ်၊ မြင်တော်သာအိမ်ရာ
တိုက်အမှတ် ၇၊ အခန်းအမှတ် ၂၀၂၊
တိုက်အမှတ် ၈၊ အခန်းအမှတ် (၀၀၁၊ ၀၀၂၊ ၀၀၄)
(င) သာကေတမြို့နယ်၊ ကမာကြည်အိမ်ရာ
Shop House အခန်းအမှတ် ၀၀၂
(စ) အင်းစိန်မြို့နယ်၊ အောင်ဇေယျအိမ်ရာ
တိုက်အမှတ် ၄၅၊ အခန်းအမှတ် ၁၀၁၊
လုံးချင်းတိုက်အမှတ် ၃၆ A
(ဆ) သာကေတမြို့နယ်၊ ရတနာလမ်းသစ်အိမ်ရာ(ဒုတိယအဆင့်)
တိုက်အမှတ် ၁၂၊ အခန်းအမှတ် (၀၀၂၊ ၂၀၂)
တိုက်အမှတ် ၁၅၊ အခန်းအမှတ် (၃၀၁)
တိုက်အမှတ် ၁၇၊ အခန်းအမှတ် (၁၀၁၊ ၂၀၁)
(ဇ) သာကေတမြို့နယ်၊ ရတနာပုံအိမ်ရာ
တိုက်အမှတ်(A) အခန်းအမှတ် (၂၀၁)
(ဈ) သန်လျင်မြို့နယ်၊ အောင်ချမ်းသာအိမ်ရာ
လုံးချင်းတိုက်အမှတ် (၁၄B၊ ၄၄B၊ ၅၀B)

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**
**ဖုန်း-၀၆၇-၄၀၇၂၀၆၊ ၀၆၇-၄၀၇၅၂၇**

---

# The Republic of the union of Myanmar
# Ministry of Energy
# Myanma Petroleum Products Enterprise

Invitation to interested parties regarding a Joint Venture for the Importation, Storage, Distribution of Petroleum Products

(1) The Myanma Petroleum Products Enterprise(MPPE) is a state-owned enterprise which is responsible for carrying out the retail and wholesale distribution of petroleum products under the Ministry of Energy(MOE) in Myanmar. The enterprise operates storage facilities, conducts sales and distributes petroleum products through four (4) main fuel terminals, twenty four(24)sub fuel terminals and twelve(12)gas stations in the Republic of the union of Myanmar.

(2) In order to better serve customers in the importation, storage, distribution and sales of petroleum products in Myanmar and to improve the management of the business while conducting environmentally friendly operations, interested foreign companies are invited to submit a bid to form a joint venture.

(3) Intersted parties may enquire at the following address for the details, rules and requirements of the tender starting from the date of this announcement.

(4) The Invitation to Tender documents Shall be available for purchase on 20-07-2015 at the address listed below.

(5) The application must be submitted in person and shall be submitted not later than 1:00 pm on the 20-10-2015.

**Managing Director**
**Myanma Petroleum Products Enterprise**
**Ministry of Energy**
**office Building No.6**
**Nay Pyi Taw**
**Tel:+9567411488,+9567411053,+9567411119,+9567411092**
**Fax:+9567411101, +9567411137**
**Email:mppe.ho2@mptmail.net.mm**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှ ကွန်ပျူတာနှင့်ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂပစ္စည်းများကို တက္ကသိုလ်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၅ ရက်
(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၅ ရက် မွန်းလွဲ ၂း၀၀ နာရီ

၂။ တင်ဒါတင်သွင်းရန်ပုံစံနှင့် ပစ္စည်းစာရင်းများအသေးစိတ်ကို သိရှိပါက နေ့စဉ် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**သတင်းအချက်အလက်နည်းပညာတက္ကသိုလ်**
**၁၄-၂၀၊ သံလွင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်**
**ဖုန်း-၀၁-၅၃၇၃၉၃၊ ၀၁-၅၃၄၃၁၅**

---

# အမြန်ရောင်း/ငှားမည်

ကမာရွတ်၊ ဗဟိုလမ်း၊ ပေ(၂၃×၄၇)၊ ဒုတိယထပ်၊ သိန်း ၁၈၀၀ (ကြိုပွိုင့်)၊ လှိုင်၊ ဘူတာရုံလမ်းမထိပ်၊ ပေ(၁၄×၄၅)၊ မြေညီ နှစ်လွှာ၊ ၁၂ သိန်း(ငှား)၊ သိန်း ၂၀၀၀(ရောင်း)၊ ပြင်ဆင်ပြီး

**ဖုန်း-၀၉-၅၀၇၇၅၀၃၊ ၀၉-၅၀၄၇၄၁၆**

---

**အမွေဆက်ခံရန်သက်သေခံလက်မှတ် လျှောက်ထားကြောင်း**

## အကြောင်းကြားစာ

**(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ -၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၃**

**(ကွယ်လွန်သူ ဦးကျော်သင်း၏ ကျန်ရစ်သောပစ္စည်းအကြောင်း)**

ဒေါ်သန်းသန်း **လျှောက်ထားသူ**
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်သိန်း(ခ)ဦးမြင့်ကျော်)
အမှတ်(၅၅)အေ၊ ရှင်စောပုလမ်း၊ အောင်ချမ်းသာရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်သန်းသန်း[၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်သိန်း(ခ)ဦးမြင့်ကျော်]က ကွယ်လွန်သူဦးကျော်သင်း၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဦးကျော်သင်းမှာ ကျန်ရစ်သောပစ္စည်းများထဲမှ ရရန်ရှိသောကြွေးမြီများကိုကောက်ခံရန် အမွေဆက်ခံခြင်းအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားသည်ဖြစ်၍ ၎င်းကွယ်လွန်သူ ဦးကျော်သင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူပုဂ္ဂိုလ်သမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇူလိုင် ၂၈ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁၂ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်သန်းသန်း [၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးမြင့်သိန်း(ခ)ဦးမြင့်ကျော်]၏ လျှောက်ထားချက်ကိုကြားနာ၍ လက်မှတ်ရသင့် မသင့်သည်ကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**


တစ်မိနစ်
၂၃
ကျပ် ဆိုတော့ အရင်ထက်
ဖုန်းပိုပြောနိုင်ပြီပေါ့
MPT
ရွှေသို့လှမ်းချီမြန်မာပြည်
ဆွေသဟာသုံးစွဲသူများ နှင့် CDMA သုံးစွဲသူများ အတွက် ဖုန်းပြောဆိုခ နှုန်းအသစ် ဖြစ်ပါသည်။
ဆွေသဟာ ကို ရယူရန် "SWE" ဟု ရိုက်၍ 1 3 3 2 သို့ အခမဲ့ SMS ပေးပို့ပြီး ဝန်ဆောင်မှု ရယူနိုင်ပါသည်။
CALL CENTER 106
(၂၄)နာရီ အခမဲ့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

SEVEN စံ မာ်
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊
တောင်ပိုင်းရှိ မြေကွက်များ
ရောင်းလိုပါသလား ?
SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်၊
"ပွဲခ လုံးဝ မယူပါ"
Ph: 09 - 33 333 511,
09-33 333 514, 09-33 333 644

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈C/၉၆၁၄၊ Sun Flower, L/T CUTON, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်အေး ၁၃/လရန (နိုင်)၀၉၅၃၃၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း)**
**အင်းစိန်**

ဗိတိုရိယ ဆေးရုံ
Victoria Hospital
Quality Care

မလေးရှားနိုင်ငံမှ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းအထူးကုပါမောက္ခဆရာဝန်ကြီး၏ ခွဲစိတ်ကုသပေးမည့် ဇူလိုင်လအစီအစဉ်

High Tech ENT Head & Neck Surgery
ONE STOP SOLUTION

(၁၈.၇.၂၀၁၅)တစ်ရက်တည်းသာ ပြင်ပလူနာကြည့်ရှုပေးမည်ဖြစ်ပါသည်။

- အသံဝင်ခြင်းနှင့် အသံကြိုးတွင် အသီးထသောရောဂါများကို Laser ဖြင့် ခွဲစိတ်ကုသပေးခြင်း။
- နားလေးရောဂါများကို Cochlear Implant နှင့် Bone Conduction Implant များ ခွဲစိတ်တပ်ဆင်ပေးခြင်း။
- နှာခေါင်းရောဂါများကို တီဗွီမှန်ပြောင်းဖြင့် အကျစိတ်ခွဲစိတ်ကုသပေးခြင်း။

ကြိုတင်စီစစ်မှုများပြုလုပ်ရန် လိုအပ်ပါသဖြင့် (ဇူလိုင်လ ၁၃ ရက်) မတိုင်မီ စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

လူဦးရေ အကန့်အသတ်ရှိပါသည်။

အမှတ် (၆၈)၊ တော်ဝင်လမ်း၊ (၉)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Website : www.victoriahospitalmyanmar.com
Facebook : www.facebook.com/WitoriyaGeneralHospital
Hunt Line +95 1 9666141 Ext : 7065

GOLDEN HEXAGON BUSINESS JOURNAL
ရွှေဆဋ္ဌဂံ ဂျာနယ်
ရုံးခန်းပြောင်းရွှေ့ဖွင့်လှစ်ခြင်း

Golden Hexagon Group of Companies
(ရွှေဆဋ္ဌဂံဂျာနယ်)၏
ရုံးချုပ်ရုံးခန်းအား
ယခင်(E/3B)၊ သဇင်လမ်းသွယ်(၂)၊
လှိုင်ရတနာလုံးချင်းအိမ်ရာမှ

တိုက်အမှတ် (၆၄၆)အခန်း၊ C.D.E 4(လွှာ) လှိုင်စံပယ်လမ်း
လှိုင်စံပယ်ရိပ်မွန်၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ (၆-၇-၂၀၁၅)မှ
စတင်ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ရွှေဆဋ္ဌဂံဂျာနယ်စာဖတ်
ပရိသတ်များနှင့် Customer များအားလေးစားစွာအသိပေး
အကြောင်းကြားအပ်ပါသည်

Hotline Phone Number - 09 978877988, 09 43185047, 09 43112700
ဈေးကွက်ထိုးဖောက်မြှင့်တင်ရေး ရွှေဆဋ္ဌဂံဂျာနယ်

ဦးအောင်ကျော် A (Tu Tu - Su Su)
ENGLISH Speaking & Phonetics /Grammar
ကျန်းမာရေးဝန်ကြီးဌာန(အောက်)ရှိ လစ်လပ်ရာထူး
MBBS/BDS ဘွဲ့-498 နေရာအတွက် Interviewစတော့မည်
၁၀၆၊ စဉ့်အိုးတန်းလမ်း၊ လသာ။ ဖုန်း- 250727,09-5163884

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/7579 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

FAME
Uritec®
For urinary tract infection
ကရမ်ဘယ်ရီ
TMR 012033 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME
Urocrush®
For renal stones
ဆီးကျောက်ပျော်ဆေး
TMR 006245 (0717)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

## အမည်ပြောင်း

မိုးကောင်းမြို့နယ်၊ ပင်းဘောအုပ်စု၊ ပင်းကြိုင်း အလက(ခွဲ) ဆဋ္ဌမတန်းမှ ဦးကျော်ဆွေညွန့် ၁/မကတ(နိုင်)၀၀၀၇၅၂ ၏သမီး မရှုမဝကျော်အား မမိုးပြည့်ပြည့်စံ ဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မမိုးပြည့်ပြည့်စံ**

## ဖခင်အမည်မှန်

မိုးကောင်းမြို့နယ်၊ ပင်းဘော အထက ကျောင်းတက္ကသိုလ်ဝင်တန်းအောင် မသန္တာနိုင်၊ မအိအိနိုင်တို့၏ဖခင်အမည်မှန်မှာ ဦးဝင်းနိုင်၁/မကတ(နိုင်)၁၁၅၆၅၉ ဖြစ်ပါကြောင်း။ **ဦးဝင်းနိုင်**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၁ခ/၉၈၃၂ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/3878၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန၏ကြီးကြပ်ဦးဆောင်မှုဖြင့် အောက်ဖော်ပြပါဟိုတယ်ဧည့်ဝန်ဆောင်မှုသင်တန်းများအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း သင်တန်းဌာန (ရန်ကုန်)တွင် ဖွင့်လှစ်သွားပါမည်။

| စဉ် | သင်တန်းအမျိုးအစား | အနည်းဆုံးပညာအရည်အချင်း |
|---|---|---|
| (၁) | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| (၂) | ခရီးသွားလုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ Travel Agencies and Tour Operation သင်တန်း(အဆင့်-၂) (senior Travel Consultant and Sales Servies) | - ဟိုတယ်နှင့်ခရီးသွားသင်တန်းကျောင်းမှ ဖွင့်လှစ်သော Travel Consultant နှင့် Tour Operator သင်တန်း(အဆင့်-၁) အောင်မြင်ပြီးသူများ၊<br>- တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးသူဖြစ်၍ ခရီးသွားသင်တန်းကျောင်းများမှ လက်မှတ်တစ်ခုခုဖြင့်အောင်မြင်ပြီးသူများ(သို့)<br>- ခရီးသွားလုပ်ငန်းအတွေ့အကြုံရှိသူများ |
| (၃) | ဧည့်ကြိုလုပ်ငန်းသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဒုတိယနှစ်၊ ဘွဲ့ရများ |
| (၄) | အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း (အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| (၅) | အစားအစာနှင့်အဖျော်ယမကာဧည့်ခံကျွေးမွေးရေးသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| (၆) | အစားအစာနှင့်အဖျော်ယမကာထုတ်လုပ်ရေးသင်တန်း(အဆင့်-၁) | တက္ကသိုလ်ဝင်တန်း |
| (၇) | အရှေ့တိုင်းအစားအစာထုတ်လုပ်ရေး သင်တန်း(အဆင့်-၁) | ဤသင်တန်းဌာနမှအခြေခံ (အဆင့်-၁) အစားအစာထုတ်လုပ်ရေး သင်တန်းတက်ရောက်ပြီးသူဖြစ်ရမည်။ |
| (၈) | ဟိုတယ်ဆိုင်ရာကြီးကြပ်ရေးသင်တန်း (အဆင့်-၂) (စီမံ/ဘဏ္ဍာ)<br>(အခန်းဌာနကြီး)<br>(အစားအစာနှင့်အဖျော်ယမကာဌာနကြီး) | - စီးပွားရေးပညာဘွဲ့ရရှိပြီးသူ(သို့) ဘွဲ့တစ်ခုခုရပြီးစာရင်းကိုင်ပညာ အခြေခံကျွမ်းကျင်သူ။<br>- တက္ကသိုလ်ဘွဲ့တစ်ခုခုရရှိပြီး ဤသင်တန်းဌာနမှ သက်ဆိုင်ရာဌာန၏အဆင့်(၁) သင်တန်းတစ်ခု အောင်မြင်ပြီးသူ(သို့) တစ်နှစ်လုပ်ငန်း အတွေ့အကြုံရှိသူဖြစ်ရပါမည်။ |

သင်တန်းကာလ- ၁၃-၇-၂၀၁၅ရက်မှ ၄-၉-၂၀၁၅ရက်အထိ
သင်တန်းဆိုင်ရာအချက်အလက်ဆက်သွယ်စုံစမ်းရန်
လျှောက်လွှာများကို ကန်တော်ကြီးဟိုတယ်ရှေ့ရှိ သင်တန်းဌာနတွင် ဝယ်ယူနိုင်ပြီး ဓာတ်ပုံတစ်ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ ကျန်းမာရေးထောက်ခံစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာပူးတွဲတင်ရမည်။

**ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသင်တန်းဌာန**
**ကန်ရိပ်သာလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၃၉၄၈၃၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်တင်ထွန်း ၁၂/ဗဟန(နိုင်)၀၂၈၀၃၀ ပိုင်ဆိုင်သော ယာဉ်အမှတ် 4D/6085 ၏ ကားစာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၅၇၂၆၂၂၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ်၆C/၇၇၀၆၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၈က/၄၂၂၀ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄ယ/၃၇၆၉၇ Honda Dream M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန်းစန်းအေး ၉/မရမ(နိုင်)၀၆၀၂၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၉ဂ/၈၈၈၉ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၉ယ/၃၃၂၇၄ ယာဉ်လက်ဝယ်ရှိသူ ဦးပြည့်စုံရွှေ ၉/ပဥလ(နိုင်)၀၅၃၈၁၇ က ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၂၇၆၉၂ Dayang 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်းဦး ၁၃/ကမန(နိုင်)၀၅၃၅၁၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ခ/၃၄၂၀ Mitsubishi Conter FE 335 FV, Truck (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးစံကြည် ၈/မကန(နိုင်)၁၀၅၂၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး (မကွေး)**

## အရွယ်မရောက်သေးသောသူငယ်ကို အုပ်ထိန်းသူလူကြီး အဖြစ်ခန့်ထားရန် လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အုပ်ထိန်းသူလူကြီးတို့နှင့် အုပ်ထိန်းခံရသူလူငယ်တို့အက်ဥပဒေပုဒ်မ-၁၁)**
**လားရှိုးခရိုင်နယ်တရားမရုံးတော်၌**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၇**

၁။ ဦးတင်မောင်အေး
၂။ ဒေါ်မြင့်မြင့်မော် **လျှောက်ထားသူများ**

မောင်ဝေယံမော်၊ မောင်အောင်ဘိုဘိုမော်၊ မောင်အောင်ပြည့်ဖြိုး၊ မောင်သူရိန်ထွန်း၊ လားရှိုးမြို့၊ ရပ်ကွက်(၆)၊ နယ်မြေ(၁)ရပ်နေ အရွယ်မရောက်သေးသောလူငယ် ၄င်းပိုင်ပစ္စည်း အကြောင်း။

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၆)၊ ရေကန်လမ်း၊ ၄၂×၄၃လမ်းထိပ်ရပ်နေ (၁) ဦးတင်မောင်အေးနှင့် ဒေါ်မြင့်မြင့်မော်က အပေါ်အမည်ရေးသားပါရှိသော အရွယ်မရောက်သေးသောသူငယ် မောင်ဝေယံမော်၊ မောင်အောင်ဘိုဘိုမော်၊ မောင်အောင်ပြည့်ဖြိုး၊ မောင်သူရိန်ထွန်းတို့၏ မိဘရင်းနှင့် မွေးစားမိဘများဖြစ်သည်ဟူ၍ ၄င်းသူငယ်များ၏ ကိုယ်နှင့်ပစ္စည်းကို အုပ်ထိန်းသူအဖြစ် ခန့်ထားပါမည့်အကြောင်းနှင့် လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားခြင်းကို လူအများကြားသိစေခြင်းငှာ ဤကြော်ငြာစာကို ထုတ်ဆင့်တော်မူသည်။ ထိုလျှောက်ချက်ကိုလည်း ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၇ ခုနှစ် ဒုတိယဝါဆိုလဆန်း ၄ ရက်)တွင်ဆိုင်ဆိုရန် ချိန်းချက်မှုသည်။

၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ညိုထွန်း)**
**ခရိုင်တရားသူကြီး**
**လားရှိုးခရိုင်တရားရုံး**

## ပျောက်ဆုံး

ကျွန်တော် မောင်အောင်ဇော်ဇော် ပိုင် ၁၂/ဗဟန(နိုင်)၀၉၃၆၄၉ ပိုင်ဆိုင်သော ယာဉ်အမှတ် 4D/2132 ၏ ကားစာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၅၄၈၄**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1832, TM L/T, P/U ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းလှိုင် ၉/မရမ(နိုင်)၀၂၅၀၁၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်အရာထမ်း၊ အမှုထမ်းများ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဆွေ၏မိခင် ဒေါ်တင်နု အသက်(၈၃)နှစ်သည် ၈-၇-၂၀၁၅ ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်**
**ဝန်ထမ်းများ**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အင်ဂျင်နီယာချုပ်နှင့်ဝန်ထမ်းများ**
**တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံး(နေပြည်တော်)**

## ဒေါ်နန်းချောကလျာ (၁၃/နစန(နိုင်)၀၀၄၄၇၇) ၏ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၅၊ မြေကွက်အမှတ် (က၁၁^A) မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊ (၉) ရပ်ကွက်၊ မြစ်ပယ်လမ်း၊ အမှတ်-၄၈ က၁၁^A ဟုခေါ်တွင်သည့် အဆောက်အအုံ နှင့်စပ်လျဉ်း၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ရှင်ဖြစ်သူဦးမျိုးဇော်ထံမှမှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၁၁၀၄-၂၀၀၈)ဖြင့်ရရှိသူ မိခင် ဒေါ်ခင်လှ(၁၂/ရကန(နိုင်)၀၃၀၁၇၇)သည် (၅-၆-၂၀၁၁)နေ့စွဲပါ မြေနှင့်အကျိုးခံစားခွင့်အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်အရ ဦးမျိုးဇော်အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်စာချုပ်မူရင်း၊ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံမြေရာဇဝင်မူရင်းအပါအဝင် အခြားသက်ဆိုင်သည့် စာရွက်စာတမ်းမူရင်းများကို အရောင်းအဝယ်ပြုလုပ်သည့်မြေကွက်၊ အဆောက်အအုံတို့နှင့်အတူ တစ်ပါတည်းလွှဲပြောင်းပေးအပ်သည်ကို ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းချောကလျာမှ ကောင်းမွန်အေးချမ်းစွာ လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

ထို့နောက် သက်ဆိုင်ရာ ကာလတန်ဖိုးစည်းကြပ်ရေးအဖွဲ့သို့ တန်ဖိုးစည်းကြပ်မှုခံယူခဲ့ပြီးနောက် တံဆိပ်ခေါင်းခွန်နှင့် ဝယ်ခွန်များထမ်းဆောင်ခဲ့ပြီး အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ်(၃၀၇၇/၂၀၁၁)အား (၁၂-၇-၂၀၁၁)နေ့ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းချုပ်ဆိုခဲ့ပြီး သတ်မှတ်သည့် မှတ်ပုံတင်ခများပေးသွင်းပြီးလျှင် အပြီးအပိုင်အရောင်းအဝယ်စာချုပ်အမှတ် (၁/၅၈၉၃)အား ထုတ်ယူရရှိပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းချောကလျာသည် ၎င်း၏အထက်ပါမြေကွက်နှင့်တကွ ပိုင်ဆိုင်မှုအကျိုးစီးပွားအရပ်ရပ်နှင့်စပ်လျဉ်းသည့် အခွင့်အရေးတစ်စုံတစ်ရာအား ဆန့်ကျင်ထိပါးနှောင့်ယှက်သူ မည်သူ့ကိုမဆို တရားဥပဒေအရ တရားစွဲဆိုရင်ဆိုင်ဖြေရှင်း ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမင်းလွင်** | **ဦးကျော်ဝင်း (B.A.R.L, DBL)** |
| **H.G.P; LL.B(Advocate)** | တရားလွှတ်တော်ရှေ့နေ(စဉ်-၅၀၀၀) |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၄၆၇၇) | အမှတ်(၁၃၆/၁၃၈)၊ အခန်း (၄၀၁)၊ ၃၉-လမ်း၊ |
| အမှတ်(၆၈)၊ ရတနာလမ်း၊ မင်းရပ်ရပ်ကွက်၊ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| မြစ်ကြီးနားမြို့။ ဖုန်း-၀၉၂၄၀၁၉၀၀၊ ၀၉၄၇၀၀၀၇၀၃ | ဖုန်း-၀၁-၃၉၈၁၈၆၊ ၀၉-၄၉၂၈၀၆၂၅ |

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ် (၄)၊ ဈေးရပ်ကွက်နေ မစန်းရွှေပန်းထိမ်ပိုင်ရှင် ဒေါ်ခင်စန်း ၉/တသန(နိုင်)၀၀၃၄၉၆၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့၊ အမှတ်(၄)၊ ဈေးရပ်ကွက်၊ အကွက် နံပါတ် ၁၉၊ ဦးပိုင်နံပါတ် ၂၆၊ အကျယ်အဝန်း ၀ ဒသမ ၅၄ ဧကရှိ ဝိုင်းမြေကွက်တစ်ကွက်လုံး၊ ဝိုင်းမြေအတွင်းရှိ ကားဂိုဒေါင်၊ ကြက်သွန်ဂိုဒေါင် (၄)ပင်ပတ်လည် အဖီပါ တိုက်ခံအိမ်နှစ်ထပ်အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူမှာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်စန်း ၉/တသန(နိုင်)၀၀၃၄၉၆ ဖြစ်ပါသည်။ ကျွန်ုပ်မိတ်ဆွေပိုင် ဝိုင်းမြေတိုက်ခံအိမ်တွင် ကိုထွန်းထွန်း-မလွင်မိသားစုအား အခမဲ့အခွင့်နှင့် နေထိုင်စေခဲ့သည့်အပြင် ဝိုင်းမြေ၏ တောင်ဘက်ခြမ်းတွင် ကိုဇော်မင်း-ဒေါ်ချောစုမိသားစုနှင့်ကိုရဲဝင်း၊ မသန်းသန်းချိုတို့ မိသားစုနှစ်စုအားလည်း နေအိမ်ဆောက်လုပ်စေ၍ အခမဲ့နေထိုင်ခွင့်ပြုခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုလက်ရှိနေထိုင်ကြသော မိသားစုသုံးစုသည် ဒေါ်ခင်စန်း၏ အခမဲ့ခွင့်ပြုချက်နှင့်နေထိုင်ကြသူများသာဖြစ်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများမဟုတ်ပါ။ ဒေါ်ခင်စန်းပိုင် အထက်ဖော်ပြပါ ဝိုင်းမြေအဆောက်အအုံများနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်ခင်စန်း မသိရှိဘဲ (သို့) သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လှူဒါန်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာနှင့် လွှဲပြောင်းပေးကမ်းခြင်း၊ အာမခံထားရှိခြင်း မပြုလုပ်ရန် ကြေညာအပ်ပါသည်။ အကယ်၍ ထိုကဲ့သို့ တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဌေးဌေးဝင်း B.A(Law), LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၁)**
**အမှတ်(၅) ရပ်ကွက်၊ တောင်သာမြို့၊ မြင်းခြံခရိုင်၊ မန္တလေးတိုင်းဒေသကြီး**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
### ဦးသန်းလှိုင်
**အသက်(၇၇)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မန်လည်ကျေးရွာနေ (ဦးစောမောင်-ဒေါ်ပြောင်း)တို့၏သားကြီး၊ တောင်သာမြို့နယ်၊ (၆)ရပ်ကွက်နေ (ဦးဘထွန်း-ဒေါ်အယ်နီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် ၂၃၅၅ နေ ဒေါ်တင်အုန်း၏ခင်ပွန်း၊ ဦးနိုင်မော်-ဒေါ်တင်တင်လှ၊ ဦးကျော်လှိုင်ထွန်း-ဒေါ်အယ်လစ်ဇဘက်တို့၏ဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၉-၇-၂၀၁၅ရက် (ကြာသပတေးနေ့) နံနက် ၀၀း၁၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ရဟန်းဒါယကာကြီး ဦးအေးသောင်း
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ ကျော်သူ ၁၉ လမ်း၊ အမှတ် ၇၃၉ နေ (ဦးအောင်သန်းစိန်)-ဒေါ်အေးမြင့်တို့၏သားသမက်၊ ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ(ဦးအုန်းမောင်-ဒေါ်ခင်ကြည်)တို့၏သား၊ ဦးကံထွန်း-ဒေါ်တင်ဝင်း၊ ဦးကြည်ဝင်း-(ဒေါ်တင်လှ)တို့၏မောင်၊ ဦးစိုးသိန်း-ဒေါ်ညွန့်မေ၊ ဦးအေးသိန်း၊ ဒေါ်ခင်ခင်အေး၊ ဦးသန်းနိုင်-ဒေါ်မြင့်မြင့်သန်း၊ ဒေါ်စိုးစိုးနိုင်၊ ဦးစိုးထွန်း-ဒေါ်နန်းအိအိကြွယ်တို့၏အစ်ကို၊ ဒေါ်သန်းသန်းမြိုင်(မြိုင်ထမင်းဆိုင်၊ မင်္ဂလာဈေး)၏ ခင်ပွန်း၊ မဖူးပွင့်မြိုင်၏ဖခင်၊ တူ တူမ ၁၆ယောက်တို့၏ဘကြီးသည် ၉-၇-၂၀၁၅ရက် (ကြာသပတေးနေ့)နံနက် ၆း၁၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၅ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း
**အင်ဂျင်နီယာချုပ်**
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း (အင်ဂျင်နီယာချုပ်)
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးဆောင်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဝန်ထမ်းမိသားစု**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ဝင်း
**အသက်(၅၇)နှစ်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်မောင်ဝင်းသည် ၈-၇-၂၀၁၅ရက် ညနေ ၅း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓာတ်အားဖြန့်ဖြူးရေးဌာနဝန်ထမ်းများ**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## ဒေါ်မာမာဆန်း
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၇၀/ က)နေ(ဦးလှမောင်-ဒေါ်လှကြည်)တို့၏ချွေးမ၊ ဦးရွှေဇင်(ONE STAR PLASTER CORNICE PRODUCTION)၏ဇနီး၊ ဦးရွှေဘော်-ဒေါ်ခင်သောင်းမေ၊ ဦးမျိုးနိုင်-ဒေါ်ကြူကြူ၊ ဒေါ်မူမူ၊ ဒေါ်ညိုညိုဝင်းတို့၏ညီမသည် ၉-၇-၂၀၁၅ရက် (ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။[အထက်ပါ နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။] ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မာမာဆန်း
**အသက်(၅၅)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မေခလာလမ်း၊ အမှတ်(၈၇၀/ က) နေ(ကာတွန်းဦးကျော်ဆန်း)-ဒေါ်စန်းစန်းတို့၏သမီး၊ ဦးဝင်းမြင့်-ဒေါ်သီသီဆန်း၊ ပါမောက္ခ ဒေါက်တာဦးဘုန်းမြင့်-ဒေါ်ဖြူဖြူဆန်း၊ ဦးဆန်းဝင်း-ဒေါ်ထွေး ထွေးတို့၏ညီမ၊ ဦးဆန်းနိုင်-ဒေါ်အေးအေးဝင်း၊ ဦးတင်ဇော်မြင့်-ဒေါ်ကြူကြူဆန်း၊ ဦးဆန်းလင်း-ဒေါ်ဝါဝါဝင်းတို့၏အစ်မသည် ၉-၇-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၇-၂၀၁၅ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။[အထက်ပါ နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။]

ကွယ်လွန်သူအားရည်စူး၍ ၁၅-၇-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးညွန့်မောင် (အရာခံဗိုလ်-ငြိမ်း)
**အသက် (၈၃)နှစ်**

၁၉၄၂ စီးပွားရေးတက္ကသိုလ်ကျောင်းသားဟောင်း ဇော်မင်း (ဒိန်းဒေါင်)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်မောင် အသက် (၈၃)နှစ်သည် ၇-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၇-၉၀-၉၂-၉၃**
**စီးပွားရေးတက္ကသိုလ်ဘွဲ့ရကျောင်းသား ကျောင်းသူများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးညွန့်မောင် (အရာခံဗိုလ်-ငြိမ်း)
**အသက် (၈၃)နှစ်**

၁၉၉၂ စီးပွားရေးတက္ကသိုလ် ကျောင်းသားဟောင်း ဇော်မင်း (ဒိန်းဒေါင်)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးညွန့်မောင် အသက် (၈၃)နှစ်သည် ၇-၇-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဟန်လင်းဆောင်ကျောင်းသားဟောင်းများ**

## ဦးတင်ညွန့် (လဝက၊ ငြိမ်း)
**အသက် (၈၂)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆) ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၅၀၇နေ ဒေါ်စီစီလယား၏ခင်ပွန်း၊ ဦးနော်ထွဲ-ဒေါ်သန်းသန်းအေး၊ ဦးကျော်သီဟ- ဒေါ်ခင်မြတ်သူ၊ ဦးခင်မောင်ထွေး-ဒေါ်မင်းမင်းတင်၊ ဒေါ်ခင်မြတ်နွယ်၊ ဦးထွန်းညွန့်၊ ဦးဇော်မင်းနောင်-ဒေါ်သင်းသင်းအောင်တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၈-၇-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၅ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းမိ
**အသက် (၇၄)နှစ်**

ဦးဉာဏ်စိုး(AE-ဆည်မြောင်း)-ဒေါ်အေးအေးစိုး (ဦးစီးအရာရှိ၊ စီမံ) ညွှန်ကြားရေးမှူးရုံး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးတို့၏မိခင်ကြီး ဒေါ်သိန်းမိ အသက် (၇၄)နှစ်သည် ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အရာထမ်း၊ အမှုထမ်းများ**
**လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းမိ
**အသက် (၇၄)နှစ်**

ဦးဉာဏ်စိုး(AE-ဆည်မြောင်း)-ဒေါ်အေးအေးစိုး (ဦးစီးအရာရှိ၊စီမံ) ညွှန်ကြားရေးမှူးရုံး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးတို့၏မိခင်ကြီး ဒေါ်သိန်းမိ အသက် (၇၄)နှစ်သည် ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒု-ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အရာထမ်း၊ အမှုထမ်းများ**
**လမ်းအထူးအဖွဲ့(၁၅) တောင်ငူ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သိန်းမိ
**အသက် (၇၄)နှစ်**

ဦးဉာဏ်စိုး(AE-ဆည်မြောင်း)-ဒေါ်အေးအေးစိုး (ဦးစီးအရာရှိ၊စီမံ) ညွှန်ကြားရေးမှူးရုံး(မြို့ပြ)၊ လမ်းဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီးတို့၏မိခင်ကြီး ဒေါ်သိန်းမိ အသက် (၇၄)နှစ်သည် ၇-၇-၂၀၁၅ ရက် (အင်္ဂါနေ့) နံနက် ၁၀း၄၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)နှင့်အရာထမ်း၊ အမှုထမ်းများ**
**လမ်းဦးစီးဌာန၊ ပြည်ခရိုင်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးသန့်စင်ကြိုင်(ငြိမ်း)
**OTS(81), B.E(Civil)**
**ညွှန်ကြားရေးမှူး**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**
**အသက်(၅၂)နှစ်**

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးဦးသန့်စင်ကြိုင်သည် ၈-၇-၂၀၁၅ရက် ည ၇း၄၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

## (၅) နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဟာဂျီမိုဟာမက်အီစွပိုင် E.M.I (ခ) ဦးလှမောင် Iberchem (ရေမွှေး)(လကြယ်) ကုန်ဈေးတန်း၊ အသက် (၅၂)နှစ်သည် ၁၁-၇-၂၀၁၅ ရက်တွင် ချစ်လှစွာသောခင်ပွန်း၊ ဖခင်ကြီးအား ဇနီးနှင့်သားများ မိသားစုမှ တမ်းတသတိရခြင်းများစွာဖြင့် အစဉ်အမြဲ အလှူဒါနပြုပေးနေပါသည်။

**ဇနီး - ဟာဂျီမယာစ်မီန်း (ခ) ဒေါ်ကြူကြူအေး**
**သား - ဟာဂျီအရှရပ်ဖ် (ခ) ဦးကိုကိုဦး မိသားစု**
**သား - ဟာဂျီအင်မ်ရန်(န) (ခ) ဦးကျော်ကျော်ဦး မိသားစု**
**သား - ဟာဂျီအစ်က်ဘာလ် (ခ) ဦးရဲလင်းထွန်း မိသားစု**
**သား - ဟာဂျီစူလေမန် (ခ) ဦးရဲမင်းထွန်း မိသားစု**
**သား - ဟာဂျီစူဖီယန်း (ခ) အောင်ထွန်းလင်း**

# ဖားကန့်မြို့ ရေကြီးမှုကြောင့် ဥရုချောင်းအတွင်း မြေစာများ စက်ယန္တရားများဖြင့် ဆယ်ယူရှင်းလင်း



ဖားကန့်မြို့ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေးအတွက် ဥရုချောင်းအတွင်း စက်ယန္တရားများဖြင့် မြေစာများတူးဖော်နေမှုကို တွေ့ရစဉ်။ ဓာတ်ပုံ- စိုးနိုင်ဦး(ဖားကန့်)

**ဖားကန့် ဇူလိုင် ၁၀**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့ ရေကြီးမှုကြောင့် ဥရုချောင်းအတွင်း လျှောကျလျက်ရှိသော မြေစာများ ပြန်လည်ဆယ်ယူရှင်းလင်းရေးကို ဇူလိုင် ၉ ရက် နံနက် ၈ နာရီက ဆောင်ရွက်ခဲ့ရာ ဖားကန့်မြို့နယ် ဆန်းကြွယ်-ဖားပြင်ကြားရှိ မနပေါက်ဝမှ မြေစာများ မိုးရေနှင့်အတူ ဥရုချောင်းအတွင်းသို့ လျှောကျနေမှုများကို ဇူလိုင် ၉ ရက်မှစတင်၍ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ဇော်မြင့်နိုင်က ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ဆွေမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း (ဖားကန့်)မှ တာဝန်ရှိသူများနှင့် ကျောက်စိမ်းတူးဖော်ရေးဌာန(လုံးခင်း)မှ တာဝန်ရှိသူများ စုပေါင်း၍ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာ၌ ဥရုချောင်းအတွင်းမှ လျှောကျမြေစာများ ပြန်လည်ဆယ်ယူရှင်းလင်းရာတွင် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (ဖားကန့်)နှင့် ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီများမှ လိုအပ်သော စက်ယန္တရားများဖြင့် ဆယ်ယူ ရှင်းလင်းလျက်ရှိကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ဝင်ဘယ်ဒန်တင်းနစ် ပိုလ်လုပွဲ ဆီရီနာနှင့် မာဂူရူဇာတွေ့မည်

**လန်ဒန် ဇွန် ၁၀**

ဝင်ဘယ်ဒန်တင်းနစ် အမျိုးသမီးတစ်ဦးချင်း အကြိုဗိုလ်လုပွဲကို ဇူလိုင် ၉ ရက်က ပထမပွဲစဉ် ယှဉ်ပြိုင်ကစားခဲ့ရာ ဂါဘိန်းမာဂူရူဇာက အယ်နီဇကာ ရက်ဒ်ဝမ်စကာကို ၆-၂၊ ၃-၆၊ ၆-၃ ဖြင့်အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

ဒုတိယပွဲစဉ်တွင် နာမည်ကြီးပြိုင်ဘက်နှစ်ဦးဖြစ်သည့် ဆီရီနာဝီလျံနှင့် မာရီယာရှာရာပိုဗာတို့တွေ့ဆုံရာ ဆီရီနာဝီလျံက ရှာရာပိုဗာကို ၆-၂၊ ၆-၄ ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး ဗိုလ်လုပွဲတက်ရောက်သွားပြီဖြစ်သည်။

ဇူလိုင် ၁၁ ရက် ဗိုလ်လုပွဲတွင် လက်ရှိ ကမ္ဘာ့အဆင့်(၁)နေရာယူထားသည့် ဆီရီနာဝီလျံနှင့် ကမ္ဘာအဆင့် (၂၀)ရှိသည့် စပိန်နိုင်ငံသူ ဂါဘိန်းမာဂူရူဇာ (၂၁)နှစ်တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး မာဂူရူဇာသည် ပထမဆုံးအကြိမ်အဖြစ် ဝင်ဘယ်ဒန် တင်းနစ်ဗိုလ်လုပွဲသို့ တက်ရောက်ယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၄*

# Miss Myanmar World 2015 ပြိုင်ပွဲ ယနေ့ကျင်းပမည်



**Miss Myanmar World 2015 ပြိုင်ပွဲကြီး အခမ်းအနားပြည့် ပွဲကြိုလေ့ကျင့်နေစဉ်။**

**ရန်ကုန် ဇူလိုင် ၁၀**

မြန်မာနိုင်ငံအနေဖြင့် ဒုတိယအကြိမ်ကျင်းပမည့် Miss Myanmar World 2015 ပြိုင်ပွဲကြီးကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် Myanmar Event Park ၌ ယနေ့ ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ သိရသည်။

*စာမျက်နှာ ၈ ကော်လံ ၄*






mmalin.npt @ gmail.com, www. facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

# အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေကြမ်း**

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။)

၁၃၇၇ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာပြီး တစ်နှစ်ပြည့်မြောက်ပြီးသည့် နေ့ရက်မှ စတင်၍ အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အပင်** ဆိုသည်မှာ အဏုဇီဝသက်ရှိများမှလွဲ၍ အပင်လောကအတွင်းရှိ မည်သည့်အပင်ကိုမဆို ဆိုသည်။

(ခ) **အပင်မျိုး** ဆိုသည်မှာ ရုက္ခဗေဒဆိုင်ရာ အမျိုးအစားခွဲခြားခြင်း၏ အနိမ့်ဆုံးအဆင့်တွင်ရှိပြီး သီးသန့်ရုပ်သွင်လက္ခဏာများပါရှိသည့် အပင်မျိုးကို ဆိုသည်။

(ဂ) **အပင်မျိုးသစ်** ဆိုသည်မှာ လက်ရှိအပင်မျိုးများနှင့် အနည်းဆုံး လက္ခဏာတစ်ရပ်ရပ်တွင် သိသာစွာကွဲလွဲမှုရှိပြီး စိုက်ပျိုးသည့်အခါ ယင်း၏ လက္ခဏာရပ်များမှာ ညီညာမှုရှိ၍ ထပ်ဆင့်မျိုးပွားရာတွင်လည်း ယင်း၏ လက္ခဏာရပ်များ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်စွာဖော်ပြနိုင်သော အပင်မျိုးကိုဆိုသည်။

(ဃ) **အပင်မျိုးမွေးမြူသူ** ဆိုသည်မှာ အပင်မျိုး တစ်မျိုးကိုမွေးမြူသူ သို့မဟုတ် ရှာဖွေဖော်ထုတ်သူကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ အားအဖိုးအခဖြင့် တာဝန်ပေးအပ်သူ လုပ်ငန်းပိုင်ရှင်ကိုလည်းကောင်း၊ အပင်မျိုးမွေးမြူသူ၏တာဝန်ကို တရားဝင်ဆက်လက်တာဝန်ယူသည့် ပုဂ္ဂိုလ်ကိုလည်းကောင်း ဆိုသည်။

(င) **အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေး** ဆိုသည်မှာ ဤဥပဒေအရ ပြဋ္ဌာန်းသော အခွင့်အရေးဖြစ်သည်။

(စ) **မျိုးပွားနိုင်သည့်အပင်အစိတ်အပိုင်း** ဆိုသည်မှာ ထပ်မံမျိုးပွားရန်အတွက် အသုံးပြုသည့် မျိုးစေ့ သို့မဟုတ် အပင်တစ်ပင်လုံး သို့မဟုတ် အပင်၏ အစိတ်အပိုင်းများကို ဆိုသည်။

(ဆ) **ရိတ်သိမ်းနိုင်သည့်အစိတ်အပိုင်း** ဆိုသည်မှာ အပင်တစ်ပင်ရှိ စီးပွားဖြစ် အသုံးပြုနိုင်သော အစိတ်အပိုင်း သို့မဟုတ် ၎င်းအပင်မှ ရရှိလာသော ထုတ်ကုန်ကို ဆိုသည်။

(ဇ) **အသိအမှတ်ပြုလက်မှတ်** ဆိုသည်မှာ အပင်မျိုးသစ်ကို ကာကွယ်ခွင့်ပြုကြောင်း အပင်မျိုးမွေးမြူသူအား ဤဥပဒေအရ ထုတ်ပေးသော လက်မှတ် ကိုဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဗဟိုကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသောအမျိုးသား အပင်မျိုးသစ် အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို ဆိုသည်။

**အခန်း(၂)**

**ရည်ရွယ်ချက်များ**

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

(က) အပင်မျိုးသစ်မွေးမြူသူများ၏ ရပိုင်ခွင့်အခွင့်အရေးကို အကာအကွယ်ပေးရန်၊

(ခ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဂ) အပင်မျိုးသစ်မွေးမြူခြင်းလုပ်ငန်းတွင်ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးတက်လာစေရန်၊

(ဃ) အပင်မျိုးသစ်များ မွေးမြူရရှိလာခြင်းဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူဖြစ်စေရန်။

**အခန်း(၃)**

**ဗဟိုကော်မတီဖွဲ့စည်းခြင်း**

၄။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမျိုးသား အပင်မျိုးသစ်အကာအကွယ်ပေးရေးဆိုင်ရာ ဗဟိုကော်မတီကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဤဥပဒေနှင့်ဆက်စပ်အကျုံးဝင်သည့် ဝန်ကြီးဌာနများရှိ သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ကျွမ်းကျင်သူပညာရှင်များနှင့် အခြားသင့်လျော်သူများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်ဖွဲ့စည်းရမည်။

၅။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီဖွဲ့စည်းရာတွင် လိုအပ်လျှင် ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးအပ်နိုင်သည်။

၆။ ဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဗဟိုကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

**အခန်း(၄)**

**ဗဟိုကော်မတီ၏လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၇။ ဗဟိုကော်မတီသည်-

(က) ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အပင်မျိုးမွေးမြူခြင်းဆိုင်ရာ မူဝါဒများ ချမှတ်ရမည်။

(ခ) အပင်မျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် သက်ဆိုင်သည့် အစိုးရဌာနများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည်။

(ဂ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးစေ့နှင့် အပင်အစိတ်အပိုင်းများကို နိုင်ငံအချင်းချင်း သဘောတူညီချက်အရ သုတေသနပြုလုပ်နိုင်ရန်အတွက် လိုအပ်သလို ပေးပို့ခြင်းနှင့် လက်ခံခြင်းများ ဆောင်ရွက်ရမည်။

(ဃ) အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီနှင့် ဆပ်ကော်မတီများကိုဖွဲ့စည်းခြင်း၊ အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်ပေးအပ်ခြင်းများ ဆောင်ရွက်ရမည်။

၈။ ဗဟိုကော်မတီသည် အပင်မျိုးမွေးမြူသူအား အပင်မျိုးသစ်ကာကွယ်သည့် အခွင့် အရေးပေးအပ်ရမည်။

၉။ ဗဟိုကော်မတီသည် ဤဥပဒေအရတရားစွဲဆိုရာတွင် အပင်မျိုးသစ် စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စစ်ဆေးတွေ့ရှိချက်အပေါ် မူတည်၍ ခွင့်ပြုချက် ပေးနိုင်သည်။

**အခန်း(၅)**

**အပင်မျိုးသစ်အဖြစ် အသိအမှတ်ပြုရန် သတ်မှတ်ချက်များ**

၁၀။ အပင်မျိုးမွေးမြူသူမှ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် အသိအမှတ်ပြုလက်မှတ်ရရှိရန် လျှောက်ထားလာသည့်အချိန်တွင်-

(က) အဆိုပါမျိုး၏ မျိုးစေ့များ သို့မဟုတ် အခြားမျိုးပွားနိုင်သည့် အပင်အစိတ်အပိုင်းများအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းတွင် (၁) နှစ်ထက်စော၍ သော်လည်းကောင်း၊ အခြားပြည်ပနိုင်ငံများတွင် (၄) နှစ်ထက်စော၍သော်လည်းကောင်း၊ နှစ်ရှည်ပင်နှင့် နွယ်ပင်များဖြစ်ပါက (၆)နှစ်ထက်စော၍သော်လည်းကောင်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ခြင်း၊ အခြားအသုံးပြုမှုများအတွက် ရောင်းချခြင်းမရှိစေရ။

(ခ) အဆိုပါမျိုး၏ ထွက်ကုန်များကိုအသုံးပြု၍ ထပ်ဆင့်ထုတ်ကုန်များ အတွက် ခွင့်ပြုထားမှုမရှိစေရ။

၁၁။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည်အများလက်ခံ သိရှိထားသည့် အခြားမည်သည့်အပင်မျိုးနှင့်မဆို သိသာစွာ ကွဲပြားခြားနားသည့် ထူးခြားသောလက္ခဏာရှိရမည်။

၁၂။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် စိုက်ပျိုးထုတ်လုပ်ရာတွင် ပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်နိုင်သည့် ကွဲလွဲချက်များမှအပ ကျန်ထူးခြားသည့် လက္ခဏာများကို ညီညာစွာဖော်ပြနိုင်ရမည်။

၁၃။ အပင်မျိုးသစ်အဖြစ် လျှောက်ထားလာသော အပင်မျိုးသည် သားဆက်အဆင့်ဆင့် မျိုးပွားရာတွင် ယင်း၏ ထူးခြားသောသွင်ပြင်လက္ခဏာများကို တည်ငြိမ်စွာဖော်ပြနိုင်ရမည်။

၁၄။ အပင်မျိုးသစ်အား အမည်ပေးရာတွင် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မျိုးအမည် ပေးရမည်။

**အခန်း(၆)**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကိုကာကွယ်သည့် အခွင့်အရေးလျှောက်ထားခြင်း**

၁၅။ အပင်မျိုးသစ်အားကာကွယ်သည့် အခွင့်အရေးကို အောက်ပါပုဂ္ဂိုလ်များ အားလုံး လျှောက်ထားခွင့်ရှိစေရမည်-

(က) အပင်မျိုးသစ်မွေးမြူသူနိုင်ငံသားများ၊

(ခ) အပင်မျိုးသစ်မွေးမြူသူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နယ်နိမိတ်အတွင်း အမြဲနေထိုင်ခွင့် ရရှိထားသော နိုင်ငံခြားသားများနှင့် ယင်းတို့၏အဖွဲ့အစည်းများ၊

(ဂ) အပင်မျိုးသစ်ကာကွယ်ရေးအတွက် သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်များမှ အပင်မျိုးသစ်မွေးမြူသည့် အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများအားလုံး။

၁၆။ အပင်မျိုးမွေးမြူသူ၏ အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ၊ မျိုးကွဲများကို ထိခိုက်ခြင်းမရှိမှသာလျှင် ယင်းအပင်မျိုးမွေးမြူသူအား ရပိုင်ခွင့် အခွင့်အရေးကို လျှောက်ထားခွင့်ရှိစေရမည်။

၁၇။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ဗဟိုကော်မတီသည် အပင်မျိုးသစ်အတွက်ကာကွယ်ခွင့် လျှောက်ထားလာသော အပင်မျိုးသစ်ကို စိုက်ပျိုးစစ်ဆေးရန် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီကို တာဝန်ပေးအပ်ရမည်။

၁၉။ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီသည် ဤဥပဒေပါ ပုဒ်မ ၁၀ မှ ပုဒ်မ ၁၄ အထိ ပြဋ္ဌာန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စစ်ဆေး၍ ဗဟိုကော်မတီသို့ တင်ပြရမည်။

၂၀။ အပင်မျိုးသစ်အတွက် ကာကွယ်ခွင့်လျှောက်ထားသူသည် အပင်မျိုးသစ်တစ်မျိုးတည်းအား အပင်မျိုးသစ်ကာကွယ်ခြင်းဆိုင်ရာ သဘောတူညီမှုရရှိထားသော နိုင်ငံခြားတိုင်းပြည်၌ ကာကွယ်ခွင့်လျှောက်ထားခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် ထပ်မံလျှောက်ထားလာပါက နည်းဥပဒေပါ ပြဋ္ဌာန်းထားသော ဦးစားပေးအခွင့်အရေးများ ခံစားခွင့်ရရှိစေရမည်။

၂၁။ ဗဟိုကော်မတီသည် အောက်ပါ အခြေအနေများတွင် အပင်မျိုးသစ်အတွက် ယာယီကာကွယ်ပိုင်ခွင့် ပေးအပ်ခြင်းနှင့် ဖျက်သိမ်းခြင်းတို့ကို ထုတ်ပြန်ပေးရမည်-

(က) အပင်မျိုးသစ်ကာကွယ်ခွင့် လျှောက်ထားခြင်းကို အတည်ပြုပြီးနောက် စမ်းသပ်စစ်ဆေးစဉ်ကာလအတွင်း ယင်းမျိုးသစ်အား စီးပွားဖြစ်အသုံးချနိုင်ရန်အလို့ငှာ ယာယီကာကွယ်နိုင်သည့် အခွင့်အရေးကို ခံစားခွင့် ပေးအပ်ခြင်း၊

(ခ) ယာယီကာကွယ်ခွင့်ကာလအတွင်း ကာကွယ်ခွင့်လျှောက်ထားခြင်းမှာ ခိုင်လုံမှုမရှိခြင်းနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီ၏ စိစစ်တင်ပြချက်အရ ကာကွယ်ခွင့်လျှောက်ထားခြင်းအား ငြင်းပယ်ခြင်းခံရပါက ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခြင်း။

၂၂။ ပုဒ်မ ၂၁၊ ပုဒ်မခွဲ (က) အရ ယာယီကာကွယ်ခွင့်ကို ခံစားခွင့်ရရှိသူသည် ယင်းကာလအတွင်း ပုဒ်မ ၂၁၊ ပုဒ်မခွဲ(ခ) ပါ အကြောင်းတစ်စုံတစ်ရာကြောင့် ယာယီကာကွယ်ခွင့်အား ဖျက်သိမ်းခံရပြီး ယင်းအခြေအနေများသည် အခြားပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား နစ်နာမှုတစ်စုံတစ်ရာရှိခဲ့ပါက ယင်းထိခိုက်နစ်နာမှုအတွက် လျော်ကြေးပေးဆောင်စေရမည်။

**အခန်း(၇)**

**အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်နှင့် ရပိုင်ခွင့်ကိုကာကွယ်နိုင်သည့် အခြေအနေများ**

၂၃။ မည်သူမဆို ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်၏ မျိုးပွားနိုင်သည့် အစိတ်အပိုင်းများကို အောက်ဖော်ပြပါကိစ္စရပ်များအတွက် အသုံးချဆောင်ရွက်မည်ဆိုပါက အပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်ကို ရယူရမည်-

(က) ထုတ်လုပ်ခြင်း သို့မဟုတ် ထပ်ဆင့်မျိုးပွားခြင်း၊

(ခ) မျိုးပွားရန်အတွက် ပြုပြင်ခြင်း၊

(ဂ) ရောင်းချရန်ကမ်းလှမ်းခြင်း၊

(ဃ) ပြည်တွင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခြင်း၊

(င) ပြည်ပမှ တင်သွင်းခြင်း၊

(စ) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (က) မှ (င) အထိ လုပ်ငန်းများဆောင်ရွက်ရန် သိုလှောင်သိမ်းဆည်းခြင်း။

၂၄။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၃ ပါ လုပ်ငန်းများကို လုပ်ကိုင်ခွင့်ပြုရာတွင် ၎င်း၏ရပိုင်ခွင့်များကို ဗဟိုကော်မတီနှင့်ညှိနှိုင်း၍ သတ်မှတ်ပေးနိုင်သည်။

၂၅။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ ပြဋ္ဌာန်းချက်များပါ ကင်းလွတ်ခွင့်များမှလွဲ၍ အပင်မျိုးမွေးမြူသူသည် ယင်း၏ ခွင့်ပြုချက်မရှိဘဲ ကာကွယ်ခွင့်ရရှိထားသောမျိုး၏ မျိုးပွားအစိတ်အပိုင်းများကို တစ်စုံတစ်ဦးက အသုံးပြုစိုက်ပျိုးထုတ်လုပ်ရာတွင် ရပိုင်ခွင့်မရရှိခဲ့လျှင် အပင်၏ရိတ်သိမ်းနိုင်သည့် အစိတ်အပိုင်းများ သို့မဟုတ် ရိတ်သိမ်းပြီး အပင်တစ်ပင်လုံးအား ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များကို သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၆။ အပင်မျိုးမွေးမြူသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြထားသော ရပိုင်ခွင့်ကို မရရှိခဲ့လျှင် ကာကွယ်ခွင့်ရရှိထားသော အပင်မျိုး၏ ထုတ်ကုန်များနှင့်ပတ်သက်၍ ပုဒ်မ ၂၃ ပါ ကိစ္စရပ်များ လုပ်ကိုင်ခြင်းအတွက် ရပိုင်ခွင့်များအား သက်ဆိုင်သူထံမှ တောင်းဆိုပိုင်ခွင့်ရှိသည်။

၂၇။ အပင်မျိုးသစ်အတွက် ပုဒ်မ ၂၃၊ ပုဒ်မ ၂၅ နှင့် ပုဒ်မ ၂၆ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ဖော်ပြပါမျိုးများအပေါ် အကျိုးသက်ရောက်မှုရှိစေရမည်-

(က) ကာကွယ်ခွင့်ရရှိထားသည့် မျိုးအသစ်မှ တိုက်ရိုက်ထပ်ဆင့် မွေးမြူရရှိသည့်မျိုးများ၊

(ခ) ကာကွယ်ခွင့်ရရှိထားသော မျိုးအသစ်နှင့် သိသာစွာကွဲပြားခြားနားခြင်း မရှိသည့်မျိုးများ၊

(ဂ) ကာကွယ်ခွင့်ရရှိထားသောမျိုးအား စဉ်ဆက်မပြတ်အသုံးပြု၍ ထုတ်လုပ်ရရှိလာသည့်မျိုးများ။

၂၈။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့်အခွင့်အရေးမှ မဖြစ်မနေ ကင်းလွတ်ခွင့်ပေးရမည်-

(က) စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ရန်မပြုခြင်း၊

(ခ) သုတေသနစမ်းသပ်မှုအတွက် အသုံးပြုခြင်း၊

(ဂ) တောင်သူအချင်းချင်း မျိုးဖလှယ်ခြင်း၊

(ဃ) ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းထားသည့် မျိုးများ ထုတ်လုပ်ခြင်းမှလွဲ၍ အခြားမျိုးသစ်ရရှိရန်အတွက် မျိုးမွေးမြူခြင်းလုပ်ငန်းတွင် အသုံးချခြင်း။

၂၉။ အပင်မျိုးမွေးမြူသူသည် အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးသစ်အား ကာကွယ်နိုင်သည့် အခွင့်အရေးမရှိစေရ-

(က) အပင်မျိုးမွေးမြူသူကိုယ်တိုင် သို့မဟုတ် ယင်း၏ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံနယ်နိမိတ်အတွင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ အပင်မျိုးသစ်ကို တင်ပို့ရောင်းချရာတွင် ကာကွယ်ခွင့်ရရှိထားသော ယင်းမျိုးသစ်အား ထပ်မံမျိုးပွားမှုမရှိခြင်း၊

(ခ) ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား စားသုံးရန်အတွက်သာ တင်ပို့ခြင်း။

၃၀။ ပုဒ်မ ၂၈ နှင့် ပုဒ်မ ၂၉ တို့ပါ ကင်းလွတ်ခွင့်များ၊ ပြဋ္ဌာန်းချက်များနှင့် အများပြည်သူ၏ အကျိုးမှလွဲ၍ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်ခြင်းအား ကန့်သတ်ချက်မရှိစေရ။

၃၁။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးသည် ဥပဒေနှင့်အညီ မည်သူမဆို ကုန်ထုတ်လုပ်မှု စည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ ရောင်းချခြင်းစသည့်အကြောင်းအချင်းအရာများနှင့် စပ်လျဉ်းခြင်း မရှိစေရ။

၃၂။ ကုန်ထုတ်လုပ်မှုစည်းမျဉ်းသတ်မှတ်ခြင်း၊ ထောက်ခံချက်ပေးခြင်း၊ ဈေးကွက်တင်ပို့ခြင်းနှင့် ပြည်တွင်း၊ ပြည်ပသို့ရောင်းချခြင်းစသည့် အကြောင်းအချင်းအရာများသည် မည်သည့်အခြေအနေတွင်မဆို ဤဥပဒေ၏ အကျိုးသက်ရောက်မှုအား ထိခိုက်ခြင်း အလျဉ်းမရှိစေရ။

၃၃။ အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေး ကာကွယ်ခွင့်ကာလကို ကာကွယ်ခွင့်ရရှိသည့်နေ့မှစတင်၍ နှစ်ရှည်ပင်နှင့် နွယ်ပင်မျိုးသစ်များအတွက် ၂၅ နှစ်နှင့် အခြား အပင်မျိုးသစ်များအတွက် နှစ် ၂၀ သတ်မှတ်သည်။

*စာမျက်နှာ (ခ) သို့*

# ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကြမ်း**

(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ---- / ၂၀၁၅)

၁၃၇၇ ခုနှစ်၊ လဆုတ် ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖွင့်ဆိုချက်**

၁။ ဤဥပဒေကို **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။

(ဃ) **ဘဏ္ဍာရေးဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

(င) **ပြည်ထောင်စုဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်ထောင်စုဝန်ကြီးဌာနတစ်ခုခုကို ဆိုသည်။

(စ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ဆ) **ဘဏ္ဍာရေးနှစ်** ဆိုသည်မှာ ဧပြီလ ၁ ရက်တွင်စ၍ နောက်နှစ် မတ်လ ၃၁ ရက် တွင် ပြီးဆုံးသောကာလအပိုင်းအခြားကို ဆိုသည်။

(ဇ) **နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်း** ဆိုသည်မှာ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း၊ အစိုးရအပ်ငွေစာရင်းနှင့် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေစနစ်တွင်ပါဝင်သော အစိုးရက ထိန်းသိမ်းဆောင်ရွက်ရသည့် အခြားရန်ပုံငွေစာရင်းများအားလုံးပါဝင်သည့် ရန်ပုံငွေစာရင်းကို ဆိုသည်။

(ဈ) **အစိုးရငွေချေးသက်သေခံလက်မှတ်များ** ဆိုသည်မှာ အစိုးရငွေတိုက်လက်မှတ်များ၊ အစိုးရငွေတိုက်စာချုပ်များ၊ နိုင်ငံတကာငွေတိုက်

*စာမျက်နှာ (ဂ) သို့*

# နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**

**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၇ ခုနှစ်၊ လ ရက်**

**(၂၀၁၅ ခုနှစ်၊ လ ရက်)**

**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။**

၁။ **ဤဥပဒေကို နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၂ တွင်

(က) ပုဒ်မခွဲ(ခ)တွင်ပါရှိသော "နိုင်ငံခြားငွေသား"ဆိုသည့်စကားရပ်ကို "နိုင်ငံခြားငွေ ငွေသား"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁)တွင်ပါရှိသော"နိုင်ငံခြားငွေ ငွေသား"ဆိုသည့် စကားရပ်ကို "နိုင်ငံခြားငွေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)အား ပယ်ဖျက်ရမည်။

(ဃ) ပုဒ်မခွဲ(ဂ)၏ နောက်၌ ပုဒ်မခွဲ(ဂ-၁)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"ဂ-၁။ "ရွှေ"ဆိုသည်မှာ နိုင်ငံပိုင်နိုင်ငံခြားသုံး သီးသန့်ငွေရှိရွှေချောင်း၊ ရွှေတုံးနှင့် ရွှေဒင်္ဂါးများ၊ အပြည်ပြည်ဆိုင်ရာ အပေးအယူပြုလုပ်မှု၌ သတ်မှတ်အသုံးပြုသည့် စံချိန်မီရွှေချောင်း၊ ရွှေတုံး၊ ရွှေဒင်္ဂါးများနှင့် ပြည်တွင်း၌ နေထိုင်သူများ၏ ပြည်ပရှိဘဏ်များတွင် အပ်နှံထားသည့် ရွှေများကိုဆိုသည်။"

၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"ပုဒ်မ ၁၇။ နိုင်ငံတော်နှင့် ပြည်ပနိုင်ငံများအကြား ငွေသားဖြင့် လက်ရောက်လွှဲပြောင်းမှု၊ ပေးချေမှုနှင့် အခြားပေးချေမှုများအပါအဝင် ကျပ်ငွေဖြင့် နိုင်ငံတကာပေးချေမှုများနှင့် လွှဲပြောင်းမှုများအား သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။"

၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေ၏ ပုဒ်မ ၁၈ ပုဒ်မခွဲ(ခ)တွင်ပါရှိသည့် "တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့်ပစ္စည်းများ ထိန်းချုပ်ရေးဥပဒေ" ဆိုသည့်စကားရပ်ကို "ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၁၈ ၏နောက်၌ ပုဒ်မ ၁၈-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၈-က။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်းလိုင်စင်ရရှိသူသည်-

(က) ပြည်တွင်း၌ နေထိုင်သူ၏ နိုင်ငံခြား သုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ ဝင်ရောက်ခြင်း ရှိ-မရှိ စိစစ်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ စိစစ်ရာတွင် ပြည်တွင်း၌ နေထိုင်သူ၏ ဘဏ်စာရင်းသို့ သတ်မှတ်ကာလအတွင်းယင်း၏ ပို့ကုန်ရငွေဝင်ရောက်ခြင်းမရှိကြောင်း တွေ့ရှိပါကသုံးသပ်ချက်နှင့်အတူ ဗဟိုဘဏ်သို့ ဆောလျင်စွာအစီရင်ခံ တင်ပြရမည်။"

၆။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် အခန်း ၇ ၏ခေါင်းစဉ်၌ပါရှိသော "နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများ"ဆိုသည့်စကားရပ်ကို "ရွှေ၊ နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၃။ ပြည်တွင်း၌နေထိုင်သူနှင့် ပြည်ပ၌နေထိုင်သူများသည် ရွှေ၊ နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများကို ပြည်တွင်းမှ ပြည်ပသို့ ယူဆောင်သွားခြင်း၊ ပြည်ပမှ ပြည်တွင်းသို့ ယူဆောင်လာခြင်းတို့ကို ဗဟိုဘဏ်က အခါအားလျော်စွာ ထုတ်ပြန်သည့် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၈။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ ပြည်တွင်း၌ နေထိုင်သူသည်-

(က) ပြည်ပနိုင်ငံတစ်ခုခုတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံလိုပါက သတ်မှတ်ချက်များနှင့်အညီသာ ဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ရင်းနှီးမြှုပ်နှံမှုမှရရှိသော အမြတ်ခွဲဝေမှုများနှင့် ပြန်လည်ထုတ်ယူနိုင်သော မတည်ငွေရင်းများကို နိုင်ငံခြားငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရရှိသူမှတစ်ဆင့် ပြည်တွင်းသို့ ပြန်လည်လွှဲပြောင်း ပေးပို့ရမည်။"

၉။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၂၉ ၏နောက်၌ "၂၉-က"အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၂၉-က။ ပြည်တွင်း၌ နေထိုင်သူသည် ပြည်ပမှ ချေးငွေရယူရာ၌ ငွေသားဖြင့် ဖြစ်စေ၊ ပစ္စည်းဖြင့်ဖြစ်စေ ချေးယူခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။"

၁၀။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၄ တွင် ပါရှိသော "နိုင်ငံခြားသုံးငွေ လုပ်ငန်းလိုင်စင်" ဆိုသည့် စကားရပ်ကို "နိုင်ငံခြားသုံးငွေ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ၃၄၊ ပုဒ်မခွဲ(င)၌ ပါရှိသော "ငွေကြေးခဝါချမှု"ဆိုသည့် စကားရပ်၏နောက်၌ "အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု" ဆိုသည့်စကားရပ်ကို ဖြည့်စွက်ရမည်။

၁၂။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၈ ၏နောက်၌ ပုဒ်မ ၃၈-က၊ ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့အဖြစ် အောက်ပါအတိုင်း အသီးသီး ဖြည့်စွက်ရမည်-

"၃၈-က။ မည်သူမျှ ရွှေ၊ နိုင်ငံခြားသုံးငွေနှင့် လက်ဝတ်ရတနာများကို သတ်မှတ်ချက်များနှင့်အညီမဟုတ်ဘဲ နိုင်ငံတော်အတွင်းသို့ ယူဆောင်လာခြင်း သို့မဟုတ် ပြည်ပသို့ ယူဆောင်သွားခြင်း မပြုရ။

၃၈-ခ။ မည်သူမျှ ပြည်ပတွင်ရရှိသော နိုင်ငံခြားသုံးငွေဖြင့် ပို့ကုန်ရငွေကို သတ်မှတ်ကာလအတွင်း ယင်း၏ဘဏ်ငွေစာရင်းသို့ ထည့်သွင်းရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၈-ဂ။ မည်သူမျှ ပြည်ပနိုင်ငံတစ်ခုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ရင်းနှီးမြှုပ်နှံမှုအတွက် ငွေလုံးငွေရင်းလွှဲပြောင်းမှုများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း မရှိစေရ။

၃၈-ဃ။ မည်သူမျှ သတ်မှတ်ချက်နှင့်အညီမဟုတ်ဘဲ ပြည်ပမှ ငွေ သို့မဟုတ် ပစ္စည်းကို ချေးယူခြင်းနှင့် ပြည်ပမှချေးငွေရယူရန် အလို့ငှာ ငွေချေးသက်သေခံ လက်မှတ်များ ထုတ်ဝေခြင်း မပြုရ။"

၁၃။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၀ ၌ပါရှိသော "ဤဥပဒေပါ ပုဒ်မ ၂၀ အရ" ဆိုသည့်စကားရပ်ကို "ဤဥပဒေပါ ပုဒ်မ ၃၃ အရ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၂ ၌ပါရှိသော "ပုဒ်မ ၃၈ ပါ တားမြစ်ချက်များ" ဆိုသည့်စကားရပ်ကို "ပုဒ်မ ၃၈ နှင့် ပုဒ်မ ၃၈-က တို့ပါ တားမြစ်ချက်များ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေတွင် ပုဒ်မ ၄၂ ၏နောက်၌ ပုဒ်မ ၄၂-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၄၂-က။ မည်သူမဆို ပုဒ်မ ၃၈-ခ၊ ပုဒ်မ ၃၈-ဂ နှင့် ပုဒ်မ ၃၈-ဃ တို့ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသည့် ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။"

---

*စာမျက်နှာ (က) မှ*

**အခန်း(၈)**

**အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်းနှင့်ဖျက်သိမ်းခြင်း**

၃၄။ အောက်ဖော်ပြပါ အခြေအနေများတွင် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့် အခွင့်အရေးပျက်ပြယ်စေရမည်-

(က) အပင်မျိုးသစ်အား ကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေး တွေ့ရှိခြင်း၊

(ခ) အပင်မျိုးသစ်အား ကာကွယ်ပိုင်ခွင့်ပေးအပ်ပြီးနောက်ပိုင်း အပင်မျိုးမွေးမြူသူ တင်ပြရမည့်မျိုးသစ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ မှတ်တမ်းမှတ်ရာများသည် ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း၊

(ဂ) ကနဦးစိစစ်မှုများအရ အပင်မျိုးမွေးမြူသူ၏ ကာကွယ်ပိုင်ခွင့် အခွင့်အရေးကို အမှန်ရရှိသင့်သူအား ပေးအပ်ရမည့်အစား မရရှိသင့်သူအား ပေးအပ်ခဲ့ခြင်း။

၃၅။ ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အကြောင်းများကြောင့် အပင်မျိုးမွေးမြူသူ၏ ရပိုင်ခွင့်အခွင့်အရေးပျက်ပြယ်ခြင်း မရှိစေရ။

၃၆။ အောက်ဖော်ပြပါ အခြေအနေများတွင် ဗဟိုကော်မတီသည် အပင်မျိုး မွေးမြူသူ၏ ရပိုင်ခွင့်ကာကွယ်နိုင်သည့် အခွင့်အရေးအား ဖျက်သိမ်းရမည်-

(က) ပုဒ်မ ၁၂ နှင့် ပုဒ်မ ၁၃ တို့ပါ ပြဋ္ဌာန်းချက်များအား ရေရှည်ထိန်းသိမ်းထားနိုင်မှုမရှိခြင်း၊

(ခ) အပင်မျိုးမွေးမြူသူက ဗဟိုကော်မတီသို့ မျိုးသစ်နှင့်စပ်လျဉ်း၍ မျိုးသစ်အဖြစ် ဆက်လက်တည်ရှိရန် လိုအပ်သည့်သတင်းအချက်အလက်များ၊ မှတ်တမ်းများကို နည်းဥပဒေပြဋ္ဌာန်းချက်များတွင် သတ်မှတ်ထားသည့် ကာလအတွင်း တင်ပြနိုင်မှုမရှိခြင်း၊

(ဂ) အပင်မျိုးမွေးမြူသူက ယင်း၏ ရပိုင်ခွင့်အခွင့်အရေးအား ဆက်လက်ထိန်းသိမ်းရန်အတွက် ပေးရန်ရှိသည့် အခွန်အခပေးအပ်ရန် ပျက်ကွက်ခြင်း။

၃၇။ ပုဒ်မ ၃၆ ပါ ပြဋ္ဌာန်းချက်များမှအပ အခြားမည်သည့် အခြေအနေများတွင်မဆို အပင်မျိုး မွေးမြူသူ၏အခွင့်အရေးကို ဖျက်သိမ်းခြင်းမရှိစေရ။

**အခန်း(၉)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၈။ မည်သူမဆို ကာကွယ်ခွင့်ရရှိထားသော အပင်မျိုးသစ်အား ယင်းအပင်မျိုးမွေးမြူသူ၏ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် အနည်းဆုံး ထောင်ဒဏ်ခြောက်လမှ အများဆုံး ထောင်ဒဏ်သုံးနှစ်ထိ ချမှတ်ရမည့်ပြင် အနည်းဆုံးငွေဒဏ် ကျပ်ဆယ်သိန်းမှ အများဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ်အထိ ချမှတ်နိုင်သည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း(၁၀)**

**အထွေထွေ**

၃၉။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုကော်မတီ၏ ခွင့်ပြုချက်ကို ကြိုတင်ရယူရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြား စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာတရားရုံး၏ ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၁။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီအဖွဲ့ဝင်များနှင့် အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာ နည်းပညာကော်မတီအဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စရိတ်ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

၄၂။ အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားရာတွင် လိုအပ်သော စစ်ဆေးမှုများပြုလုပ်ခြင်းအတွက် ကုန်ကျမည့် အခကြေးငွေများအား လျှောက်ထားသူမှ ပေးဆောင်စေရမည်။

၄၃။ ဗဟိုကော်မတီသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အပင်မျိုးသစ်အား ကာကွယ်ခွင့် အခွင့်အရေးရရှိရန် လျှောက်ထားသူမှ ပေးဆောင်ရမည့် အခွန်အခများအား သတ်မှတ်ပေးရမည်။

၄၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဗဟိုကော်မတီသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

*စာမျက်နှာ (ခ) မှ*

စာချုပ်များနှင့် ပေးချေရန် ကတိပြုချက်တို့ကို ဆိုသည်။

(ည) **အစိုးရကြွေးမြီ** ဆိုသည်မှာ အစိုးရအဖွဲ့က ငွေချေးယူမှုကြောင့် ဖြစ်ပေါ်လာသည့် ငွေရေးကြေးရေးဆိုင်ရာပေးရန် တာဝန်များအားလုံးကို ဆိုသည်။

(ဋ) **ပြည်သူ့ကြွေးမြီ** ဆိုသည်မှာ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ငွေချေးယူမှုကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များ၊ နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများသို့ နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် ပေးရန်တာဝန်များအားလုံးကို ဆိုသည်။

(ဌ) **နိုင်ငံတော်၏အာမခံချက်ရှိသည့်ကြွေးမြီ** ဆိုသည်မှာ မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို နိုင်ငံတော်က ချေးငွေအတွက် အာမခံချက်များနှင့် အခြားသော အာမခံပုံစံများ ထုတ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော ငွေရေးကြေးရေးဆိုင်ရာ ပေးရန်တာဝန်များအားလုံးကို ဆိုသည်။

(ဍ) **ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု** ဆိုသည်မှာ ပြည်သူ့ကြွေးမြီနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အစိုးရငွေချေး သက်သေခံလက်မှတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီများနှင့် စပ်လျဉ်း၍သော်လည်းကောင်း ဤဥပဒေနှင့်အညီ စီမံခန့်ခွဲမှုကို ဆိုသည်။

(ဎ) **ငွေချေးယူခြင်း** ဆိုသည်မှာ အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ချေးငွေစာချုပ် ချုပ်ဆို၍ဖြစ်စေ၊ အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ဖြစ်စေ တောင်းခံလျှင် ပြန်ပေးရန် တာဝန်ရှိသည့်အစိုးရအဖွဲ့၏ အာမခံချက်များထုတ်ပေး၍ဖြစ်စေ ချေးငွေရယူခြင်းကို ဆိုသည်။

(ဏ) ***ကိုယ်စားလှယ်*** ဆိုသည်မှာ ဥပဒေအရဖြစ်စေ၊ ကိုယ်စားလှယ်လွှဲအပ်ခြင်း သဘောတူစာချုပ်အရဖြစ်စေ သတ်မှတ်ထားသောလုပ်ငန်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနကိုယ်စား တာဝန်ယူဆောင်ရွက်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် ပြည်တွင်း သို့မဟုတ် ပြည်ပမှ ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးကုမ္ပဏီကို ဆိုသည်။

(တ) **ငွေရေးကြေးရေးအဖွဲ့အစည်းများ** ဆိုသည်မှာ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေတွင် အကျုံးဝင်ပါဝင်သော အဖွဲ့အစည်းများကို ဆိုသည်။

(ထ) ***တစ်ဆင့်ခံရောင်းချသူများ*** ဆိုသည်မှာ ငွေရေးကြေးရေးဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်းတို့အား စီမံဆောင်ရွက်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အစိုးရ ငွေချေးသက်သေခံလက်မှတ်များ ရောင်းဝယ်ရေးကုမ္ပဏီများကို ဆိုသည်။

(ဒ) **ကြွေးမြီပေးဆပ်ခြင်း** ဆိုသည်မှာ ကြွေးမြီအပေါ် ပေးချေရန် စေ့ရောက်သည့် အတိုးနှင့် အရင်းအပါအဝင် ကြွေးမြီဆိုင်ရာစည်းကမ်းချက်များအရ ကျခံရမည့် ကုန်ကျစရိတ်များအတွက် ပေးချေမှုများအားလုံး ဆောင်ရွက်ခြင်းကို ဆိုသည်။

(ဓ) **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ** ဆိုသည်မှာ နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများကို ဆိုသည်။

(န) **စည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်၍ ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## အခွင့်အာဏာအပ်နှင်းခြင်းနှင့် ငွေချေးယူခြင်း

၃။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၏ ငွေချေးယူခြင်းအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဝန်ကြီးသည် နိုင်ငံတော်ကိုယ်စား ချေးငွေစာချုပ်များ ချုပ်ဆိုခြင်း၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်း သို့မဟုတ် အခြားသော ချေးငွေစာချုပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့် အစိုးရအာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့် ပြည်တွင်းမှဖြစ်စေ ပြည်ပမှဖြစ်စေ ဒေသသုံးငွေကြေးဖြင့်သော်လည်းကောင်း၊ နိုင်ငံခြားငွေကြေးဖြင့်သော်လည်းကောင်း၊ ငွေချေးယူနိုင်ရန် တစ်ဦးတည်းသော အခွင့်အာဏာရှိသူဖြစ်သည်။ ထိုသို့ချေးယူခြင်းသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေတွင် ပြဋ္ဌာန်းထားသော မည်သည့်ကန့်သတ်ချက်နှင့်မဆို ညီညွတ်မှုရှိရမည်။

၄။ ဝန်ကြီးသည် ရသုံးခန့်မှန်းခြေငွေစာရင်းပါ လျာထားချက်အတွင်း ငွေချေးယူရန်နှင့် အဆိုပါချေးငွေများ ပြန်လည်ပေးဆပ်ရေးတာဝန်တို့ကို ပြည့်မီရန် အခြား ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ယင်းဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးတစ်ဦးဦးသို့ အခွင့်အာဏာလွှဲအပ်နိုင်သည်။ ယင်းသို့ အခွင့်အာဏာလွှဲပြောင်းပေးခြင်းသည် ဝန်ကြီး၏တာဝန်ရှိမှုကို ပျက်ပြယ်ခြင်းမရှိစေရ။

၅။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီး၏ အတည်ပြုချက်ဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ တာဝန်ဝတ္တရားအချို့ကိုဆောင်ရွက်ရန် ကိုယ်စားလှယ် သဘောတူစာချုပ် ချုပ်ဆို၍ ကိုယ်စားလှယ် ခန့်အပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၆။ အစိုးရအဖွဲ့သည် နိုင်ငံတော်ကိုယ်စား အောက်ပါကိစ္စရပ်များအတွက် ငွေချေးယူနိုင်သည်-

(က) နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်း၏လိုငွေကို ဖြည့်ဆည်းရန်၊

(ခ) စီမံကိန်းများနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ရန်ပုံငွေဖြည့်ဆည်းပေးရန်၊

(ဂ) နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေစာရင်းရှိ မြီရှင်လက်ကျန်ပမာဏ (Credit Balance) ကို ဝန်ကြီးကသတ်မှတ်ထားသော ပမာဏအတွင်း ထိန်းသိမ်းထားရှိရန်၊

(ဃ) ကြွေးမြီလက်ကျန်များကို ပြန်လည်ပေးဆပ်ရန် သို့မဟုတ် ပေးချေရမည့်ရက် မတိုင်မီ ကြိုတင်ပေးဆပ်ရန်၊

(င) ဗဟိုဘဏ်ကထိန်းသိမ်းထားရှိသော နိုင်ငံခြားသုံး သီးသန့်ရန်ပုံငွေကို ပြန်လည်ဖြည့်တင်းရန်၊

(စ) အစိုးရအာမခံစာချုပ်လက်ကျန်များအရ ပေးရန်တာဝန်များကို ဖြည့်ဆည်းရန်၊

(ဆ) တိုင်းဒေသကြီးများ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသို့ ပြည်ထောင်စုလွှတ်တော်အတည်ပြုချက်နှင့်အညီ အစိုးရချေးငွေများ ပံ့ပိုးရန်၊

(ဇ) သဘာဝ သို့မဟုတ် ပတ်ဝန်းကျင်ဆိုင်ရာ ဘေးအန္တရာယ် သို့မဟုတ် အခြားသော နိုင်ငံတော်၏ မည်သည့်အရေးပေါ်အခြေအနေများကြောင့်မဆို ဖြစ်ပေါ်လာသည့် အကျိုးသက်ရောက်မှုများကို မဆိုင်းမတွ အကာအကွယ်ပေးရေး၊ လျှော့ချရေး သို့မဟုတ် တိုက်ဖျက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်၊

(ဈ) ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ပြဋ္ဌာန်းထားပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသော လိုအပ်သည့် ရန်ပုံငွေ ဖြည့်ဆည်းရန်။

၇။ ပုဒ်မ ၆ ပါ ကိစ္စရပ်များအတွက် ငွေချေးယူခြင်းနှင့်စပ်လျဉ်း၍ အောက်ပါ နည်းလမ်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရမည်-

(က) ရရှိလာသောချေးငွေကို ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေစာရင်းသို့ဖြစ်စေ ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ငွေချေးယူရန် ရည်ရွယ်၍ ဖွင့်လှစ်ထားသော ငွေစာရင်းတစ်ခုထဲသို့ဖြစ်စေ ထည့်သွင်းရမည်။

(ခ) တတိယပုဂ္ဂိုလ်အား ချေးငွေစာချုပ်နှင့်အညီသော်လည်းကောင်း၊ ၎င်းနှင့်ဆက်စပ်သော စာချုပ်နှင့်အညီသော်လည်းကောင်း၊ သဘောတူညီချက်နှင့်အညီသော်လည်းကောင်း တိုက်ရိုက်ငွေပေးချေနိုင်သည်။

၈။ အစိုးရကြွေးမြီအပေါ် မြီရှင်များ၏ ငွေတောင်းခံလာမှုကို နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဦးစားပေး ပေးရန်တာဝန်အဖြစ် ခွဲဝေလျာထားရမည်။ အဆိုပါ ငွေတောင်းခံမှုများကို ချုပ်ဆိုပြီးစာချုပ်များ၊ ပူးတွဲဘဏ္ဍာငွေဖြည့်ဆည်းခြင်းဆိုင်ရာကတိကဝတ်များ၊ ချေးငွေစာချုပ်များ၊ အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များနှင့် နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများတွင် နိုင်ငံတော်က အဖွဲ့ဝင်ထားခြင်းအတွက် လိုက်နာရမည့်တာဝန်များအပေါ် အခြေခံ၍ ဆုံးဖြတ်ရမည်။

## အခန်း ၃
## ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုရည်ရွယ်ချက်များနှင့် မဟာဗျူဟာ

၉။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု၏ ရည်ရွယ်ချက်များသည် အစိုးရ၏ ဘဏ္ဍာငွေဖြည့်ဆည်းမှုလိုအပ်ချက်များနှင့် ၎င်း၏ ငွေပေးချေရန်တာဝန်များအား ကာလလတ်မှ ကာလရှည်အထိ လက်ခံနိုင်ဖွယ်ရှိသော ဆုံးရှုံးနိုင်ခြေအဆင့်နှင့်အတူ ကုန်ကျစရိတ်အနည်းဆုံးဖြစ်စေရန်နှင့် အစိုးရငွေချေးသက်သေခံလက်မှတ်များအတွက် ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးရေးအား မြှင့်တင်ပေးရန်တို့ဖြစ်သည်။

၁၀။ ကာလလတ်ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို အနည်းဆုံး နောက်ဘဏ္ဍာရေးနှစ်(၃)နှစ် ကာလအတွက် ဝန်ကြီးက နှစ်စဉ်ပုံမှန်ရေးဆွဲ၍ အစိုးရအဖွဲ့က အတည်ပြုရမည်။

၁၁။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာသည် ပုဒ်မ ၆ တွင် ဖော်ပြထားသော ကိစ္စရပ်များအပေါ် အခြေခံရမည်ဖြစ်ပြီး အောက်ပါကိစ္စရပ်များကို ထည့်သွင်းစဉ်းစားရမည်-

(က) မက်ခရိုစီးပွားရေးမူဘောင်၊

(ခ) အစိုးရ၏ အနာဂတ်ငွေချေးယူမှုလိုအပ်ချက်၊

(ဂ) ဈေးကွက်အခြေအနေများ၊

(ဃ) မဟာဗျူဟာဖော်ထုတ်ရေးနှင့်ဆက်စပ်သည့် အခြားကိစ္စရပ်များ။

၁၂။ ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာတွင် အောက်ပါတို့ပါဝင်ရမည်-

(က) ပြည်သူ့ကြွေးမြီနှင့် ထုတ်ဝေရောင်းချမည့် အစိုးရငွေချေးသက်သေခံလက်မှတ်များ စုပေါင်းခြင်းအတွက် အဆိုပြုလမ်းညွှန်ချက်များနှင့် တိကျသောလျာထားချက်များ၊

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များဆိုင်ရာ ပြည်တွင်းဈေးကွက်ဖွံ့ဖြိုးမှုအားမြှင့်တင်ပေးရန် စီမံကိန်းရေးဆွဲထားသောလုပ်ငန်းများ၊

(ဂ) ငွေထုတ်ချေးခြင်း၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် အာမခံချက်များ ထုတ်ပေးခြင်းတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ။

၁၃။ ဝန်ကြီးက အဆိုပြုတင်သွင်းပြီး အစိုးရအဖွဲ့က အတည်ပြုသော ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာကို -

(က) လာမည့်ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ရေးဆွဲကျင့်သုံးရမည်။

(ခ) အဆိုပါ မဟာဗျူဟာကို သက်ဆိုင်ရာဘဏ္ဍာရေးနှစ် အစထက် နောက်မကျစေဘဲ ထုတ်ပြန်ကြေညာရမည်။

(ဂ) ယင်းမဟာဗျူဟာအား အတည်ပြုပြီးချိန်မှစ၍ အစိုးရငွေချေးယူမှုနှင့် အခြား ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုလုပ်ဆောင်ချက်များအားလုံးကို ယင်းမဟာဗျူဟာနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၄)
## ငွေချေးယူခြင်းနှင့် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှု

၁၄။ ပြည်တွင်းဈေးကွက်တွင် အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) မြန်မာနိုင်ငံအတွင်း အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ငွေချေးယူရန် **အစိုးရအဖွဲ့**မှ တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များ၏ အမျိုးအစားနှင့် အင်္ဂါရပ်များကို ဝန်ကြီးက ကြိုတင်ဆုံးဖြတ်ပြီးနောက် အစိုးရကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်ခြင်းသဘောတူစာချုပ်အရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ကိုယ်စားလှယ်က ထုတ်ဝေရောင်းချရမည်။

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံတင်ရောင်းချခြင်း၊ အစုစပ်ထည့်ဝင်ခြင်း (Syndication) သို့မဟုတ် ဝန်ကြီးက အတည်ပြုထားသော အခြားနည်းလမ်းဖြင့် ရောင်းချခြင်းတို့ကို သတ်မှတ်ထားသည့် စာရင်းမှတ်တမ်းသွင်းသည့် ပုံစံဖြင့်သာ ထုတ်ဝေရောင်းချရမည်။

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရောင်းချရာတွင် ဝန်ကြီးက အတည်ပြုထားသော ထုတ်ဝေမည့် အချိန်ဇယားနှင့်အညီ ပြုလုပ်ရမည်။

(င) ထုတ်ဝေမည့် အချိန်ဇယားကို ကြိုတင်ထုတ်ပြန်ရမည်ဖြစ်ပြီး ထုတ်ဝေရောင်းချမည့်နေ့ရက်၊ ငွေချေးသက်သေခံလက်မှတ် အမျိုးအစားနှင့် သက်တမ်း၊ ထုတ်ဝေရောင်းချမည့် အများဆုံးပမာဏတို့ ပါဝင်ရမည်။

၁၅။ (က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဝန်ကြီးက အတည်ပြုထားသည့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ရန်နှင့် လေလံတင်သွင်းလာသောကမ်းလှမ်းမှုများကို အစိုးရကိုယ်စား လက်ခံရန် လုပ်ပိုင်ခွင့်အာဏာရှိသည့် တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်သည်။

(ခ) အစိုးရငွေချေးသက်သေခံလက်မှတ်များကို လေလံတင်ခြင်းမဟုတ်သော အခြားနည်းဖြင့် ထုတ်ဝေရောင်းချမည်ဆိုပါက ယင်းတို့အတွက် စည်းကမ်းချက်များကို ဝန်ကြီးက ကြိုတင်၍ အတည်ပြုပေးရမည်။

၁၆။ အစိုးရငွေချေးသက်သေခံလက်မှတ်များအား ပြည်ပတွင် ထုတ်ဝေရောင်းချ၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) အစိုးရငွေချေး သက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းဖြင့် ပြည်ပမှငွေချေးယူရန် **အစိုးရအဖွဲ့**က တင်ပြလာသည့်အခါ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးရမည်။

(ခ) ဈေးကွက်၊ အစိုးရငွေချေးသက်သေခံလက်မှတ် အမျိုးအစား၊ သက်တမ်း၊ ထုတ်ဝေရောင်းချမည့် ပမာဏ၊ လက်ခံနိုင်သော ကုန်ကျစရိတ်နှင့် တစ်ဆင့်ခံရောင်းချသူများကို ခန့်အပ်ခြင်းတို့ပါဝင်သော ထုတ်ဝေရောင်းချမည့်နည်းလမ်းကို ဝန်ကြီးက အတည်ပြုပေးရမည်။

(ဂ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းအတွက် လိုအပ်သော ဘဏ္ဍာရေးနှင့် ငွေပေးချေရေးကိုယ်စားလှယ်များ၊ ဥပဒေဆိုင်ရာ ကိုယ်စားလှယ်များနှင့် အခြားကိုယ်စားလှယ်အဖွဲ့များ ခန့်အပ်ခြင်းကို ဝန်ကြီးက အတည်ပြုပေးရမည်။

(ဃ) အစိုးရငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းနှင့် စပ်လျဉ်းသောစာချုပ်များကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဝန်ကြီးက ဆောင်ရွက်ရမည်။

၁၇။ မြန်မာနိုင်ငံအတွင်း၌ဖြစ်စေ ပြည်ပ၌ဖြစ်စေ ချေးငွေစာချုပ်များချုပ်ဆို၍ ငွေချေးယူခြင်းကို ဆောင်ရွက်ရာတွင်-

(က) ပြည်ထောင်စုလွှတ်တော်သည် **အစိုးရအဖွဲ့**က ချေးငွေစာချုပ်ချုပ်ဆိုခြင်းဖြင့် ငွေချေးယူနိုင်ရန် တင်ပြလာပါက အတည်ပြုပေးရမည်။

(ခ) အစိုးရအဖွဲ့ကိုယ်စား ဝန်ကြီးသည် ချေးငွေစာချုပ်ဆွေးနွေးညှိနှိုင်းခွင့်နှင့် လက်မှတ်ရေးထိုးခွင့်တို့အား သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနနှင့် သင့်လျော်သော အရာထမ်းများသို့ တာဝန်ပေးအပ်နိုင်သည်။

(ဂ) အစိုးရနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပြည်ပအစိုးရ သို့မဟုတ် အခြားမြီရှင်တို့အကြား ချုပ်ဆိုမည့်ချေးငွေစာချုပ်သည် ၎င်း၏ချေးငွေဆိုင်ရာ စည်းကမ်းချက်များအရ **အစိုးရအဖွဲ့**က အတည်ပြုပြီးမှသာ စတင်ဆောင်ရွက်ရမည်။

(ဃ) ဝန်ကြီးသည် ချေးငွေစာချုပ်များနှင့်ဆက်စပ်သော စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်ရမည်။

၁၈။ ချေးငွေများနှင့်စပ်လျဉ်း၍ ငွေချေးပေးသူ၏ သဘောတူညီချက်နှင့်အညီ ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို ဝန်ကြီး၏ အတည်ပြုချက်ဖြင့် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) ချေးငွေကိုပေးဆပ်ရမည့် ရက်မတိုင်မီ ကြိုတင်ပေးဆပ်ခြင်း၊

(ခ) ချေးငွေစည်းကမ်းချက်များကို ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဂ) ချေးယူငွေများအား ချေးငွေပုံစံတစ်မျိုးမှ အခြားတစ်မျိုးသို့ ပြောင်းလဲခြင်း သို့မဟုတ်၊

(ဃ) ချေးငွေနှစ်ခု သို့မဟုတ် နှစ်ခုနှင့်အထက်ကို ချေးငွေတစ်ခုတည်းအဖြစ် ပေါင်းစည်းခြင်း။

၁၉။ ဝန်ကြီးသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုရည်ရွယ်ချက်များနှင့် အတည်ပြုထားသော မဟာဗျူဟာတို့နှင့်အညီ ငွေချေးယူမှုစီမံခန့်ခွဲခြင်းလုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း (၅)
## ငွေထုတ်ချေးခြင်းနှင့်ထပ်ဆင့်ငွေထုတ်ချေးခြင်း

၂၀။ ဘဏ္ဍာရေးကော်မရှင်က ခွင့်ပြုသောချေးငွေကို ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသို့ ငွေထုတ်ချေးခြင်းနှင့် စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ငွေထုတ်ချေးခြင်းတို့ပြုရာတွင်-

(က) ဝန်ကြီးသည် မိမိကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်တစ်ဦးအားဖြစ်စေ ချေးငွေနှင့် သက်ဆိုင်သောစာချုပ်ကို နိုင်ငံတော်ကိုယ်စား လက်မှတ်ရေးထိုးခြင်းပြုနိုင်သည်။

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ချေးငွေဆိုင်ရာ စည်းကမ်းချက်များ သတ်မှတ်နိုင်သည်။

၂၁။ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဤဥပဒေ၏ ပုဒ်မ ၁၇ နှင့်အညီ-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ကိုယ်စား ပြည်ပမှ ငွေချေးယူနိုင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ ထပ်ဆင့်ထုတ်ချေးနိုင်သည်။

(ခ) ယင်းထပ်ဆင့်ချေးငွေဆိုင်ရာ စည်းကမ်းချက်များအား အစိုးရအဖွဲ့၏

*စာမျက်နှာ (ဃ) သို့*

*စာမျက်နှာ (၇) မှ*

သဘောတူညီချက်ဖြင့် ဝန်ကြီးက သတ်မှတ်နိုင်သည်။

(ဂ) ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ) အရ ဝန်ကြီးသည် ထပ်ဆင့်ငွေထုတ်ချေးခြင်းနှင့် စပ်လျဉ်းသောစာချုပ်များ၊ စာရွက်စာတမ်းများကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၂။ ဤအခန်းအရ ချေးငွေကို ထုတ်ချေးခြင်းမပြုမီနှင့် ချေးငွေကို အပြည့်အဝ ပြန်လည်ပေးဆပ်ခြင်းမပြုမီကာလအတွင်း ယင်းချေးငွေကို နိုင်ငံတော်က ဆုံးရှုံးမှုမရှိစေရေးအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနက တာဝန်ယူဆန်းစစ်ရမည်။

**အခန်း (၆)**

**နိုင်ငံတော်၏ အာမခံချက်များ**

၂၃။ (က) မည်သည့်ပုဂ္ဂိုလ်၊ အဖွဲ့အစည်း သို့မဟုတ် စီမံကိန်းကိုမဆို ချေးငွေအတွက် အာမခံချက်များနှင့် အခြားသောအာမခံပုံစံများကို အစိုးရအဖွဲ့ နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် စည်းကမ်းသတ်မှတ် ချက်များနှင့်အညီ ဝန်ကြီးက ထုတ်ပေးနိုင်သည်။

(ခ) ဝန်ကြီးသည် နိုင်ငံတော်၏ အာမခံချက်နှင့်စပ်လျဉ်းသည့် သဘောတူညီချက်များကို လက်မှတ်ရေးထိုးခြင်း သို့မဟုတ် ကိုယ်စားလှယ်လွှဲအပ်၍ လက်မှတ်ရေးထိုးစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၂၄။ ဤအခန်းအရ နိုင်ငံတော်၏ အာမခံချက်ကို ထုတ်ပေးခြင်းမပြုမီနှင့် အာမခံချက် လက်ကျန်ကာလတစ်လျှောက် ထိုအာမခံချက်ထုတ်ပေးခြင်းကြောင့် အစိုးရ၏ ဆုံးရှုံးနိုင်ခြေကို ဘဏ္ဍာရေးဝန်ကြီးဌာနက ဆန်းစစ်ရမည်။ နိုင်ငံခြားငွေဖြင့် အာမခံချက်ပေးရန် လိုအပ်ပါက မြန်မာနိုင်ငံ၏ အရန်နိုင်ငံခြားငွေအပေါ် အကျိုးသက်ရောက်နိုင်ခြေရှိသောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သဘောတူညီမှုကို ရယူရမည်။

၂၅။ နိုင်ငံတော်၏အာမခံချက်ဖြင့် ချေးငွေရယူသူသည် ပြည်ထောင်စုလွှတ်တော်က သီးခြားသတ်မှတ်ချက်မရှိလျှင် အဆိုပါအာမခံအတွက် ဝန်ကြီးက သတ်မှတ်သော အာမခံကြေးကို အစိုးရထံပေးသွင်းရမည်။

၂၆။ ဝန်ကြီးသည် နိုင်ငံတော်၏ အာမခံချက်ဖြင့် ချေးငွေရယူသူထံမှ ချေးငွေ ပြန်လည်ထုတ်ယူရန် သို့မဟုတ် ငွေပေးချေမှုကို တောင်းခံရန် အခွင့်အာဏာရှိသည်-

(က) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရက ကျခံထားသည့် ငွေကြေးအားလုံး၊

(ခ) အာမခံချက်နှင့်စပ်လျဉ်း၍ အစိုးရကကျခံခဲ့သော အသုံးစရိတ်များ အားလုံး၊

(ဂ) အာမခံချက်ကို ဖြည့်ဆည်းပေးနိုင်ရန် အစိုးရက ကျခံသုံးစွဲခဲ့သည့် ငွေကြေးအားလုံးအပေါ် အတိုး။

**အခန်း (၇)**

**ပြည်ထောင်စုဝန်ကြီးဌာနများက ငွေချေးယူခြင်း**

၂၇။ ပုဒ်မ ၄ နှင့်အညီ ဝန်ကြီး၏ အခွင့်အာဏာအပ်နှင်းမှုဖြင့် ပြည်ထောင်စုဝန်ကြီးဌာနသည် မိမိအဖွဲ့အစည်းအတွက်ဖြစ်စေ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်အရ ငွေချေးယူနိုင်သည်။

၂၈။ ပြည်ထောင်စုဝန်ကြီးဌာနများသည် ချေးငွေစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ဝန်ကြီးဌာနသို့ မိတ္တူမှန်တစ်စုံပေးပို့ရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုဝန်ကြီးဌာနများမှ စာချုပ်ချုပ်ဆို၍ ငွေချေးယူမှုများအားလုံးကို ပုဒ်မ ၄၁ ပုဒ်မခွဲ (ဌ)၊ (ဏ)၊ (တ) တို့တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**အခန်း (၈)**

**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ငွေချေးယူခြင်း**

၂၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသော သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအရ ငွေချေးယူနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို ရယူရမည်။

၃၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ၎င်းတို့၏ကြွေးမြီလက်ကျန်အခြေအနေ၊ ချေးငွေအသစ်ရယူမှုအခြေအနေများကို သုံးလပတ်တစ်ကြိမ် ကုန်ဆုံးပြီးနောက် တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

**အခန်း (၉)**

**စည်ပင်သာယာရေးအဖွဲ့များက ငွေချေးယူခြင်း**

၃၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်ပင်သာယာရေးအဖွဲ့ဆိုင်ရာ အခြားဥပဒေများ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များအရ ငွေချေးယူနိုင်သည်။ စည်ပင်သာယာရေးအဖွဲ့များ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်တို့ကို ရယူရမည်။

၃၂။ စည်ပင်သာယာရေးအဖွဲ့များသည် ၎င်းတို့၏ ကြွေးမြီလက်ကျန်အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ်တစ်ကြိမ် ကုန်ဆုံးတိုင်း တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် စည်ပင်သာယာရေးအဖွဲ့များ၏ ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

**အခန်း (၁၀)**

**နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက ချေးယူခြင်း**

၃၃။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ လုပ်ငန်းများအား ဆောင်ရွက်ရန် ကိုယ်ပိုင်ရန်ပုံငွေဖြင့် မလုံလောက်ပါက မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဖွဲ့စည်းတည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များထံမှ ငွေချေးယူနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေချေးယူမှုအားလုံးသည် နှစ်စဉ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့်အညီ အကောင်အထည်ဖော်ရမည်။

(ဂ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေချေးယူမှုအားလုံးသည် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်၏ အပြီးသတ်အတည်ပြုချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ကြွေးမြီလက်ကျန် အခြေအနေနှင့် ချေးငွေအသစ်ရယူမှုအခြေအနေများကို ဘဏ္ဍာရေးနှစ် သုံးလပတ် တစ်ကြိမ် ကုန်ဆုံးတိုင်း တစ်လအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တင်ပြရမည်။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပြည်သူ့ကြွေးမြီဆိုင်ရာ အခြားသတင်းအချက်အလက်များကို ဝန်ကြီးကိုယ်စား စာဖြင့် ရေးသားတောင်းခံနိုင်သည်။

**အခန်း (၁၁)**

**စာရင်းပြုစုခြင်း၊ ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်းနှင့် အစီရင်ခံတင်ပြခြင်း**

၃၅။ ဘဏ္ဍာရေးဝန်ကြီးဌာနသည်-

(က) ပြည်သူ့ကြွေးမြီများ၊ ငွေထုတ်ချေးခြင်းများ၊ ထပ်ဆင့်ငွေထုတ်ချေးခြင်းများနှင့် နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီများနှင့် စပ်လျဉ်းသည့် ငွေပေးငွေယူဆောင်ရွက်ချက်အားလုံးကို ရသုံးခန့်မှန်းခြေငွေစာရင်းခေါင်းစဉ် အမျိုးအစားများနှင့် ငွေစာရင်းဇယားများ (Chart of Accounts) နှင့်အညီ မှတ်တမ်းတင်ထားရှိရမည်။ ပြည်သူ့ကြွေးမြီနှင့်သက်ဆိုင်သော ငွေပေးငွေယူ ဆောင်ရွက်ချက်အားလုံးအတွက် စာရင်းမှတ်တမ်းများအား သတ်မှတ်ချက်များနှင့်အညီ ဖော်ပြရမည်။

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုအတွက် ငွေစာရင်းများထိန်းသိမ်းရာတွင် အပြည်ပြည်ဆိုင်ရာငွေရေးကြေးရေးအစီရင်ခံတင်ပြမှု စံသတ်မှတ်ချက်များကို အတိအကျ လိုက်နာကျင့်သုံးရမည်။

၃၆။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ၎င်းတို့၏ ကြွေးမြီများပေးဆပ်ခြင်းနှင့် ချေးငွေထုတ်ယူသုံးစွဲခြင်းအတွက် ခန့်မှန်းပြုစု၍ ရသုံးခန့်မှန်းခြေငွေစာရင်း ညွှန်ကြားလွှာနှင့်အညီ လျာထားရမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော် သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုထားသော လျာထားချက်ရှိရမည်။

၃၇။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီပေးဆပ်မှု အသုံးစရိတ်ခန့်မှန်းခြေကို ပြင်ဆင်ပြုစုပြီး ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေတွင် ထည့်သွင်းလျာထားရမည်ဖြစ်ပြီး လွှတ်တော်က အတည်ပြုထားသော ရသုံးခန့်မှန်းခြေငွေစာရင်း လျာထားမှုတွင် မပါဝင်ခြင်း သို့မဟုတ် လုံလောက်မှုမရှိခြင်းတို့ဖြစ်ပါက နိုင်ငံတော်မှ ချေးယူငွေများနှင့် စပ်လျဉ်းသည့် အရင်း၊ အတိုးနှင့် ငွေချေးယူမှုကုန်ကျစရိတ်များကို အချိန်မီပေးဆပ်နိုင်ရေး ဆောင်ရွက်ရမည်။

၃၈။ ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် ခြောက်လထက်နောက်မကျစေဘဲ ဝန်ကြီးသည် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များနှင့် ငွေထုတ်ချေးခြင်းနှင့်စပ်လျဉ်း၍ နှစ်ပတ်လည်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။ နှစ်ပတ်လည်အစီရင်ခံစာတွင် အောက်ပါတို့ကို ထည့်သွင်းဖော်ပြရမည်-

(က) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာဆိုင်ရာ သတင်းအချက်အလက်နှင့် ၎င်း၏ရည်ရွယ်ချက်၊ ဘဏ္ဍာရေးနှစ်အတွင်း ယင်းမဟာဗျူဟာနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်အခြေအနေ၊

(ခ) ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုရည်ရွယ်ချက်များ အောင်မြင်စေရန် ဆောင်ရွက်ရာတွင် ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာ၌ပါဝင်သော သတင်းအချက်အလက်များနှင့် ကြွေးမြီစီမံခန့်ခွဲမှုဆောင်ရွက်ချက်အခြေအနေ၊

(ဂ) ဘဏ္ဍာရေးနှစ်အတွင်း ချုပ်ဆိုခဲ့သော ချေးငွေစာချုပ်အသစ်များအားလုံး၏ စည်းကမ်းသတ်မှတ်ချက်များ၊

(ဃ) အစိုးရအဖွဲ့၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးအဖွဲ့များနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများကချေးယူထားသော ကြွေးမြီလက်ကျန်စုစုပေါင်း၊

(င) ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နိုင်သည့်အခြေအနေများအရ ချေးငွေအမျိုးအစားခွဲခြားခြင်းအပါအဝင် ထုတ်ချေးငွေနှင့် ထပ်ဆင့်ချေးငွေ၏ လက်ကျန်စာရင်း၊

(စ) ငွေတောင်းဆိုလာနိုင်ခြေရှိသော အာမခံအမျိုးအစားပါဝင်သည့် နိုင်ငံတော်ကထုတ်ပေးထားသော အာမခံချက်များအားလုံးစာရင်း။

၃၉။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည်-

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ ပြည်သူ့ကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆိုင်ရာဆောင်ရွက်ချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို နှစ်စဉ် စစ်ဆေးရမည်။

(ခ) ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနှင့်အညီ စစ်ဆေးထားသည့် စာရင်းစစ် အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်များကို နိုင်ငံတော်သမ္မတသို့ တင်ပြသည်နှင့်တစ်ပြိုင်နက် ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြရမည်။

(ဂ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုလုပ်ဆောင်ချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို အနည်းဆုံး (၃)နှစ် တစ်ကြိမ် စစ်ဆေးရမည်။

**အခန်း (၁၂)**

**ဘဏ္ဍာရေးဝန်ကြီးဌာန၏တာဝန်များ**

၄၀။ ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်သူ့ကြွေးမြီ၊ နိုင်ငံတော်၏ အာမခံချက်ရှိသည့် ကြွေးမြီ စာရင်းမှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည့် ကြွေးမြီစီမံခန့်ခွဲမှုကို ဆောင်ရွက်ရန် တာဝန်ရှိသည်။

၄၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ငွေချေးယူရေးအစီအစဉ်တို့ကိုပြုစု၍ ဘဏ္ဍာရေးဝန်ကြီးဌာန အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ခ) အစိုးရကြွေးမြီနှင့်စပ်လျဉ်းသော စီမံခန့်ခွဲမှုဆောင်ရွက်ချက်များ၊ အာမခံချက်များ၊ ထုတ်ချေးငွေများနှင့်သက်ဆိုင်သည့် နှစ်ပတ်လည် အစီရင်ခံစာကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာတွင် ဖော်ပြရန်၊

(ဂ) ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့ကြွေးမြီနှင့် အများပြည်သူနှင့် သက်ဆိုင်သော အာမခံဖြင့်ရယူထားသည့် ကြွေးမြီဆိုင်ရာသတင်းအချက်အလက်များ၊ စာအုပ်စာတမ်းစာစောင်များ ထုတ်ဝေဖြန့်ချိရန်၊

(ဃ) ဤဥပဒေနှင့် ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှုမဟာဗျူဟာတို့နှင့်အညီ အစိုးရ ကြွေးမြီကို စီမံခန့်ခွဲရန်၊

(င) မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချမည့် ငွေချေးသက်သေခံလက်မှတ်များအတွက် ထုတ်ဝေရောင်းချမည့် အချိန်ဇယားကို ရေးဆွဲပြင်ဆင်ရန်၊

(စ) လေလံရလဒ်များအတည်ပြုခြင်းအပါအဝင် ငွေချေးသက်သေခံလက်မှတ်များ ထုတ်ဝေရောင်းချခြင်းကို စီမံခန့်ခွဲရန်၊

(ဆ) မြီရှင်များနှင့် ညှိနှိုင်းဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ရန်နှင့် အစိုးရ ငွေချေးယူမှုများအားလုံးအတွက် ဝန်ကြီးအား အကြံပြုရန်၊

(ဇ) အစိုးရ၏အာမခံချက်များ ထုတ်ပေးရာတွင် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးနိုင်ခြေများကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာပြုစုတင်ပြရန်၊

(ဈ) အာမခံချက်များအတွက် ဖြည့်ဆည်းပေးဆပ်နိုင်ရန် အစိုးရက ကျခံသုံးစွဲခဲ့သော အတိုးငွေနှင့် အခြားအသုံးစရိတ်များအပါအဝင် ပေးချေမှုများအားလုံးအတွက် ပြန်လည်ဖြည့်တင်းနိုင်ရေးဆောင်ရွက်ရန်၊

(ည) ထုတ်ချေးငွေများအတွက် ဆုံးရှုံးနိုင်ခြေကို ဆန်းစစ်၍ ဝန်ကြီးထံသို့ အစီရင်ခံစာ ပြုစုတင်ပြရန်၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေး အဖွဲ့အစည်းများနှင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာများပြုစုရန်နှင့် ကြွေးမြီအခြေအနေကို စောင့်ကြပ်ကြည့်ရှုရန်၊

(ဌ) ပြည်သူ့ကြွေးမြီလက်ကျန်များ၊ အာမခံချက်များနှင့် ထုတ်ချေးငွေများကို ကြွေးမြီမှတ်တမ်းတင်ခြင်းနှင့် စီမံခန့်ခွဲမှုစနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ရှင်းလင်းတိကျစွာ မှတ်တမ်းတင်ထားရှိရန် ၊

(ဍ) ပြည်သူ့ကြွေးမြီပေးဆပ်ရန်တာဝန်များအားလုံးအတွက် အကြံပြုရန်၊

(ဎ) နှစ်စဉ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ အစိတ်အပိုင်းအဖြစ် ပြည်သူ့ကြွေးမြီပေးဆပ်မှုနှင့် ချေးငွေထုတ်ယူသုံးစွဲမှုခန့်မှန်းချက်များကို ပြုစုလျာထားပေးရန်၊

(ဏ) ချေးငွေစာချုပ်များအားလုံးနှင့် ကြွေးမြီစီမံခန့်ခွဲမှု မှတ်တမ်းများအားလုံးကို လုံခြုံစိတ်ချသောနေရာတွင် စနစ်တကျသိမ်းဆည်းထားရှိရန်၊

(တ) ပြည်ထောင်စုဝန်ကြီးဌာနများမှ စာချုပ်ချုပ်ဆိုသော ချေးငွေများအားလုံးကို မှတ်တမ်းတင်ထားရှိရန်၊

(ထ) နိုင်ငံတကာငွေရေးကြေးရေးအဖွဲ့အစည်းများထံ ထည့်ဝင်ရမည့် အစုရှယ်ယာ၊ ပေးချေခြင်းနှင့် စာရင်းထားရှိရန်၊

(ဒ) အစိုးရအဖွဲ့မှ ချေးငွေထုတ်ယူသုံးစွဲမှုများကို နှစ်ဖက်သဘောတူထားသော ချေးငွေထုတ်ယူသုံးစွဲရေး အချိန်ဇယားနှင့်အညီ ကြီးကြပ်ကွပ်ကဲရန်၊

(ဓ) ကြွေးကျန်များ သို့မဟုတ် အခြားပေးရန်တာဝန်များကို စိစစ်၍ ငွေပေးချေသည့်အခါတိုင်း လိုအပ်သည့်စိစစ်မှုများ ပြုလုပ်ရန်၊

(န) ဝန်ကြီးက ပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်။

**အခန်း (၁၃)**

**တားမြစ်ချက်များ**

၄၂။ မည်သူမျှ အောက်ပါတို့ကို မပြုလုပ်ရ-

(က) ဘဏ္ဍာရေးဝန်ကြီး၏ ခွင့်ပြုချက်မရရှိဘဲ ငွေချေးယူခြင်း၊ ငွေချေးယူရန် အလို့ငှာ ညှိနှိုင်းခြင်း၊

(ခ) ပုဒ်မ ၆ တွင် ဖော်ပြထားသော ကိစ္စတစ်ရပ်ရပ်မှအပ အခြားကိစ္စရပ် အတွက် ငွေချေးယူခြင်း၊

(ဂ) ဤဥပဒေနှင့်အညီ ငွေချေးယူခြင်းအတွက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ခြင်း၊

(ဃ) ပုဒ်မ ၂၈၊ ၃၀၊ ၃၂ နှင့် ၃၄ တို့နှင့်အညီ ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပေးပို့ရမည့် သတင်းအချက်အလက်များတင်ပြရန် ပျက်ကွက်ခြင်း။

၄၃။ ပုဒ်မ ၄၂ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သူ မည်သူမဆို နိုင်ငံတော်၏ တည်ဆဲဥပဒေတစ်ရပ်ရပ်နှင့်အညီ အရေးယူခြင်းခံရမည်။

**အခန်း (၁၄)**

**အထွေထွေ**

၄၄။ ပုဒ်မ ၁၄၊ ၁၅၊ ၁၆ တို့နှင့်အညီ မြန်မာနိုင်ငံတွင် ထုတ်ဝေရောင်းချသော အစိုးရငွေချေးသက်သေခံလက်မှတ်များအားလုံးအပေါ် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအတိုင်း အခွန်ကျသင့်စေရမည်။

၄၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာနက လိုအပ်သော အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၄၆။ The Government Securities Act (INDIA ACTX, 1920, Vo1 III) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။